စာ
အုပ်
တိုက်

# ရွှေရောင်မမရဲ့ပုံတူ

မင်းသူ

နိုဂို

သွန်းဇော်ဝိုး

# နတ်သမီးစာအုပ်တိုက်

ရဲ့

အစီအစဉ် (၂)

နတ်သမီး. . . စာအုပ်တိုက်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နတ်သမီးစာအုပ်တိုက်၏ အခိုအခဉ်များ

[၃] ခေတ်ပေါ်အချစ် ခေတ်ပေါ်ကဗျာ [မောင်သာနိုး]
[၄] ချစ်သူ့ဖတ်ဖို့ အိပ်မက်များ [မင်းခိုက်စိုးစန်]
[၅] ကြယ်ကြွေကောင်းကင်ရဲ့မယ်လိုဒီ [တာရာမင်းဝေ၊ နီကိုရဲ၊ သွန်းနေစိုး

နတ်သမီး. . . စာအုပ်တိုက်

# ရွှေရောင်မမရဲ့ပုံတူ

ဝတ္ထုများစုစည်းမှု

မင်းလူ
နီကိုရဲ
သွန်းနေစိုး

နတ်သမီးစာအုပ်တိုက်
စာတိုက်သေတ္တာအမှတ် (၁၀၁၀)

နတ်သမီး. . . စာအုပ်တိုက်-

တန်ဖိုး (၂၂၅) ကျပ်

ပထအကြိမ် ရိုက်နှိပ်ခြင်း (၁၉၉၉) အုပ်ရေ (၅၀၀)၊
စာမူခွင့်ပြုချက်အမှတ် [၄၁၉/၉၉ (၅)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၃၈၄/၉၉ (၆)] တို့အရ

ဦးအောင်ကြီး (၀၉၈၆)၊ ရွှေပုရပိုက်စာပေ၊ ၅/ တင့်ဆန်းလမ်း၊
ဂွတ္တလစ် မှ ထုတ်ဝေပြီး

မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးမြသိန်း (၀၁၄၂၇)၊ ၉၆/
၁၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်ကာ၊ ကွန်ပျူတာစာစီမှာ ဝင်းသစ္စာ
အောင် ကွန်ပျူတာ ဖြစ်ပါသည်။



# မာတိကာ

| | | |
|---|---|---|
| သွန်းနေစိုး | ပုံရိပ်တစ်ခုရဲ့ပုံတူ | ၅ - ၆၅ |
| မင်းလူ | ဗဗ | ၆၉ - ၁၈၆ |
| နီကိုရဲ | ရွှေကြော်ငြာ | ၁၈၉ - ၂၄၃ |

ဤစာအုပ်ကိစ္စ အဝဝအတွက် ကူညီပေးကြသော ဆရာ နီကိုရဲ၊ ကိုကြွက်နီ၊ မအေးအေးမော် (မဝတုတ်) နှင့် မဖြူလေးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း......

နတ်သမီး. . . စာအုပ်တိုက်-

# ပုံရိပ်တစ်ခုရဲ့ ပုံတူ

သွန်းနေဝိုး

နတ်သမီး. . . စာအုပ်တိုက်

ဒါဟာ ပဟေဠိတစ်ခုကို ရှီးသားစွာ အဖြေ ရှာမိခဲ့တဲ့ ကောင်လေးတစ်ယောက်ရဲ့အကြောင်းတွေပါ။ ဒါပေမယ့် သူမသိတာက...

နတ်သမီး. . . စာအုပ်တိုက်

တပ်မက်မြတ်နိုး၊ ရည်ကိုးမျှော်လင့်

စိတ်ဖြင့် အိပ်မက်၊ ဖွဲ့ဆက်တည်ထား

မြူသားနန်းပြင်၊ သူ့အားတင်မြှောက်

ငဲ့ထောက်ညှာပါ ဓါပန်ကြား

နှလုံးသားတွင်...

နတ်သမီး. . . စာအုပ်တိုက်

(၁)

သူ့မျက်လုံးတွေကို ကျွန်တော် ရင်မဆိုင်ရဲဘူး။ ဖျပ်ကနဲ သူ လှည့်ကြည့်လိုက်တိုင်း ဂနာမငြိမ် ဖြစ်ဖြစ်သွားတတ်တာဟာ တစ်ခါတလေ စာထဲ စိတ်ပြန်သွင်းလို့ မရအောင်ပါပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ နားလည်တတ်တဲ့လူဖြစ်ရင် သိပ်ကောင်းမှာ။

သူ့ အကြည့်တွေကို ကျွန်တော်ဘာသာ ပြန်တတ်ချင်တယ်။ ပြီးတော့ သူ ကျွန်တော့်ကိုကြည့်ရင် ပျော်တယ်။ နောက်ပြီး… ကြောက်တယ်။

သူ ကျွန်တော့်ကို ကြည့်ကြည့်နေမှန်း စသိတာဟာ သိပ်မကြာသေး ဘူး။ အရင်ကဆို ကျွန်တော်က ရှေ့မှာ ဆရာသင်နေသမျှကို အသည်းအသန် လိုက်မှတ်နေတော့ ဘာကိုမှ သတိမထားမိခဲ့ဘူး။ အဲဒီတစ်နေ့ကတော့ ကျွန်တော် နေလို့ သိပ်မကောင်းတာနဲ့ ဘေးဘီကို စိတ်လွင့်နေမိခဲ့တယ်။ အဲဒီတုန်းမှာ ကျွန်တော် သူ့မျက်လုံးတွေနဲ့ ရင်ဆိုင်ရတာပါပဲ။

သိပ်တောက်ပတဲ့ မျက်လုံးတွေ ကျွန်တော့်ဆီ စူးစိုက်ကြည့်နေတာကို မြင်တဲ့အခါ ချက်ချင်းပဲ ကျွန်တော် ခေါင်းငုံ့သွားခဲ့မိတယ်။ ခေါင်းပြန်မော့မိတဲ့အခါမှာ သူကြည့်မနေတော့ဘူး။ ဒါပေမယ့် ခဏပါပဲ။ ခဏကြာတဲ့အခါ





သူ့အကြည့်တွေဟာ ကျွန်တော့်ဆီ လွင့်ဝဲရောက်လာပြန်တယ်။

ပထမတော့ ကျွန်တော် မသေချာချင်သေးဘူး။ နောက်ပိုင်း အကြိမ်တွေ များလာတော့မှ အံ့သြ စိတ်နဲ့အတူ နားလည်လာရတယ်။ အဲဒီအခါကျတော့ စိတ်ထဲမှာတစ်မျိုးပဲ။ သူ့လိုလှတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြည့်ကို ခံယူရရှိတဲ့ ဘယ် ကောင်လေးမဆို ကျွန်တော့်အတိုင်း ဖြစ်ကြမှာပါပဲ။

ဒါတောင် အဲဒီ အကြည့်တွေရရှိကာစမှာ ကျွန်တော့် စိတ်က ဘယ်လိုမှ မခံယူမိဖို့ ကြိုးစားခဲ့သေးတယ်။ ကျောင်းစာကလွဲရင် ဘာကိုမှ မဝင်စားချင်တဲ့ စိတ်နဲ့ ကျွန်တော့် ရင်ခုန်သံတို့ဟာ ညင်ညင်သာသာ အားပြိုင်နေခဲ့သေးတယ်။ နောက်ဆုံးမှာ ဘာက အနိုင်ရသွားသလဲ။ ကျွန်တော် ဘာကို အနိုင်ပေးလိုက်မိလဲတော့ မသိပါဘူး။ သူ ကြည့်လိုက်တိုင်း ကျွန်တော့်

ရင်တွေ အမြဲ လှပ်ခနဲ ဖြစ်ဖြစ်နေခဲ့ရတော့တာပါပဲ။

ဘာကြောင့်များ သူ ကျွန်တော့်ကို ကြည့်သလဲ။ အဲဒါက တော့ ကျွန်တော့်အတွက် သိပ်လှပတဲ့ မေးခွန်းတစ်ခုပါပဲ။ အဲ့ဒီ မေးခွန်းရဲ့ ရလာဒ်ကို စဉ်းစားလိုက်တိုင်း ကျွန်တော့် အနားမှာ အပြာရောင်ရနံ့တွေ ဝေလာတယ်။ ဒါဟာ ဘုရားပေးတဲ့ လက်ဆောင်လေလား။

တစ်ချက် တစ်ချက် သူကြည့်လိုက်တဲ့အခါ ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးလာတယ်။ သူ ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေရင်တော့ ဘယ်လိုမှ တည်တည် ငြိမ်ငြိမ် မနေတတ်တော့ဘူး။ ခေါင်းကိုသာ တွင်တွင်ငုံ့ထား မိတော့တယ်။ တဖြည်းဖြည်းနေ့တွေ များလာတဲ့အခါမှာတော့ ကျွန်တော်ဟာ အကြည့်ခံနေရုံနဲ့တင် မကတော့ပါဘူး။ တစ်ခါတလေလည်း သူ့ကို ပြန်ပြီး ခိုးခိုးကြည့်မိတယ်။





ဘေးက လူတွေ မသိအောင် သူကိုယ်တိုင်လည်း မသိအောင် ပေါ့။

သူ့နာမည်ကိုတော့ ကျွန်တော် တော်တော်ကြာ တဲ့အထိ မသိသေးပါဘူး။ တခြားလည်း သူနဲ့ ပတ် သက်ရင် ကျွန်တော် လုံးဝနီးပါးကို မသိဘူး။ သူက လှတယ်။ စာတော့ သိပ်မတော် ဘူး။ ဒါပဲ ကျွန်တော် သိတယ်။

နောက်တော့ ကျွန်တော် သူ့နာမည်ကို စသိခဲ့ရတယ်။ နည်းနည်းတော့ ရယ်စရာကောင်းတဲ့ အဖြစ်နဲ့ပါ။ မမြင့်ဝင်း ဆိုတဲ့ သူ့နာမည်ကို ကြားရတဲ့အခါ စိတ်ထဲ သိပ်ဘဝင်မကျ ဖြစ်သွားတယ်။ ဟင်၊ နာမည်ကြီးက သူ့ရုပ်သွင်လေးနဲ့ မအပ် စပ်လိုက်တာလို့လည်း ထင်တယ်။ ဒါပေမယ့် ကျွန်တော်က ဘာတတ်နိုင်မှာလဲ။ သူ့နာမည်က အဲဒီလိုဆိုတော့လည်း အဲ့ဒီလိုပဲပေ့ါ။ ကျွန်တော် သဘောတော့ကျပါတယ်။ တခြား

လည်း သူဟာ ဘာနာမည်ပဲ ဖြစ်နေနေ ကျွန်တော် သဘောကျမှာပါပဲ။

ဒါပေမယ့် နောက်တော့မှ ကျွန်တော် သိတာ မှားမှန်းသိတယ်။ သူ့နာမည်က အဲဒါ မဟုတ်ဘူးတဲ့။ အမှန်တော့ သူ့နာမည်ကို ကျွန်တော် အအေးဆိုင်မှာ ကြားမိတာ။ အဲ့ဒီတုန်းက သူတို့တွေက တစ်ဖက်စားပွဲက ကျွန်တော်က သူတို့ဘက် ကျောပေးရက်သားနဲ့ တစ်ယောက်တည်း တစ်ဖက်ဝိုင်းက။

သူ့ကို စိတ်ဝင်စားမိကတည်းက ကျွန်တော်ဟာ သူ့နားမှာ နေချင်လာတတ်တယ်။ အဲဒီနေ့တုန်းကလည်း အဲဒီလိုပါပဲ။ ကျွန်တော် သူ့နားလေးမှာနေ၊ သူမသိအောင် သူပြောနေတဲ့ စကားသံလေးတွေကို နားထောင်၊ ပြီးရင် သူ့ဘက်တော့ လှည့်မကြည့်ဝံ့ဘဲ သူ ငါ့ကို ကြည့်နေမှာပါလားဆိုတဲ့ အသိနဲ့





ကြည်နူးနေရတာပေါ့။

အဲဒီတုန်းမှာ သူတို့ဝိုင်းက ကောင်မလေးတွေ ဆီက မမြင့်ဝင်းဆိုတဲ့ ခေါ်ခေါ်ပြီး ပြောတဲ့ အသံကို ခဏခဏ ကြားရတယ်။ နောက်ပြီး သူကလည်း စကားတွေ တုန့်ပြန်နေတော့ သူ့ကိုပဲ မမြင့်ဝင်းလို့ ထင်မိတာပေါ့။ တော်တော်တော့ ရယ်ရတာပဲ။ တကယ်တမ်းမှာ သူ့နာမည်က မိုးပွင့်ဖြူတဲ့။

စာသင်ချိန် ကျွန်တော့်ဘေးမှာ ထိုင်တဲ့ ကောင်လေး ပြောမှပဲ ကျွန်တော် အမှန်ကို သိတယ်။ မိုးပွင့်ဖြူတဲ့။ သူ့နာမည်လေးကို ခပ်တိုးတိုး နောက် တစ်ခေါက် ထပ်ရွတ်လိုက်မိတယ်။ ဟုတ်တယ်။ ဒါကမှ သူ့နာမည်ပဲ။ သူ့မျက်နှာလေးနဲ့လည်း ဟပ်မိတယ်။ ခဏတာ ရွတ်ဆိုမိတဲ့ သူ့နာမည်ဆီက တောင် နွေးထွေးမှုတွေ ကျွန်တော့်ရင်ကို စီးဝင်လာစေပါတယ်။

သူနဲ့ပတ်သက်လို့ တစ်ခုတည်းသော ကျွန်တော် ပြောင်ပြောင်တင်းတင်း ကြည့်ရဲတာကတော့ သူ့ခြေချောင်းလေးတွေပါပဲ။ ပြင်းထန်နေတဲ့ရင်နဲ့ သူ့ရှေ့က ခေါင်းငုံ့ပြီး ကျွန်တော် ဖြတ်သွားတိုင်းမှာ သူ့ခြေချောင်းလေးတွေကိုသာ ကျွန်တော် ကြည့်ဝံ့ခဲ့တယ်။ ရှင်းသန့် ဖောင်းအိနေတဲ့ သူ့ခြေထောက်ကလေးဟာလည်း လှတာပါပဲ။ သူနဲ့ ပတ်သက်သမျှဟာ အကုန်လှတယ်။ ပြီးတော့ ခံစားရတဲ့ ကျွန်တော့်ရင်မှာ အကုန်ဟာ ချိုသာတယ်။

အချစ်ဆိုတာကို ကျွန်တော် လှလှပပ စတွေးမိခဲ့တာလည်း သူနဲ့ကျမှပါပဲ။ ဒါပေမယ့် သူ့ကို ချစ်နေမှန်း မသိခင်ကတည်းက သူဟာ ကျွန်တော့်ရင်ထဲ မှာ အချိန်ပြည့် နေရာယူပြီးခဲ့ပါပြီ။ တမ်းတတတ်တဲ့ ရင်နဲ့ချိုမြတဲ့ အာရုံကို ပြန်အမှတ်ရတိုင်းမှာ ကျွန်တော် အမှတ်သညာအားလုံးတို့ ပိုင်ရှင်ဟာ ဝေ့ကြည့်တတ်တဲ့ အကြည့်တွေရဲ့ သူပေါ့။





သူရှိတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်ခွင့်ရတဲ့အတွက် ကျွန်တော် ကျေနပ်တယ်။ အမြဲတမ်းလိုလို သူ ကြည့်တဲ့ အကြည့်တွေအတွက် ကျွန်တော် ပျော်ပါတယ်။ သူဟာ ကျွန်တော့်အာရုံထဲက မြားနဲ့ခွင်းဖို့ မဟုတ်တဲ့ ပစ်မှတ်လေးပေါ့။ သူ့ကို ကျွန်တော်စိတ်ထဲမှာ ဘယ်လောက်ပဲ ရင်းနှီးနေနေ ပြင်ပမှာတော့ ကျွန်တော် မဆက်ဆံရဲသေးဘူး။ အဲဒါကြောင့်မို့လည်း သူ့အကြည့်တွေနဲ့ သူဟာ ကျွန်တော့်အတွက် လျှို့ဝှက်သော အဖြေတစ်ခုအနေနဲ့ ဆက်ပြီး ရှိနေဆဲပါ။ အဲဒီအဖြေကို လှစ်ပစ်လိုက် ရင်ဆိုတဲ့ စိတ်ကူးဟာ မှန်းများသွားရင်ဆိုတဲ့ စိုးရိမ်မှုမှာ အခါခါ ကျေပျက်သွားခဲ့ရပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်ဟာ လှိုင်းတွေလိုပါပဲ၊ ဖြစ်နေခဲ့ရတယ်။ မာန်ဟုန်တွေ ဘယ်လောက်ပြင်းပြင်း ကမ်းခြေနားရောက်ရင် သေးငယ်ကျေပျက်သွားရမြဲ ဖြစ်တဲ့ လှိုင်းတွေပေါ့။ အဲဒီလိုအချိန်မှာ ကျွန်တော့်ရဲ့ စိတ်ဓာတ်ကို မီးညှိသလို

ခြစ်ခတ်လိုက်တာကတော့ 'ညီခ' ဆိုတဲ့ ကျွန်တော်တို့ အတန်း ထဲက ကောင်လေးပါပဲ။



ကြယ်ငင်ဂါနှစ်ပွဲ့

မက်မောရဲ့လေ

အမြှေရှာကြွက်

ဝေခွဲခက်နေ

(၂)

မနာလိုတယ်လို့ပဲ ပြောရမလား မသိဘူး။ ကျွန်တော့် ရင်ထဲမှာ စနိုးစနောင့် ဖြစ်သွားရတာကတော့ အမှန်ပါ။ ကိုယ်မက်နေတဲ့ အိပ်မက်မျိုးကို တခြားလူတစ်ယောက်က သူလည်း မက်နေပါတယ်လို့ ပြောလာတဲ့အခါမို့ ရင်ထဲမှာ ဘာတစ်မျိုးတမည်တော့ ခံစားလိုက်ရတယ်။ အထူးသဖြင့် အဲဒီ





အိပ်မက်လေးက ကိုယ်သိပ်မြတ်နိုးတဲ့ အိပ်မက်လေး ဖြစ်နေလို့ ပေါ့။

ညီခက သူလည်း မိုးပွင့်ဖြူကို ချစ်နေပါသတဲ့။

သတင်းစကားကို ကြားလိုက်မိပြီးမှ ကျွန်တော့်မှာ မကြားသိတတ်တဲ့ နားတစ်စုံရှိရင် သိပ်ကောင်းမှာလို့ ထင် တယ်။ ကျွန်တော် ပြုံးရမှာလား၊ မဲ့လိုက်ရမလား မသဲကွဲဘူး။ အခွင့်သာရှိမယ်ဆိုရင်တော့ ကျွန်တော် သူ့ကို တားလိုက် ချင်ပါတယ်။ မိုးပွင့်ဖြူ ဆိုတဲ့ အိပ်မက်လေးကို ကျွန်တော် တစ်ယောက်တည်း မက်ပါရစေပေါ့။ ဒါပေမယ့်....

ရင်ထဲမှာ ကျဉ်ကျဉ်မြေ့မြေ့ ဝမ်းနည်းလာတယ်။ သိပ်လှပနှစ်လိုဖွယ် အာရုံတစ်ခုကို ကျွန်တော် လက်လွှတ် လိုက်ရတော့မှာလား။ နာကျင်ခြင်းနဲ့ အရှုံးဟာ မှောင်ရီရီ အဝေးတစ်နေရာကနေ ကျွန်တော့်ကို လက်ယပ်ခေါ်နေပြန်

ပါတယ်။ ဟင့်အင်း၊ မလာဘူး၊ မပေးဘူး။ နားနှစ်ဖက်ကို ကျွန်တော် ပိတ်ထားလိုက်ပေမယ့် အသံတွေလိုလို ကြားနေရဆဲ။ သန်းခေါင်ကျော်သွားပေမယ့် မိုးမလင်းနိုင်တဲ့ ညတွေနဲ့၊ ကျွန်တော်မှာ....



ကြွေဝေစိတ်ထဲ

စိမ်းမှာလဲနိုး

နိုးပြီး ချစ်ဆဲ

ရုံ့ထိတ်ဆဲပေါ့။

နတ်သမီး. . . စာအုပ်တိုက်

## (၃)

ခြေလှမ်းတွေရဲ့ အစိပ်အကျဲကိုသာ အသိမဲ့ လိုက်လံတွက်ချက်နေမိတယ်။ ကျွန်တော့်ရဲ့ဦးတည်ချက်ဟာ ဘာလဲ။ ခဏခဏ ကိုယ့်ကိုယ်ကို အသိပေးနေပေမယ့် သူ့နောက်ကသာ ငြိမ်သက်စွာ လျှောက်လိုက်နေမိတယ်။

သူ့နားကို တိုးကပ်သွားဖို့၊ သူ့ကို စကား တစ်ခွန်းတလေ စတင်ဖို့ဆိုတာကတော့ ကျွန်တော့်ရဲ့ဝံ့မှုတွေနဲ့ သိပ်ဝေးကွာလွန်းပါတယ်။ သူနား နီးနီးကပ်ကပ်မှာ နေချင်ပေမယ့် ကျွန်တော် လိုက်လာတာကိုလည်း သူမသိစေချင်ပြန်ဘူး။ တကယ်လို့သာ ကျွန်တော့်မှာ ကိုယ်ဖျောက်နိုင်တဲ့ အစွမ်းတွေရှိရင်တော့ သိပ်ကောင်းမယ်။ သူကိုယ်တိုင် မသိဘဲ၊ ဘယ်သူမှလဲ မသိဘဲနဲ့ ကျွန်တော် သူ့နားနီးနီးမှာ နေနိုင်ပါလိမ့်မယ်။

ခုတော့ ကျွန်တော့်မှာ နောက်ကသာ လိုက်နေရင်း





သားက ရင်တွေ လှို့လှို့ဝှက်ဝှက် အခုန်မြန်နေရပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲ၊ စဉ်းစားရင်းနဲ့ပဲ ခရီးတာတွေသာ ရှည်လျားခဲ့ရပါတယ်။

ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံး အခွင့်အရေးလည်း ဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော့်ထက် ပိုသွက်တဲ့ ညီခဟာ သူနဲ့၊ ကျွန်တော့်ထက် ပိုပတ်သက်ခွင့်ကို အလွယ်တကူ ရသွားနိုင်ပါတယ်။ အဲ့ဒီ စိုးရိမ်စိတ်တွေနဲ့ သူ့နောက်က လိုက်ဖြစ်ခဲ့ပေမယ့် ကျွန်တော် ဘာကိုမှတော့ အကောင်အထည် မဖော်ဖြစ်ခဲ့ဘူး။

သူနဲ့ ကျွန်တော်ဟာ ဝေးလံမှုန်သီတဲ့ ကမ်းပါးစွန်းတစ်ဖက်စီမှာ ရပ်နေရသလိုပဲ။ အဝေးမှာ သူရှိနေတာ မြင်ပေမယ့် အနားကို တိုးမသွားရဲ၊ ရှည်လျားတဲ့ ချောက်ကမ်းပါးကြီးက တားနေတယ်။ ကယ်သူမဲ့လို့ သူ့ဘက်ကြည့်တဲ့အခါကျ

တော့လည်း လက်ယပ်ခေါ်နေသလိုပါပဲ။ ဒါပေမယ့် ဝေးကွာလွန်းတော့ မသဲကွဲဘူး။ ကျွန်တော်ဟာ မြူသားအထုကိုတောင်မှ ထွင်းဖောက်မမြင်နိုင်သူပါ။

အဲဒီအချိန်မှာပဲ တစ်ယောက်က သူ့ဆီ ချဉ်းကပ်သွားတာ မြင်တယ်။ အဲဒါဟာ ညီခပေါ့။

လက်လွှတ်ဆုံးရှုံးရမှာစိုးလို့ သူ့ကို အခုလို ဦးထားဖို့ ကြိုးစားပေမယ့် ခုလိုပဲ ကွယ်ရာအဝေးကသာ လျှောက်လိုက်နေမိတော့တယ်။ ဘယ်လိုစကားမျိုးနဲ့၊ ဘယ်လို အပြုအမူမျိုးနဲ့ သူ့ဆီ ချဉ်းကပ်ရမလဲ ဆိုတာ မသိဘူး။ မတွေ့ကြုံဖူးတဲ့ ကိစ္စမို့ ဘယ်လို ဆုံးဖြတ်ရမလဲဆိုတာလဲ မယဉ်ပါးဘူး။

မရဲဝံ့ပေမယ့် မြတ်နိုးစိတ်ရှိလွန်းတဲ့အတွက် ကျွန်တော် နောက်ကပဲ ဆက်လိုက်နေဖြစ်ပါတယ်။ အရှုံးမခံချင်ပေမယ့် အနိုင်ရဖို့လည်း မစွမ်းနိုင်တဲ့အတွက် ကျွန်တော် ဒီအတိုင်းပဲ





နေလိုက်တော့တယ်။ ဘာလုပ်ရမှန်းမသိတဲ့အခါမို့ အစွမ်းမဲ့သူတွေ ပြုမြဲအတိုင်း ကံကြမ္မာကိုသာ ပုံကိုး စောင့်မျှော်ထားလိုက်မိပါတော့တယ်။

(၄)

ဉ်မပေ့။

ရှိုးရမှာစိုးလို့ သူ့ကို အ

ဲ ကွယ်ရာအဝေးကာ

ချဉ်ဉ်ိစကားမျိုးနဲ့၊ ဘာ....





## (၄)

သူ့ကို ညီခ ပထမဦးဆုံး အကြိမ် စလိုက်တဲ့နေ့ဟာ သူနဲ့ ပတ်သက်လို့ ကျွန်တော် ပထမဆုံးအကြိမ် မပျော်ရွှင်ခဲ့ရတဲ့နေ့ပါပဲ။ စိတ်ထင်လို့ပဲ လားတော့ မသိပါဘူး။ အဲဒီနေ့မှာ ကျွန်တော့်ဆီ သူ့အကြည့်တွေဟာ ပါးလျနေခဲ့တယ်။ အတန်း

ဆင်းချိန်ကျတော့ ညီခ သူ့နောက်က လိုက်သွားတာ မြင်ရပါတယ်။

မရည်ရွယ်ပါဘဲနဲ့ သူတို့နောက် ခပ်လှမ်းလှမ်းကနေ ကျွန်တော် လိုက်ကြည့်မိတယ်။ သူက တစ်ယောက်တည်း ခပ်သွက်သွက်နဲ့ ရှေ့ဆုံးက။ ညီခနဲ့ သူ့ရဲ့ အရပ်ရှည်ရှည် သူငယ်ချင်းက နောက်က။ ကျွန်တော်ကတော့ လှိုလှို ပုန်းပန်းနဲ့ နောက်ဆုံးကပေါ့။

လမ်းနည်းနည်းလောက် သွားမိတဲ့အခါ ညီခ သူ့အနား ကပ်သွားတာ မြင်တယ်။ ကျွန်တော့်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားတယ်။ သိမ်ငယ်တဲ့စိတ်ဟာ တရိပ်ရိပ် သွေးကြောတွေထဲကို တက်လာပါတယ်။ ညီခ သူ့ကို ဘာတွေပြောနေတယ် မသိဘူး။ အဲဒီအချိန်မှာ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်ဟာ တစ်လောကလုံးမှာ စိတ်အပုတ်ဆုံး လူသား





တစ်ယောက် ဖြစ်သွားပါတော့တယ်။ သူ ညီခကို လက်ခံ စကားမပြောစေချင်ဘူး။ တတ်နိုင်ရင် ပါးတွေဘာတွေ ရိုက် ထုတ်လိုက်ဖို့ကိုတောင် ထိန်းနေတဲ့ကြားကနေ တွေးဖြစ် သွားမိပါသေးတယ်။

နေရာချင်းက လှမ်းနေတဲ့အတွက် သူတို့တွေ ဘယ်လို ဖြစ်နေတယ် ဆိုတာကိုတော့ ကျွန်တော် မမြင်ရဘူး။ ဒါပေ မယ့် ညီခ သူ့နားကပ်ပြီး လမ်းလျှောက်နေတာ ကြာသွားတဲ့ အခါ ကျွန်တော့်စိတ်တွေ ပူလာတယ်။ ရင်ထဲမှာ အားကုန် မောပန်းလာသလိုလိုနဲ့ တစ်မျိုးပဲ။

ဓားသွားရှေ့ရောက်နေတဲ့ အပြစ်ရှိသူလို ကျွန်တော့် နှလုံးသားဟာ ကြောက်ဒူးတွေ တုန်နေတယ်။ မျက်စိရှေ့က ကတ္တရာလမ်းမဟာ တဖြည်းဖြည်း အရည်ပျော်ကျလာနေ သလိုပဲ။ လူတွေရယ်၊ ကားတွေရယ် ဘေးနားက တိုက်တာ

အဆောက်အဦတွေရယ်ဟာ ကျွန်တော့်ရှိရာဘက်ဆီ တရွေ့ရွေ့ အိကျလာသလို ထင်မိတယ်။

ဆုံးရှုံးခဲ့ရပြီးလား။ ဆုံးရှုံးခဲ့ရပြီးလား။ ဘယ်သူမှ မကြားတဲ့အသံနဲ့ အခါခါ အော်ရင်း သူ့အကြည့်တွေကိုသာ ပြင်းပြင်းပြပြ သတိရလာခဲ့တယ်။ သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်တစ်စုံတရာကို ပြန်မြင်တယ်။ သူဟာ ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်လို့ အဲ့ဒီမျက်ဝန်းတွေက ပြောနေသလိုပဲ။ ဒါပေမယ့် အဲဒါကရော ဘာများတတ်နိုင်မှာလဲ။ တကယ်တမ်းမှာ၊ လက်တွေ့မှာ ဆောင်းတွင်းအိပ်မက် မက်သူဟာ အောင်နိုင်သူဖြစ်မလာနိုင်ပါဘူး။ နားလည်ခဲ့ပေမယ့် အစွမ်းမဲ့ခဲ့ခြင်းဟာ ကျွန်တော့် အပြစ်တွေပါပဲ။

ညီခ စကားလိုက်ပြောနေတာကို မျက်စိတဆုံး ငေးရင်း လျှောက်လက်စ တစ်နေရာမှာပဲ ကျွန်တော် ရပ်ကျန်ရစ်တယ်။





လွယ်အိတ်ကို လက်နဲ့တင်းတင်းဆုပ်ရင်း လောကကြီးကြေကွဲနေတာကို ခံစားလိုက်ရတယ်။ ကိုယ့်စိတ် ကိုယ်တင်းထားတဲ့အတွက် ကျွန်တော်ကတော့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် လောကကြီးကတော့ ကြေကွဲနေတယ်။ အဲဒါကို ကျွန်တော်သိတယ်။ နောက်ပြီး....သူ..... ငိုလည်း ငိုနေတယ်။

ဂုဏ်ရှင် မိန်းမှူး

ရှယ်ရှူးတာ့သိဂျာ

သူ့မျက်နှာထက်

ဝက်ပေးကြ့သိဂုဏ်း





(၅)

ကြောက်စရာတွေ တွေ့လာတဲ့အခါ ခိုးကိုးရာ ရှာတတ်တာဟာ လူသားတွေရဲ့ညာဉ်ပဲတဲ့။ ကျွန်တော် သူ့အကြည့်တွေကိုပဲ မျှော်လင့်ချက်ထားနေမိပါတယ်။ တစ်ချက် တစ်ချက် ကျွန်တော့်ဘက် သူကြည့်လိုက်တဲ့အခါ ကျွန်တော့် ခံစားချက်တွေထဲက မီးပွင့်တွေ တဖျပ်ဖျပ် ထလင်းတယ်။ အခန့်

မသင့်နေတဲ့အတွက် ကျွန်တော်တို့ အကြည့်တွေချင်းတော့ မဆုံမိကြဘူး။

သူ ကြည့်တဲ့အခါ ကျွန်တော်က ခေါင်းငုံ့နေတာမျိုး၊ စာကို အာရုံစိုက်နေမိတာမျိုးနဲ့ ကျွန်တော် ကြည့်တဲ့အခါကျ သူ လှည့်မကြည့်တာမျိုး ဖြစ်ဖြစ်နေတတ်ပါတယ်။ အဲ့ဒီ သူ့အကြည့်တွေကြောင့်ပဲ သူ့နောက်ကို ကျွန်တော် လိုက်မိနေဆဲ။ ညီခ စကားလိုက်ပြောတဲ့ နေ့တွေမှာပေါ့။ လက်လွတ်ဆုံးရှုံးရ မှာကို တွေးရင်း ကြောက်ပေမယ့် အရှုံးဟာ လုံးလုံးလျားလျားတော့ မဟုတ်လောက်သေးဘူးလို့ ဖြေတွေးမိပြန်ပါတယ်။

အခုချိန်ထိ ကျွန်တော် မြင်သလောက်တော့ သူဟာ ညီခကို စကားတွေ ဟက်ဟက်ပက်ပက် ပြန်မပြောသေးပါဘူး။ အဲဒီလိုနဲ့ အဲဒီရက်ပိုင်းတွေဟာ ညီခက သူ့ကိုလိုက်၊ ကျွန်တော်က ခပ်ဝေးဝေးကနေ နှစ်ယောက်လုံးကို လိုက်နဲ့





လုံးချာလည် နေခဲ့ပါတယ်။

ဒါပေမယ့် အဖြစ်အပျက်ဟာ အဲ့ဒီမှာတင် ရပ်မနေဘဲ ပြောင်းလဲခဲ့တယ်။ ကျွန်တော် စိတ်တွေ အရမ်း လှုပ်ရှားရတဲ့ အပြောင်းအလဲကာလကြီး တစ်ခုကို တွေ့ကြုံ လွန်မြောက်ခဲ့ရပါတယ်။ အဲဒါဟာ ညီခ သူ့သူငယ်ချင်းကိုပါ ခေါ်လာပြီး စကားလိုက်ပြောရာက စခဲ့တာပါပဲ။

အမြဲတစ်ယောက်တည်း ပြန်လေ့ရှိတဲ့ မိုးပွင့်ဖြူဟာ အဲ့ဒီနေ့ကျမှ အဖော် သူငယ်ချင်းတစ်ယောက်နဲ့အတူ ပြန်ခဲ့တယ်။ အဲဒီ သူငယ်ချင်းဟာ ညီခရဲ့ သူငယ်ချင်းနဲ့လည်း သူငယ်ချင်းတွေ ဖြစ်နေပါသတဲ့။ တွေ့တွေ့ချင်းပဲ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ပြုံးပြကြတယ်။ ပြီးတော့ ညီခနဲ့ မိုးပွင့်ဖြူကိုပါ အပြန်အလှန် မိတ်ဆက်ပေးကြပါတယ်။

"ဒါဟာ ငါ့သူငယ်ချင်း၊ အေး ဒါကလည်း ငါ့သူငယ်ချင်း"

"မိုးပွင့်ဖြူတဲ့၊ ညီခတဲ့" ဆိုတဲ့ စကားတွေကို ကြားတဲ့အခါ ညီခဟာ ကျွန်တော့်ထက် အားသာမှုတစ်ခု ရသွားပြီလို့ သိတယ်။ သိပ်မကြာခင်ပဲ သူတို့ သူငယ်ချင်းတွေအဖြစ် မိတ်ဆက်ပေးရင်းကနေ ညီခနဲ့ မိုးပွင့်ဖြူကို မိတ်ဆက်ပေးခဲ့တဲ့ဆီ ရောက်ပါတယ်။

ကျွန်တော်သာ တစ်ယောက်တည်းနဲ့ အဲဒီ အနားက အဝေးမှာ အဖော်မဲ့နေခဲ့တယ်။ ကျွန်တော့်မှာတော့ အဲလို ကူညီဖို့ရာ ခင်တဲ့ သူငယ်ချင်း မရှိ တဲ့အတွက်၊ ကံတရားက မျက်နှာသာ မပေးတဲ့အတွက် လောကကြီးကိုပဲ အပြစ်တွေ တင်ရမလို လိုပါ။ ယဉ်ကျေးမှုအရ မိုးပွင့်ဖြူဟာ ညီခကို အသိအမှတ်ပြုတယ်။ တစ်ယောက်ကို တစ်ယောက် ပြုံးပြပြီး သူတို့ စကားတွေ ပြောကြတယ်။





ကျွန်တော် အဝေးကနေ ဘာဆက်လုပ်ရမလဲ မသဲကွဲဘူး။ အဲဒီအချိန်မှာတော့ ကျွန်တော် လိုက်နေတာကို မိုးပွင့်ဖြူလည်း သိသွားစေချင်မိပါတယ်။ လောကမှာ သူ့ကို အာရုံစိုက်နေသူဟာ ကျွန်တော်လည်း ရှိနေသေးပါလား ဆိုတဲ့ အကြောင်းနဲ့ သူ့ အကြည့်တွေထဲက အဖြေကို ကျွန်တော့်ဆီ ချက်ချင်း ပေးလိုက်စေချင်တယ်။

ဒါပေမယ့် ကျွန်တော့်ခြေလှမ်းတွေကတော့ အဲဒီဆန္ဒနဲ့ ဆန့်ကျင်ဘက်ပါ။ နောက် ပြန်လှည့်သွားတော့မလိုလို ဖြစ်နေစဉ်မှာ သူတို့ဆီက ထူးခြားချက် တစ်ခုကြောင့်သာ ရပ်လိုက်မိပါတယ်။

အဖော်ဝေးနေတဲ့အတွက် ကျွန်တော်ကိုတော့ သူတို့ သတိမထားမိပါဘူး။ အတန်းဖော် ကောင် လေးတစ်ယောက်နဲ့ အိမ်ပြန်လမ်းချင်း တူနေတယ်ဆိုတဲ့ကိစ္စက လွဲရင် ကျွန်တော့်ကြောင့် သူတို့ ဘာကိုမှလဲ ထင်စရာမရှိဘူး။

အထူးသဖြင့် အဲ့ဒီအခိုက်မှာ ညီခနဲ့ သူဟာ တစ်စုံတရာကို လေးလေးနက်နက် ပြောနေကြပုံပေါ်တဲ့အတွက် ကျွန်တော့်ဘက်ကို လှည့်လို့မှ မကြည့်မိကြပါဘူး။ မိုးပွင့်ဖြူဟာ ညီခကို တစ်ခုခု အသေအချာ ပြောနေတယ်။ ညီခကလည်း တစ်ခုခု အသေအချာ မေးနေပုံပါပဲ။

ခဏကြာတဲ့အခါ သူတို့စကားတွေ ရုတ်တရက် ရပ်သွားပြန်ပါတယ်။ ဘေးမှာ သူငယ်ချင်းတွေက အလိုက်တသိနဲ့ အလွမ်းခွာပေးထားကြတယ်။ မိုးပွင့်ဖြူရဲ့ မျက်နှာဟာ ရုတ်တရက် သိပ်လေးနက်သွားသလိုပဲ။ ပြီးတော့ သူ တစ်ခွန်းချင်း တစ်ခွန်းချင်း စကားတွေကို ပြောပါတယ်။

ကျွန်တော် မကြားရပေမယ့် အဲဒါဟာ အရေးကြီးမှန်းတော့ သိတယ်။ စကားတွေ ဆုံးတဲ့အခါ ညီခရဲ့ မျက်နှာဟာလည်း လိုက်တည်သွားပါတယ်။ ပြီးတော့ မိုးပွင့်ဖြူကို သူ စိုက်ကြည့်နေတယ်။ စာနာမှုတွေ သူ့အကြည့်မှာ ပါနေ





သလိုပဲ။ နောက်ဆုံး ခေါင်းတစ်ချက် ဆတ်လို့ တစ်ခုခုပြောပြီး သူ လမ်းခွဲသွားတော့တယ်။

ခဏကြာတဲ့အခါကျတော့ အဲဒီနေရာမှာ ဘယ်သူ့မှ ကျန်မနေတော့ပါဘူး။ ကျွန်တော် တစ်ယောက်တည်းပဲ လမ်းလယ်မှာ မေးခွန်းတွေ များစွာနဲ့ အတူ ကျန်ရစ်ခဲ့ရတယ်။ သူတို့ ဘာဖြစ်သွားကြတာလဲ။ မေးချင်ပေမယ့် သိသူမရှိခဲ့။ ကာယကံရှင် နှစ်ယောက်လုံးဟာ အကြောင်းတစ်ခုစီကြောင့် ကျွန်တော် ဖွင့်မမေးချင်တဲ့သူတွေ ဖြစ်နေခဲ့တယ်။

သက်ပြင်းမောချ၊ ကာလကြာနေ

ပိုင်ဆိုင်ချင်လှ၊ ဆန္ဒတကျည်

နေမြဲနေကာ၊ ဝေးရမှာလား

တစ်ပါးသူနှင့်၊ မတွေးဝံ့ပေ

ဝေဒနာပွား၊ ဗျာများလျက်ပင်...





(၆)

ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ကျွန်တော် မသိဘူး။ သူ ကျွန်တော့်ဆီ အကြည့်တွေ မပြောင်းလဲပေမယ့် ညီခကတော့ သူ့ကို ဆက်မလိုက်တော့ပါဘူး။ အတန်းချိန်တွေမှာ နည်းနည်း တွေတွေငေးငေးဖြစ်နေတဲ့ ညီခကို ကျွန်တော် မြင်တယ်။ သူနဲ့ပတ်သက်လို့ ညီခ ရှုံးနိမ့်သွားခဲ့မှန်း သိပေ

မယ့် ဘာကြောင့်မှန်းတော့ မသိဘူး။ တစ်ဖက်က ကြည့် ရင်တော့ အဲဒါဟာ ကျွန်တော့်အတွက် ကျေနပ်စရာပေါ့။

ညီခရဲ့ မအောင်မြင်ခဲ့ခြင်း၊ သူ (မို့ပွင့်ဖြူ)ရဲ့ ကျွန်တော့် ဆီ အကြည့်တွေနဲ့ ကျွန်တော် ဖြစ်ချင်တဲ့ မျှော်လင့်ချက်တွေ ပေါင်းပြီး ရုပ်လုံးဖော်လိုက်တဲ့အခါ စိတ်ကူးထဲမှာ အထင် အမြင် တစ်ခုဟာ ဝိုးတဝါး ရုပ်လုံးပေါ်လာတယ်။ အဲဒါဟာ 'အချစ်' ပါပဲ။ ကျွန်တော် မဝံ့စားသလောက် စိတ်ကူးနဲ့ ရူးခဲ့ရတဲ့ အရာပေါ့။

သူ ကျွန်တော့်ကို ချစ်နေသလားလို့ တွေးမိတဲ့အခါ စိတ် ထဲမှာ ချက်ချင်းပဲ မစဉ်းစားဘဲနဲ့ ဖွတ်မိုက် သေချာပစ်လိုက် မိတယ်။ သူ့ရဲ့အကြည့်တွေကို ယုံတဲ့အတွက် သူ ကျွန်တော့်ကို ချစ်နေမှာကိုလည်း ယုံကြည်လိုက်ပါတယ်။ ညီခရဲ့ ရှုံးနိမ့်ရ ခြင်းဟာ သူ ကျွန်တော့်ကို ချစ်နေနှင့်ခြင်းကြောင့်လို့ ထင် တယ်။





စိတ်ဒုန်းဒုန်းချတော့ မယုံမှတ်ပေမယ့် ကျွန်တော်က တခြားလည်း မတွေးတတ်တဲ့အတွက် သူ ကျွန်တော့်ကို ချစ်နေ ပြီလို့သာ စဉ်းစားရင်း ဖြေသိမ့်နေလိုက်ရပါတယ်။ ခုနေ အခါမှာတော့ သူ့အကြည့်တွေဟာ ကျွန်တော့်ကို ချစ်ခြင်း တရားနဲ့အတူ ရူးသွပ်ခြင်းတွေကိုပါ ယူဆောင်လာခဲ့ပါပြီ။ စွဲလမ်းခြင်း၊ အမှန်အမှား ခွဲပြီး မသိနိုင်ခြင်း၊ မျက်စိမှိတ် ယုံကြည်ခြင်းနဲ့ ဆန္ဒတွေ ကိုးကွယ်မိခြင်းတို့ဟာ အားလုံး သူ့ကြောင့်သာပေါ့။ အကောင်း မဟုတ်ပေမယ့် အဲဒါတွေကိုပဲ ကျွန်တော်က စုံမက်နေပြန်ပါတယ်။

မသေချာမှု တစ်ခုအပေါ် ယုံပုံ ကိုးစားမိတဲ့အတွက် ရှုံးနိမ့်ရရင် ဘုန်းဘုန်းလဲတတ်မှန်းလည်း ကျွန်တော် နား လည်ပါတယ်။ ဒါပေမယ့် အချစ်ဆိုတာဟာ ဆင်ခြင်တုံတရား တွေနဲ့ ကင်းကွာတတ်စမြဲ မဟုတ်လား။ တကယ်တမ်းလည်း ကြိုတင် ပြင်ဆင်မထားမိတဲ့အတွက် ကျွန်တော် အငိုက်မိခဲ့ရ

ပါတယ်။ တင်တားပေမယ့် မပစ်ခဲ့တဲ့ မြားချက်တွေဟာ ကျွန်တော့်နှလုံးသားထဲထိ ဒုတ်ဒုတ်ထိ ပြန်လှည့် ဝင်ရောက်ခဲ့တယ်။ ကောင်းကင်မှာ ကြယ် တွေ ကြွေနေတဲ့ တစ်ညမှာပေါ့။

ကြင်နာရစ်သိုင်း၊ သတိရတိုင်းမှာ

မှိုင်ကာမျှော်ငေး

သူ့အမည်လေးကို၊ ဖွဖွဆိုနေ

မျက်ရည်ရစ်ဝဲ၊ တစ်ယောက်တည်းကြိတ်လွမ်း

တမ်းတာလျက်



နတ်သမီး. . . စာအုပ်တိုက်

## (၇)

ကောင်းကင်မှာ ကြယ်တွေ ကြွေကျနေတယ်။ ညဟာ အခိုးငွေ့တွေနဲ့ သူ့ရဲ့ ရန့်ကို ဖော်ဆောင်နေပါတယ်။ ညီခ စကားတစ်ခွန်း စ,လိုက်တဲ့အခါ ကြယ်တစ်ပွင့် ထပ်ပြီး ကြွေကျတယ်။ ညတစ်ခုလုံး ကြယ်စင်အပိုင်းအစတွေ တင်းကြမ်းပေါ့။





ညီခနဲ့ ကျွန်တော်ဟာ ညဉီးယံရဲ့ လမ်းတွေထက်မှာ ဦးတည်ရာမဲ့စွာ အတူလျှောက်သွားနေကြတယ်။ ဒီလို ဦးတည်ရာမဲ့ လျှောက်သွား ခြင်းကပဲ သူနဲ့ ကျွန်တော့်ကို ဆုံမိခဲ့စေတာပေါ့။ ညတစ်ညမှာ အဓိပ္ပာယ်မဲ့ လမ်းလျှောက်ထွက်မိတဲ့ ကျွန်တော်ဟာ ကျွန်တော့်လိုပဲ အဓိပ္ပာယ်မဲ့ လမ်းလျှောက်ထွက်လာတဲ့ ညီခနဲ့ ဆုံခဲ့ကြတယ်။

ကျွန်တော်တို့ တွေ့စဉ်မှာ သူဟာ အရက်တွေ မူးနေပါတယ်။ သူဟာ မြင်မြင်ရာကို ဦးတည်ချက်မဲ့ လိုက်လံ ငေးမောနေတယ်။ မရည်ရွယ်ပါဘဲနဲ့ ကျွန်တော်တို့ စကားတွေ ပြောမိသွားတယ်။ တစ်တန်းတည်းသားချင်း ဖြစ်ပေမယ့် သူနဲ့ ကျွန်တော် တစ်ခါမှ ဟက်ဟက်ပက်ပက် မဆိုပြောခဲ့ဖူးပါဘူး။

သူ မိုးပွင့်ဖြူကို ချစ်နေတာကိုလည်း တခြား သူတွေဆီကမှ ကျွန်တော် သိခဲ့တာပါ။ ခုအကြိမ်ဟာ သူနဲ့ ကျွန်တော်

ပထမဆုံးအကြိမ် ဆက်ဆံဖူးခြင်းလည်း ဟုတ်တယ်။ ပြောပြီး သိပ်မကြာခင်မှာပဲ ကျွန်တော်တို့ဟာ မိုးပွင့်ဖြူအကြောင်း ရောက်သွားခဲ့ပါတယ်။

အဲဒီကျမှ သူဟာ အရက်တွေတင်မဟုတ်ဘဲ အလွမ်းတွေပါ မူးနေတာ သိလိုက်ရတယ်။ သူကို မူးယစ်စေတဲ့ အလွမ်းဟာ ကျွန်တော့်ရင်ကိုလည်း ဝေဒနာတစ်ခုအဖြစ် လာရောက် စိုက်ဝင်ပါတယ်။ ကြေကွဲရမလား၊ နာကျည်းရမလား မစဉ်းစားနိုင်ခင်မှာ ညီခက စကားတွေနဲ့ ဆက်တိုက် ရင်ဖွင့်လာတယ်။ တားဆီးချိန် မရလိုက်ခင်မှာဘဲ သူဟာ ကျွန်တော့်ကောင်းကင်ရဲ့ ကြယ်ခြွေသူ တစ်ယောက် ဖြစ်သွားတော့တယ်။

"ကျွန်တော် မိုးပွင့်ဖြူကို သိပ်ချစ်တယ်ဗျာ၊ သိပ်ကို ချစ်ခဲ့တယ်"





အဲဒီစကားကိုတော့ အကြိမ်ပေါင်းများစွာပဲ သူ ထည့်ပြောပါတယ်။ ကျွန်တော်လည်း ယုံပါတယ်။ ခံစားတတ်သူချင်းမို့ ကိုယ်ချင်းလည်းစာမိပါတယ်။ သူ ပြောသမျှတွေထဲက ကျွန်တော် အဓိက စိတ်ဝင်စားခဲ့တာတွေကတော့ သူနဲ့ မိုးပွင့်ဖြူရဲ့ နောက်ဆုံးနေ့ထဲက ဖြစ်ရပ်တွေပါ။ အဲဒီနေ့က မိုးပွင့်ဖြူရဲ့ စကားတွေ ဆုံးတဲ့အခါ သူ လမ်းခွဲထွက်သွားခဲ့တာကိုတော့ ကျွန်တော် သိနှင့်ပြီးသားပဲ။ အဲဒီတုန်းက မိုးပွင့်ဖြူ ဘာစကားတွေ ပြောခဲ့တယ်ဆိုတာကတော့ ကျွန်တော့်အတွက် သိပ်ကို အံ့ဩမိရတဲ့ အကြောင်းရပ်တွေပါ။

"ပထမတော့ ကျွန်တော် အဆင်ပြေပြီလို့ ထင်မိတာဗျာ"

သူ အဲဒီစကားကို စတဲ့အခါကျတော့ ကျွန်တော် ဘာမှ ပြန်မပြောခဲ့ပါဘူး။ မချိပြုံးပြီးပဲ နေလိုက်တယ်။ တကယ်တမ်း

မှာတော့ သူထင်သလို အဆင် မပြေခဲ့လို့ ခုလို ကျွန်တော့်ကို ရင်ဖွင့်နေရတာ မဟုတ်လား။

"ဒါပေမယ့် တကယ်တမ်းကျတော့ဗျာ..."

ဆိုပြီး သူ စကားကို မဆက်နိုင်ပြန်ပါဘူး။ တော်တော် ကြာမှပဲ....

"သူငယ်ချင်းတွေ မိတ်ဆက်ပေးပြီးလို့ မကြာခင်မှာပဲ သူ ကျွန်တော့်ကို ပြတ်ပြတ်သားသား ပြောလာတယ်။ ကျွန်မနဲ့ ကိုညီခ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်တဲ့။ ကျွန်တော် ရုတ်တရက် အဲဒီ စကားကြားရတော့ ကြောင်သွားတယ်ဗျာ။ ရင်တွေ ဘာတွေတောင် အခုန်မြန်သွားမိတယ်"

ဒီစကားမှာလည်း ကျွန်တော် ပြုံးရပြန်ပါတယ်။ ဒီ တစ်ခါတော့ တကယ်ကို ပြုံးမိတာပါ။ ခု ကျွန်တော်လည်း





ရင်တွေ အခုန်မြန်နေရတယ် မဟုတ်လား။ ညီခကတော့ အတိတ်ကို တွေးတွေးဆဆနဲ့ သူ စကားတွေကို လေးလေး လံလံ ရှေ့ ဆက်နေပါတယ်။

"ဒါပေမယ့်ဗျာ သူ ဆက်ပြောတဲ့စကားတွေကတော့ ကျွန်တော် လုံးဝ မထင်မှတ်ထားတဲ့ဟာတွေပါ။ သူက... ကျွန်တော် သူ့ကို စိတ်ဝင်စားနေမှန်း သိပါသတဲ့။ ဒါပေမယ့် အဲဒါကို ရှေ့မဆက်ပါနဲ့တော့တဲ့။ ကျွန်တော်က ချက်ချင်းပဲ ဘာဖြစ်လို့လဲလို့ မေးလိုက်တယ်။ မဖြစ်နိုင်လို့ပါတဲ့။ သူပြော တဲ့အဖြေဟာ ကျွန်တော်ကို ဘဝင်မကျစေခဲ့ဘူး။ လွတ်လပ် တဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးတွေဆီမှာ အချစ်နဲ့ ပတ်သက်လို့ မဖြစ်နိုင်ဘူးဆိုတာ ဘာရှိမလဲဗျာ၊ မဟုတ်ဘူး လား။ အဲဒါနဲ့ ကျွန်တော်လည်း အတင်းပဲ သူ့ကို ထပ်မေးလိုက် မိတယ်။ ကျွန်တော်ကို စိတ်မဝင်စားလို့ဆိုရင်လည်း ပွင့်ပွင့် လင်းလင်း ပြောပါပေါ့။ ဝေ့လည်ကြောင်ပတ်တော့ မလုပ်ပါ

နဲ့ပေါ့။ အဲဒီအခါကျတော့ သူ့မျက်နှာ ချက်ချင်းပဲ တည်သွားတယ်။ သူဟာ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ရင် ဘယ်တုန်းကမှ ဇွဲလည်ကြောင်ပတ် မလုပ်ခဲ့ဖူးပါဘူးတဲ့။ သူ့စကားကြောင့် ကျွန်တော် တစ်မျိုးတော့ ဖြစ်သွားတယ်။ နောက် အကြာကြီးပဲ ကျွန်တော်တို့ နှစ်ယောက်လုံး ငြိမ်နေမိကြတယ်။ အဲဒီအချိန်မှာ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော့်စိတ်တွေဟာ တဖြည်းဖြည်း လေးလာခဲ့တယ်"

ခုအချိန်မှာတော့ ဒီအကြောင်းတွေကို နားထောင်နေရတဲ့ ကျွန်တော့်ဆီမှာလည်း စိတ်တွေ တဖြည်းဖြည်း လေးလာနေခဲ့ပါပြီ။

"တော်တော်လေးကြာတော့မှ သူက..ကျွန်တော် မကျေနပ်ဘူးဆိုရင်လည်း အမှန်ကိုပဲ ပြောလိုက်ပါတော့မယ်တဲ့။ တကယ်တမ်း သူ ကျွန်တော့်ကို လက်မခံနိုင်တာဟာ သူ့မှာ ချစ်နေတဲ့သူ ရှိနေလို့ပါတဲ့။ အဲဒီစကားအရောက်မှာ





ကျွန်တော် ဖြတ်ပြီး ပြောပစ်လိုက်မလို့ပဲ။ သူ့မှာ ချစ်သူမရှိမှန်း ကျွန်တော် နဂိုထဲက သိနှင့်ပြီးသားပဲ။ ဒါပေမယ့် သူက အဖြတ်မခံဘဲနဲ့ စကားကို ဆက်တိုက်ဆက်တယ်။ ချစ်သူလို့ ဆိုပေမယ့် သူကသာ ချစ်နေရတဲ့သူပါတဲ့။ တစ်ဖက်သားကတော့ သိတောင် မသိပါဘူးတဲ့။ ဘယ်သူလဲ၊ ဘယ်ကလဲ ကျွန်တော်အတင်းပဲ မေးမိတယ်။ သူက သက်ပြင်းတစ်ခုကို ရှည်ရှည်လျားလျား ချပြီးမှ 'သူရ'တဲ့"

ညီခရဲ့စကားတွေ ဆုံးသွားတဲ့အခါ ကျွန်တော် နားကြားတွေများ မှားလိုက်သလားလို့ ထင်မိတယ်။ ကျွန်တော့်နာမည်ဟာ သူရ မဟုတ်ဘူး။ အဲ့ဒါတော့ ကျွန်တော် သေချာသိတယ်။ တခြားတော့ ကျွန်တော် ရဲ့ အသိစိတ်တွေဟာ လွင့်မျောသွားခဲ့ရတယ်။ ညီခ စကားကို ရပ်လိုက်တဲ့အတွက် ကြယ်တွေကြွေနေတာဟာ ပိုသိသာ ထင်ရှားလာခဲ့တယ်။ သူ ပြောနေစဉ်ကလည်း ကြယ်တွေ ကြွေကျနေတာပါပဲ။ ဒါပေမယ့်

သူ့စကားတွေက ကာထားလို့ ကျွန်တော် ဘာမှမကြားမိဘူး။

ညီခ ကျွန်တော်ကို လိမ်မနေမှန်း သိပေမယ့် ကျွန်တော် သူ့စကားတွေကို မယုံချင်ဘူး။ ဒါတွေဟာသာ အမှန်တရား ဆိုရင် ကျွန်တော်တော့သွားပြီပေါ့။ အဖက်ဆယ်မရအောင် မှားယွင်းခဲ့ပြီပေါ့။ အာရုံထဲမှာ အတန်းထဲကကောင်လေး သူရရဲ့ သဏ္ဌာန် ပေါ်လာတယ် သူဟာ စာသင်ချိန်မှာ အမြဲပဲ ကျွန်တော့်ဘေးနားက ထိုင်သူပါ။ ဒါဆိုရင်... မိုးပွင့်ဖြူ အကြည့်တွေရဲ့ ဦးတည်ရာဟာ.....

ကောင်ကင်းကနေ ကြယ်တွေ တဝုန်းဝုန်း ကြွေကျသွား ပြန်ပါတယ်။ နာကျင်တဲ့ဒဏ်ရာတစ်ခုဟာ ရင်ထဲမှာ ပြင်းပြင်း ပြပြ ပေါ်လာတယ်။ သူ့အကြည့်တွေက လွဲရင် ဘေးဘီကို ဂရုမစိုက်မိတဲ့အတွက် ကျွန်တော်ဟာ အဆိုးရွားဆုံး လွဲချော်ခဲ့ ရပေါ့။ လှတဲ့ အချစ်ကိုသာ မြင်တဲ့အတွက် စုံလုံးကန်းခဲ့ရတဲ့ ကျွန်တော်ဟာ သေရာပါအောင် စွန်းထင်းခဲ့ပါတယ်။





အမြဲပဲဘာလုပ်လုပ် ရှေ့ကိုသာမဲတတ်တဲ့ ကျွန်တော်ဟာ ဒီကိစ္စမှာတော့ နည်းနည်းလေး ဂရုစိုက်လိုက်ဖို့ ကောင်းတာ။ လူတွေနဲ့ မဆက်ဆံတတ်၊ လူတွေရဲ့သဘောကို နားမလည် တတ်ခဲ့ခြင်းဟာ ခု တော့ ကျွန်တော့်နှလုံးသားကို သေမိန့်ကျ စေခဲ့ပါပြီ။

အချိန်အကြာကြီး တိတ်ဆိတ်နေပြီးမှ ညီခက စကား တွေကို လွမ်းလွမ်းဆွေးဆွေးနဲ့ ဆက်ပြန်ပါတယ်။ ဒီတစ်ခါ သူ့စကားတွေကတော့ တကယ့်ကို ကြေကွဲစရာပေါ့။

"မိုးပွင့်ဖြူကမလေ၊ သူက၊ နောက်ဆုံး ကျွန်တော့်ကို ဘာပြောသလဲသိလား။ သူဟာ မိန်းကလေးတစ်ယောက်ပါ တဲ့။ မိန်းကလေးတစ်ယောက်မှာ ကိုယ်ချစ်တဲ့ သူကို ချစ် ကြောင်း ပြောဖို့ရာ အခွင့်အရေးတွေ မရှိပါဘူးတဲ့။ သူရဟာ သူငယ်စဉ်ကတည်းက ချစ်လာ ကောင်းသ တဲ့သူပါ။ ဒါပေမယ့် သူရကတော့ သူ့ကို ... ယောက်လိုတောင် ပြန်

မခင်မင်ခဲ့ဘူးတဲ့။ မိန်းကလေးတစ်ယောက်ဟာ သူ့လာကမ်း လှမ်းတဲ့ သူတွေထဲကသာ ရွေးချယ်ပိုင်ခွင့် ရှိပြီး၊ လောကကြီး ထဲကနေတော့ ရှာဖွေပိုင်ခွင့် မရှိဘူး... အဲဒါကြောင့်လည်း သူဟာ သူ့အချစ်တွေကို သူရေး...ဲ့ ကဗျာတွေထဲမှာနဲ့ သူ့အကြည့် တွေထဲမှာသာ မြုပ်နှံဖေ...ပြထားနိုင်ခဲ့တာပါတဲ့ အဲ့ဒီ စကားတွေ ပြောတုန်းက သူ့မျက်လုံးထဲမှာ မျက်ရည်တွေ နဲ့ဗျာ။ ခါတိုင်းဆိုရင်တော့ ကျွန်တော် အဲ့ဒီလောက်ဲ့ စိတ် မပျော့ပါဘူး။ ဒါပေမယ့် အဲဒီနေ့က သူ့အသံနဲ့ဟန်တွေ ကို မြင်တဲ့အခါကျတော့ ကျွန်တော် ဘယ်လိုမှ စိတ်မထိန်းနိုင်ခဲ့ ဘူး။ သူ့စကားမဆုံးခင်ဘဲ သူ့နံဘေးက ကျွန်တော် ပြေးထွက် လာခဲ့မိတယ်။ ပြီးတော့ အဲဒီညမှာ ကျွန်တော် ငိုမိတယ်ဗျာ၊ ဘာကြောင့်မှန်းမသိဘဲနဲ့ ကျွန်တော် ငိုမိတယ်"

ကောင်းကင်ကနေ ကြယ်တွေ ထပ်ကြွေကျသွားပြန်ပါ တယ်။ ကြယ်တွေ အ... သာ မြင... အန်ချထားခဲ့ရလို့ ကောင်း ...ါအောင် စွန်း...





ကင်ဟာ အတော် အားနည်း ဖျော့တော့နေပါပြီ။ ကျွန်တော့် နားထဲမှာလည်း အူလာတယ်။ ညီခရဲ့ စကားသံတွေကို ကျွန်တော် ကြားတစ်ချက် မကြားတစ်ချက်နဲ့။ နောက်တော့ သူဟာ သူပြောနေရာကနေ ရပ်ပြီး ကျွန်တော့်ကို မေးခွန်းတွေ မေးနေပြန်ပါတယ်။

"ကျွန်တော် မိုးပွင့်ဖြူကို ဘာကြောင့် ချစ်မိလဲဆိုတာ ခင်ဗျား သိလား၊ ဟင်၊ သိလား"

ကျွန်တော် ပြန်မဖြေဖြစ်ခဲ့ပါဘူး။ ကျွန်တော်မှာ ဖြေနိုင်ဖို့ လည်း အားတွေ မရှိတော့ဘူး။ ကျွန်တော့်ဆီက အဖြေမရ ပေမယ့်လည်း ညီခက သူ့ဟာသူ စကားကို ဆက်ပါတယ်။ သက်ပြင်းချသံတစ်ခုနဲ့ အတူပေါ့....

"သူ့ကို ကျွန်တော် ချစ်မိတာဟာ သူ့ကဗျာတွေက စတာပါပဲ။ ရယ်စရာတော့ အကောင်းသား။ သူ 'သူရ' ကို

ရည်ညွှန်းပြီး ရေးတဲ့ကဗျာတွေကို ကျွန်တော်က ကျွန်တော့်အတွက်လို့ ထင်ခဲ့မိတယ်။ အရင်ဆုံး ကျောင်းမဂ္ဂဇင်းမှာ ပါကတည်းက သူ့ ကဗျာတွေကို ကျွန်တော် စိတ်ဝင်စားခဲ့တာ။ တစ်ဖက်သတ် အချစ်အကြောင်း ရေးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ စာမို့ မှတ်မှတ်ထင်ထင် ရှိမိတယ်။ နောက် အပြင်မဂ္ဂဇင်းတွေမှာပါ သူ့ကဗျာတွေကို ဖတ်လာရတယ်။ အထူးသဖြင့် သူဟာ ကျွန်တော့်နဲ့ တစ်ဟန်းတည်းသားချင်း ဖြစ်မှန်းသိတော့ ကျွန်တော့်စိတ်တွေ စပြီး လှုပ်ရှားမိခဲ့တယ်ဗျာ။ သူ့ကဗျာတွေထဲမှာ ပါတဲ့ အရပ်မြင့်မြင့်၊ မေးရိုးကားကား၊ ဘယ်ဘက်မျက်ခုံးမှာ မှဲ့နဲ့၊ တစ်ခါတလေ ဘောင်းဘီတွေဘာတွေ ဝတ်တယ်ဆိုတဲ့ သူ့ရဲ့ စာသင်ဖက်ဆိုတာဟာ ကျွန်တော့်ပြောတာ များလားလို့ စိတ်ကူးယဉ်မိလာတယ်။ အဲ့ဒီကနေ စလို့ သူ့ကို စွဲလမ်းမိတာပါပဲဗျာ။ သူက သိပ်လှလွန်းတာလည်း ပါတာပေါ့"





ညီခရဲ့ စကားတွေဟာ မဆုံးပါဘူး။ သူ ဆက်ပြောရင်းပြောရင်းနဲ့ ကျွန်တော့်နားထဲမှာ ဝါးသွားပြီ ကြယ်တွေ ကြွေနေသံကိုသာ စူးစူးရှရှ ကြားလာရတယ်။ အဖြစ်ချင်းတူနေတဲ့အတွက် ကျွန်တော် သူ့ကို ပိုစာနာသွားမိပါတယ်။

'အချစ်'ဆိုတာ ကျွန်တော်တို့လို တစ္ဆေမကြောက်တဲ့ မျက်ကန်းတွေကို အဲဒီလိုမျိုး မျက်လှည့်ပြတတ်ပါသလား။ အခုအဖြစ်မှာ သူရော ကျွန်တော်ရော မိုးပွင့်ဖြူပါ ဘယ်သူ့မှ အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် ဒီကိစ္စအတွက်တော့ မိုးပွင့်ဖြူမှာ အပြစ်မရှိလေဘူး။ တကယ်ဟာမ်းမှာ ဆန္ဒက ပုံဖော်မိတဲ့ အမှားအတွက်သာ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။

တဂိုပ်ဂိုပ်တက်လာ၊ သိပ်ချစ်တာကို

မြှုသိပ်သိမ်းရင်း

ခံစားခြင်းများ၊ တိုင်တည်ထားရာ

ကဗျာတွေပါ၊ ငိုတတ်နေ....





(၈)

အဲဒီနောက်တော့ ကျွန်တော်ဟာ အဆုံးမရှိတဲ့ အဝေးကို တမျှော်တခေါ် ငေးရင် အတွေးတွေ လွင့်လွင့်မျောမျော ဖြစ်နေမိတယ်။ ကိုယ့်ဖို့လို့ ထင်တဲ့ ပန်းလေးဆီ လက်လှမ်းလိုက်တဲ့အခါ အဲဒါဟာ အရိပ်တစ်ခုသာ ဖြစ်နေခဲ့။ အဲဒီအရိပ်ကလေးကိုပဲ လှုပ်ခတ်ဖို့ ကြိုးစား ပြန်တဲ့အခါ လုံးဝ ကွယ်ပျောက်သွား

ခဲ့ပါတယ်။

ဒါဟာ ကျွန်တော့်အတွက် ထမင်းလုံး တစ္ဆေခြောက်တဲ့ အိပ်မက်တွေပါပဲ။ ဒဏ္ဍာရီတွေထဲမှာ လူတစ်ယောက်ဟာ နတ်ရေကန်ထဲကို ခုန်ချရင် ချက်ချင်း ၁၆ နှစ်အရွယ်ဖြစ်သွားနိုင်သလိုမျိုး၊ အခု ကျွန်တော့်ရဲ့ အလွမ်းတွေဟာလည်း နတ်ရေကန်ထဲကို ခုန်ချတဲ့ အလွမ်းတွေပါပဲ။ ချက်ချင်းပဲ ကြီးပြင်းရင့်မာ မိုးပွင့်ဖြူကို ကျွန်တော် ဘယ်တော့မှ ပိုင်ဆိုင်**ရတော့** မှာ မဟုတ်မှန်း သိလိုက်ရချင်းမှာပဲ ရင့်ရော်စွာ ကျွန်**တော်** **လွမ်းခဲ့**ပေါ့။

အနာဂတ်ရစိတ်တွေကိုယ်စီနဲ့ ညီခနဲ့ ကျွန်တော်ဟာ အသံမဲ့စွာ လမ်းပေါ်မှာ အကြာကြီး ရပ်မိကြတယ်။ အကြာကြီးမှ တကယ့်ကို အကြာကြီးပါပဲ။ အဲဒီအချိန်မှာ ကြယ်တွေ ကြွေကျနေခြင်းကသာ လောကကြီးမှာ အသက်ဝင်နေတယ်။





**တစ်ဘက်သတ်ဝေဒနာ**

တပ်မက်မြတ်နိုး၊ ရှယ်ကိုးမျှော်လင့်
စိတ်ဖြင့် အိပ်မက်၊ ဖွဲ့ဆက်တည်ထား
မြူသားနှင်းပြင်၊ သူ့အားတင်မြောက်
ငုံ့ထောက်ညှာပါ၊ ခါခါပန်ကြား
နှလုံးသားတွင်....
တွယ်ငင်ရစ်ဖွဲ့၊ မက်မောရဲ့လေ
အဖြေရှာတွက်၊ ဝေခွဲခက်နေ
တွေဝေစိတ်ထဲ၊ စိမ်းမှာလဲစိုး
ရိုးပြီးချစ်ဆဲ၊ ရှုံ့ထိတ်ဆဲပေါ့
ဘယ်တော့များမှ၊ ဖွင့်ဟပြောရဲ
ချစ်ရမလဲဟင်...
ရင်တွင်မိန်းမူး၊ ရှယ်စူးတည်ရာ
သူ့မျက်နှာထက်၊ ဝှက်ငေးကြည့်ရင်း
သက်ပြင်းမောချ၊ ကာလကြာနေ
ပိုင်ဆိုင်ချင်လှ၊ ဆန္ဒတာရှည်
နေမြဲနေကာ၊ ဝေးရမှာလား
တစ်ပါးသူနှင့်၊ မတွေးဝံ့ပေ
ဝေဒနာပွား၊ ဗျာများလျက်ပင်...
ကြင်နာရစ်သိုင်း၊ သတိရတိုင်းမှာ
မှိုင်ကာမျှော်ငေး
သူ့အမည်လေးကို ဖွဖွဆိုနေ
မျက်ရည်ရစ်ဝဲ၊ တစ်ယောက်တည်းကြိတ်လွမ်း
တမ်းတလျက်
တရိပ်ရိပ်တက်လာ၊ သိပ်ချစ်တာကို
မြိုသိပ်သိမ်းရင်း
ခံစားခြင်းများ၊ တိုင်တည်ထားရာ၊
ကဗျာတွေပါ ငိုတတ်နေ.....။

ကျွန်တော်တို့ရဲ့ ဆက်ပြီး မပြောဖြစ်တော့တဲ့စကား တွေဟာညရဲ့ အမှောင်ထဲကို ဝင်ရောက်ပြီး ညကို ပိုလို့ မှောင်စေခဲ့တယ်။

မိုးပွင့်ဖြူနဲ့ ပတ်သက်ရင်တော့ မျှော်လင့်စရာ မရှိတော့တဲ့ အတွက် ကျွန်တော့်ရင်ထဲမှာ ဝေဒနာပဲ ကျန်ပါတော့တယ်။ နောက်တော့ ကျွန်တော် ညီခကို လည်း ကျွန်တော့်ဘက်က အကြောင်းတွေကို တိုးတိုး သက်သာပြောပြမိခဲ့။ ကျွန်တော် မိုးပွင့်ဖြူကို ဘယ်လောက်

ချစ်မိတဲ့အကြောင်း၊ ဘာကြောင့် ချစ်မိတဲ့အကြောင်းတွေပေါ့။ ကျွန်တော့်စကားတွေကိုလည်း ညီခက အသက်မဲ့စွာ နားထောင်ပါတယ်။ သူလည်း ကြယ်တွေ ကြွေကျနေတာကိုသာ အသိရှိနေပုံပါပဲ။

နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ပခုံး တစ်ယောက် ဖက်မိကြတယ်။ ဒါဟာ ပွေ့ပိုက်နှစ်သိမ့်မှုလား၊ အားယူတွဲခိုမှုလား။ ဘာမှ မသေချာတဲ့ အနေအထားမျိုးနဲ့ ကျွန်တော်တို့ တရွေ့ရွေ့ ခရီးကို စလိုက်ကြပါတယ်။ အဲဒီအချိန်မှာတော့ ကောင်းကင်မှာ ကြယ်တွေ မကြွေကျတော့ပါဘူး။ ဘာလို့ဆိုရင် ကြွေကျစရာ ကြယ်တစ်ပွင့်မှ သူ့ခမျာ မကျန်တော့လို့ပါပဲ။ ဟာလာဟင်းလင်း ဖြစ်နေတဲ့ ကောင်းကင်ကြီးအောက်ကနေ လူနှစ်ယောက်ဟာ ကြေကွဲစွာ အမှောင်ထဲကို တအိအိ တိုးဝင်ခဲ့ပါတော့တယ်။





တကယ်တမ်းတော့ ဒါဟာ ပဟေဠိတစ်ခုကို ရိုးသားစွာ အဖြေရှာမိခဲ့တဲ့ ကောင်လေးတစ်ယောက်ရဲ့ အကြောင်းတွေပါ။ ဒါပေမယ့် သူမသိတာက အဲ့ဒါဟာ ပဟေဠိ တစ်ခု မဟုတ်ဘဲ နဂိုထဲက သူ့အတွက် မဟုတ်တဲ့ အဖြေတစ်ခု ဖြစ်နေခဲ့တယ် ဆိုတာကိုပါပဲ။

(မျက်ဝန်းနက်တစ်စုံသို့.....)

# မမ

မင်းလူ

နတ်သမီး. . . စာအုပ်တိုက်

မိဘ အစဉ်အဆက်ကတည်းက ချမ်းသာကြွယ်ဝသူများ ဖြစ်ခဲ့သည့်အပြင် လက်ရှိ ရာထူးကြီးကြီးကိုလည်း ရရှိထားသူ ဦးကြောစိန်သည် ဦးနောက်သွေးကြောပြတ်ပြီး ရုတ်တရက် သေဆုံးခဲ့ခြင်းသည် ဤဇာတ်လမ်း၏ အစ ဖြစ်ပေသည်။

*နတ်သမီး. . . စာအုပ်တိုက်*

## အခန်း(၁)

ဦးကြာစိန်သည် ဤလောကကြီးမှ စွန့်ခွာသွားသော အခါတွင် သူ အနှစ်သက်ဆုံး၊ အမြတ်နိုးဆုံး အရာသုံးခု ကျန်ရစ်ခဲ့လေသည်။

သူ့ရာထူး၊ သူပိုင် ခြံမြေတိုက်တာ၊ မော်တော်ကား၊ ပစ္စည်းဥစ္စာများနှင့် သူ့ဇနီး။ ထိုသုံးမျိုးအနက် တမျိုးမှာ အလို

လျှောက် ပျောက်ကွယ်၍ သွားရသည်။ သူ သေဆုံးသောအခါ သူ့ရာထူးသည် မည်ကာမတ္တလောက်သာ ကျန်၏။ နာ ရေးကြော်ငြာများတွင် ထည့်သွင်း အသုံးပြုခြင်း၊ ရုံးမှ ရသင့် သောငွေများ ထုတ်ယူခြင်းများ ပြုလုပ်ပြီးသောအခါ ထိုရာထူး သည် ဘာမျှ အရာမထင်တော့ပေ။

အကောင်အထည်အဖြစ် ထင်ရှားစွာကျန်ရစ်သော အရာများကား သူ့ဇနီးနှင့် အမွေပစ္စည်းများ။ တကယ်တော့ ထိုအရာနှစ်ခုသည် တပေါင်းတည်း ကျန်ရစ်ခဲ့သည်ဟု ဆိုနိုင် ပါသည်။ ဦးကြာစိန် သေဆုံးသွားသောအခါ ဇနီးဖြစ်သူ ဒေါ် ခင်မူသည် အမွေပစ္စည်းအားလုံးကို ဆက်ခံပိုင်ခွင့်ရှိသင့်သည် မဟုတ်လား။ ဒေါ်ခင်မူသည် အသက်သုံးဆယ့်ခြောက်နှစ် ရှိ ပြီ။ သို့ရာတွင် ထိုမျှလောက် အသက်ကြီးပြီဟု ထင်ရလောက် အောင် မရင့်ရော်သေး။ ထို့အတူ အသက်အစိတ်လောက်ပဲ ထင်ရတယ်ဟု ဆိုရလောက်အောင်လည်း နုပျိုသည်တော့ မဟုတ်ချေ။ သုံးဆယ်နှင့် သုံးဆယ်ငါး ကြားလောက်ဟု ထင်





ရသည်။

ဦးကြာစိန်သည် ကွယ်လွန်သောအချိန်တွင် အသက် ငါး ဆယ့်သုံးနှစ် ရှိပြီ ဖြစ်သည်။ ထို့ကြောင့် သူသည် ဒေါ်ခင်မူ ထက် အသက် ဆယ့်ခုနစ်နှစ်ခန့် ကြီးလေသည်။

ဦးကြာစိန် မရှိတော့သည့် နောက်ပိုင်းတွင် ဒေါ်ခင်မူ သည် အရာရာကို တစ်ဦးတည်း ရင်ဆိုင်ခဲ့ရလေသည်။ စကား အဖြစ် တင်စားပြောခြင်း မဟုတ်။ အမှန်ပင် တစ်ယောက် တည်း။ သူသည် ဦးကြာစိန်နှင့် သားသမီးတစ်ယောက်မှ မရခဲ့ချေ။ ထို့ကြောင့် ဆိတ်ငြိမ်ရပ်ကွက်ရှိ ခြံကြီးထဲမှ နှစ်ထပ်တိုက်ကြီးထဲတွင် ထမင်းချက် လင်မယားနှစ်ယောက်၊ အိမ်ဖော်မိန်းကလေးတစ်ယောက်၊ ဒရိုင်ဘာ အဘိုးကြီး တစ်ယောက်၊ မာလီကုလားကြီးတစ်ယောက်နှင့်အတူ ကျန် ရစ်ခဲ့ရခြင်း ဖြစ်သည်။ ထိုသူများမှာလည်း သူ ခိုင်းရာကိုသာ လုပ်ကိုင်တတ်ကြသူများဖြစ်၍ နက်နဲသော အရေးကိစ္စများ

တွင် တိုင်ပင်ရန်သော်လည်းကောင်း၊ ဦးစီးခေါင်းဆောင် ပြုလုပ်ခိုင်းရန် သော်လည်းကောင်း သင့်တော်ကြသူများ မဟုတ်ကြ။ ထိုအခါ ဒေါ်ခင်မူသည် မိမိကိုယ်ကိုသာ အားကိုးရတော့သည်။

တစ်ခုတော့ ရှိ၏။ ဒေါ်ခင်မူကဲ့သို့ အရွယ်လည်းရှိ၊ လှလည်းလှ၊ ပုံစွည်းဥစ္စာလည်း ကြွယ်ဝသော သူတစ်ယောက်အား ကူညီ မ,စလိုသူများ ပေါ်ပေါက်လာရမည်မှာ ဓမ္မတာတည်း။

❀ ❀ ❀ ❀ ❀





## အခန်း(၂)

ဒေါ်ခင်မူ ပထမဆုံးရင်ဆိုင်ရသော ပြဿနာမှာ ဦးကြာစိန်၏ ရုံးမှ သူ့အတွက် ရသင့်ရထိုက်သော ငွေများ ထုတ်ယူရေးကိစ္စပင် ဖြစ်သည်။ တတ်ကျွမ်း နားလည်သူများ အဖို့တော့ ထိုကိစ္စသည် သိပ်မခဲယဉ်းနိုင်ချေ။ ဒေါ်ခင်မူ အတွက်ကား အခက်အခဲတစ်ရပ် ဖြစ်၏။

သူသည် ဦးကြာစိန် ရှိစဉ်ကတည်းက ရုံးပြင်ကနားသွား ရောက်ခဲ့ဖူးသူမဟုတ်။ ဦးကြာစိန်ကလည်း သူ့ရုံးသို့ လက်ထပ်ခါစက တစ်ခေါက် နှစ်ခေါက်မျှသာ ခေါ်သွားခဲ့ဖူးသည်။ ထို့ပြင် ဦးကြာစိန်သည် အပေါ်အပါး ဝါသနာပါသူ မဟုတ်။ ပွဲလမ်းသဘင်များ၊ ရုပ်ရှင်ပွဲများ သွားလေ့မရှိ။ မသွားမဖြစ်မှသာ သွားသည်။ ဝတ်ကျေ၊ တန်းကျေလောက် သွားရမည့်ပွဲမျိုးဆိုမှ သူတယောက်တည်း သွားသည်။ အလွန်မတန် ရင်းနှီးသူများဆိုမှ ဒေါ်ခင်မူကို ခေါ်သွားတတ်လေသည်။ ဒေါ်ခင်မူကလည်း ပြင်ပပွဲလမ်းသဘင်များထက် မိမိအိမ်တွင်းမှာ စီမံအုပ်ချုပ်ရခြင်းကို ပို၍ သဘောကျသည်။ ရုပ်ရှင်ပွဲများထက် မိမိ မီးဖိုချောင်ကို ပို၍ စိတ်ဝင်စားသည်။

တကယ်တော့လည်း သူသည် မီးဖိုချောင်ထဲမှ ရုပ်ရှင်ခန်းသို့ ရောက်ရှိလာခဲ့ရသူ မဟုတ်လား။

ဤကဲ့သို့ အပြင်လောကနှင့် အဆက်အဆံနည်းသူ





တယောက်အဖို့ ခုလိုကိစ္စမျိုးတွင် အခက်အခဲကြုံရမည်မှာ ဓမ္မတာပင်။ ကူညီမည့်သူလည်း မရှိ။ လောလောဆယ် ခေါင်းပူနေရသော အချိန်တွင် ဘယ့်သူကို အကူအညီ တောင်းရမည်မှန်း မစဉ်းစားတတ်။ သူ့မှာ ဆွေမျိုးသားချင်းလည်း မရှိ။ အစကတည်းက အမေနှင့် သူ နှစ်ယောက်တည်း။ ခု အမေလည်း မရှိတော့။ ဘယ်သူ့ကို အားကိုးရပါ့။ မရှိ။ ကိုယ့်ကိုယ်ကို အားကိုးရန်သာ ရှိလေ၏။

ဦးကြာစိန်၏ ရုံးသို့ သွားရောက် စုံစမ်းရသည်။ ရုံးအဝင်ဝမှာပင် ပထမဆုံးအခက်အခဲနှင့် ရင်ဆိုင်ရသည်။ အပေါက်ဝမှာ စားပွဲတစ်လုံးနှင့် ထိုင်နေသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။ ထိုသူက မေးသည်။

"ဘယ်သွားမလို့လဲ."

ဒေါ်ခင်မူ အဖြေရ ခက်သွားသည်။ လာတာကတော့ ဒီရုံးကိုပဲ။ သို့ရာတွင် ဒီရုံးကိုပဲလေဟု ပြောလို့ မဖြစ်။

ဘယ်ဌာန၊ ဘယ်သူ့ဆီသွားမည်ဟု ပြောရမည် ဖြစ်သည်။ သူ မပြောတတ်။

"ဟို........ဒီအပေါ်ကို"

ဟု ပြောလိုက်မသည်။ ထိုသူက မျက်မှောင်ကုတ်လိုက်ပြီး။

"မဟုတ်သေးဘူးလေ၊ ဘယ်သူ့ဆီ သွားမှာလဲ"

ဦးကြာစိန်ရှိစဉ်က ပြောပြဖူးသော ရုံးက လူနာမည်တွေ အပူတပြင်း စဉ်းစားရသည်။ ဘယ်လိုမှ သတိမရ။

နောက်ဆုံး မတတ်သာသဖြင့် သူ့ကိုယ်သူ မိတ်ဆက်လိုက်ရ၏။

"ကျွန်မ ဦးကြာစိန်ရဲ့ ဇနီးပါ၊ အဲဒီကိစ္စ"

"သြော်... သြော်၊ အဲဒီပုံစံမှာဖြည့်ပါ" ဆိုပြီး စာရွက်ကလေးတစ်ခု ပေးသည်။ ညွှန်သည် အမည်၊ အမျိုး





သားမှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ၊ ပြီးတော့ တွေ့ဆုံလိုသူ၊ ရာထူး အဆင့်၊ တွေ့ဆုံမည့် ကိစ္စ။ ဘယ်သူ့ကို ဦးတည်နာမည် တပ်ရမှန်း မသိပြန်။ ထိုအခက်အခဲကို ထိုသူကလည်း ရိပ်မိဟန် တူသည်။

"ကိစ္စမရှိပါဘူး၊ ဦးဘသိန်းလို့သာ ရေးလိုက်ပါ။ အောက်ကတော့ ကိုယ်ရေးကိုယ်တာလို့ ရေးလိုက်ပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ ဟိုကျတော့ရော ကျွန်မ ဦးဘသိန်းနဲ့ပဲ တွေ့ရမှာလား"

"ဟုတ်ကဲ့ ခင်ဗျ"

ဒေါ်ခင်မူသည် ထိုအတိုင်းရေးပြီး အပေါ်ထပ်သို့ တုံ့နှေးသော ခြေလှမ်းများဖြင့် တက်လာခဲ့သည်။

လွန်ခဲ့သော ငါးနှစ်လောက်က ရုံးကို တစ်ခေါက်ရောက်ဖူးသည်။ ထိုစဉ်က သူ့ကို ရုံးမှ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြ

လေသည်။ "ဆရာကတော် ကြွပါခင်ဗျ၊ ဟော မမလဲ ပါလာတယ်နော်၊ ဘာစားဦးမလဲ။ ကျွန်တော် ပြေးမှာလိုက်မယ်လေ၊ ကျွန်မတို့က ဆရာ့ကို သိပ်ကြောက်ရတာ မမရဲ့၊ ညီမကို မြင်ဖူးချင်နေတာကြာပြီ၊ ခုတွေ့ရတော့ ထင်ထားတာထက်တောင် လှနေသေးတယ်၊ ဟင်း ဟင်း၊ ဟဲ...ဟဲ"

ခုတခါကျတော့ ဒီလိုမဟုတ်။ ရုံးကြီးသည် သူ့ကို အေးစက်စက် အမူအရာဖြင့် ဆီးကြိုလေသည်။ အရေးတယူ မေးမြန်းမည့်သူ မရှိ။ သာမန်လူစိမ်းဧည့်သည် တစ်ယောက်ဝင်လာသလိုမျိုး။ တစ်ချက်လှမ်းကြည့်ပြီး အလုပ် ဆက်လုပ်နေသူတွေ ဖျတ်ခနဲ မျက်လုံးလှန်ကြည့်ပြီး ဖတ်လက်စ စာအုပ်ဆီသို့ ခေါင်းပြန်ငုံ့သွားသူတွေ။

ဝန်ထမ်းအသစ်တွေမို့ သူတို့ မသိကြလေသလား။ သို့တည်းမ[illegible]ဘ် မရောက်တာကြာလို့ မမှတ်မိကြတာလား။ ဒါတော့ မဖြစ်နိုင်။ ဦးကြာစိန်၏ အသုဘကို ရုံးကလူတွေ လိုက်





ပို့ကြသေးတာပဲ။ ပြီးတော့ ဟိုးထောင့်စားပွဲက စာရေးမ ခပ်ကြီးကြီးတယောက်က သူ့ကို လှမ်းကြည့်လိုက်၊ သေးစားပွဲက ခပ်ငယ်ငယ်တစ်ယောက်ကို တစ်စုံတစ်ခု လှမ်းပြောလိုက်လုပ်နေသည်ကို သူတွေ့လိုက်ရသည်။ သဘောကောင်းမည် ထင်ရသော လူတစ်ယောက်၏ စားပွဲရှေ့မှာ ရပ်ပြီး မေးလိုက်သည်။

"ဒီမှာရှင့်၊ ဦးဘသိန်းနဲ့ တွေ့ရမလားလို့"

လူကြီးက မော့ကြည့်ပြီး...

"ဩော်" ဟု ဆိုသည်။

ဒေါ်ခင်မူကို ခဏ စိုက်ကြည့်ပြီး မှတ်မိသွားဟန်တူသည်။ နည်းနည်းပြုံး၏။

"ဦးဘသိန်း အစည်းအဝေးခန်းထဲ ရောက်နေတယ်။ ဘာကိစ္စရှိလို့လဲ"

"ကျွန်မ ကျွန်မ၊ ဦးကြာစိန်ရဲ့ ဇနီးပါ။ ဟိုကိစ္စ"

"ဩော် ဟုတ်ကဲ့၊ အစည်းအဝေးက ကြာဦးမယ်ဗျ။ နောက်နေ့မှ လာပါလား"

"ဟုတ်ကဲ့ရှင့်၊ ဟိုဒင်း ကျွန်မလာတဲ့အကြောင်း ဦးဘသိန်းကို ပြောပေးနိုင်မလား"

"ရပါတယ်၊ ကျွန်တော် ပြောလိုက်ပါ့မယ်"

ဒေါ်ခင်မူသည် ရုံးလှေကားပေါ်မှ ပြေးမဆင်းမိစေရန် သတိထားလာရသည်။ ရုံးသည် ဘယ်လို ဖြစ်သွားလေသနည်း။

❀ ❀ ❀ ❀ ❀





အမှန်ကတော့ ရှင်းရှင်းလေး။ ဝန်ကြီးတမတ်၊ ဝန်ကတော်တစ်ကျပ် ဆိုသော စကားအတိုင်း ခုနေခါတွင် ဦးကြာစိန်၏ မျက်နှာကို ထောက်ထားစရာ မရှိတော့။ ဦးကြာစိန်၏ မိန်းမကို အရေးတယူ လုပ်လို့လည်း သွားလေသူကြီးက ထပြီး ရာထူးတိုးဖို့ ထောက်ခံပေးမည် မဟုတ်ချေ။ ရုံးမှာ သူမျက်မှန်းတန်းမိသူ တစ်ယောက်နှစ်ယောက်တော့ ရှိသည်။ သို့ရာတွင် နာမည်တွေကို သူ မမှတ်မိ။ ထိုနေ့က တွေ့လည်းမတွေ့မိခဲ့။ ခု တွေ့ခဲ့ရသူတွေမှာ သူ မမြင်ဖူးသူတွေ ဖြစ်သည်။ မြင်ဖူးလျှင်လည်း အမှတ်တမဲ့ ဖြစ်လိမ့်မည်။ ဒါကြောင့်များ ခု သူတို့ အမှတ်တမဲ့ ပြန်လုပ်ကြလေသလား မသိ။

ရုံးက လူတွေကြားထဲတွင် သူသည် ကျောင်းခန်းထဲသို့ ပထမဆုံးအကြိမ် ဝင်ရသော ကျောင်းသားသစ်တယောက်ကဲ့သို့ အားငယ်ခဲ့ရသည်။ ထိုအခါကျမှပင် အစ်ကိုကြီး ဦးကြာစိန်ကို ပို၍ သတိရမိ၏။ ထိုနေ့က အိမ်ပြန် ရောက်ရောက်ချင်း သူ့အခန်းထဲ ပြေးဝင်ပြီး ခေါင်းအုံးပေါ်မှာ မျက်နှာအပ်လျက် တလှိုက်လှိုက် ငိုကြွေးခဲ့ရရှာသည်။

ရုံးကို သူလန့်သွားသည်။ ရုံးက ရနိုင်သော ငွေမှာ သူ့လက်ရှိ အခြေအနေနှင့်စာလျှင် ဘာမျှမပြောပလောက်။ သို့ရာတွင် အစ်ကိုကြီး၏ ချွေးနဲ့စာဖြင့်ရသော ငွေကို သူတန်ဖိုးထားသည်။ ပြီးတော့ သူ့မှာ စိတ်ကူးတစ်ခု ရှိသည်။ ထိုငွေဖြင့် အစ်ကိုကြီးကို ရည်စူး၍ အလှူအတန်းလုပ်မည်။

ခုတော့ ထိုငွေကို မယူချင်တော့သော စိတ်များပင် ဝင်ရောက်လာသည်။ တကယ်တော့ အလိုလိုက ရုံးနှင့်စိမ်းခဲ့သူ တစ်ယောက်ဖြစ်သည့်ပြင် လောလောဆယ် အရာရာကို တွေး





တောအားငယ်နေသည့် အခြေအနေ့ကြောင့်သာ ဖြစ်သည်။ သူ့လိုပင် ခင်ပွန်းသည် သေဆုံးသွားသဖြင့် ကျန်ရစ်သော အရေး ကိစ္စများကို ဒိုင်ခံ ဖြေရှင်းဆောင်ရွက်ရသော အမျိုးသမီးတွေ အများကြီး ရှိခဲ့သည်၊ ရှိနေဆဲ၊ ရှိဦးမည် မဟုတ်လား။ သူတို့ကော ဘယ်လိုလုပ်ကြသလဲ။

မည်သို့ပင်ဖြစ်စေ သူ ရုံးသို့ သွားပြီး နောက်တစ်နေ့တွင် ဦးဘသိန်းထံမှ တယ်လီဖုန်း လာလေသည်။ ဦးဘသိန်းက လောလောဆယ် ဒေါ်ခင်မူလာဖို့ မလိုသေးကြောင်း၊ လိုအပ်သည့်အခါ ဖုန်းဆက်၍ အကြောင်းကြားမည် ဖြစ်ကြောင်း၊ ကိစ္စအဝဝတွင် တာဝန်ယူပါကြောင်း။

ဒေါ်ခင်မူ စိတ်နည်းနည်း သက်သာရ ရသွားသည်။ အားငယ်စိတ်ကတော့ ရှိနေဆဲ။ မရှိပါနဲ့ ဒေါ်ခင်မူ၊ မရှိပါနဲ့။ ခုမှ အစပဲရှိပါသေးတယ်။ နောက်ထပ် ပြဿနာတွေ အများကြီး လာပါလိမ့်ဦးမယ်။

❀ ❀ ❀ ❀ ❀

## အခန်း(၃)

"ဒီလိုရှိပါတယ် မခင်မူ၊ ခုချိန်မှာ မခင်မူအဖို့ စိတ်နှလုံး မသာမယာ ရှိနေလိမ့်မယ် ဆိုတာ ကျွန်တော် ကိုယ်ချင်းစာ ကြည့်လို့ ရပါတယ်။ ဒါပေမယ့် မခင်မူရဲ့ ကိုယ်ကျိုးအတွက် တစ်နည်းအားဖြင့် ရှေ့ရေးအတွက် ဆိုပါတော့။ မပြောမဖြစ် ပြောစရာလေး ရှိလို့ လာခဲ့တာပါပဲ"





"ဟုတ်ကဲ့ ပြောပါ" ဟု ဒေါ်ခင်မူက ပြောလိုက်သည်။ အိမ်ကို ဦးယုကြည် ရောက်လာကတည်းက အကြောင်းကိစ္စ တခုခုရှိလို့ဟု သူခန့်မှန်းခဲ့ပြီးသား ဖြစ်သည်။ ဦးယုကြည် သည် ကိစ္စအထွေအထူးမရှိပဲ အိမ်လည်သွားတတ်သော လူစား မျိုးမဟုတ်။ သူသည် ဦးကြာစိန်၏ မိတ်ဆွေဖြစ်သည်။ ဦးကြာစိန်၏ ရှေ့နေလည်း ဖြစ်သည်။ သူနှင့် ဦးကြာစိန်တို့ သည် အသက်ချင်းလည်း ရွယ်တူလောက်ပဲ ရှိမည်။ ပြီးတော့ ဦးကြာစိန်၏ အသိမိတ်ဆွေများထဲတွင် အိမ်ကို အရောက် အပေါက် အများဆုံး လူလည်း ဖြစ်သည်။ တစ်လလျှင် တစ် ခေါက် နှစ်ခေါက်လောက် ရောက်တတ်သည်။ ထို့ကြောင့် သူသည် အိမ်၏ အတွင်းရေးကိစ္စများကို အခြားသူများထက် ပို၍ သိထားသူ ဖြစ်သည်။ သိသင့် သိထိုက်သော ကိစ္စများကို ဆိုလိုပါသည်။

"အေးဗျာ၊ ကျွန်တော်လဲ ကိုကြာစိန် ရက်လည်ပြီး က တည်းက မော်လမြိုင်က အမှုအတွက် ဆင်းသွားရတာနဲ့ မခင်

မူဆီ မရောက်ဖြစ်ဘူး။ ဟိုကနေ ဖုန်းဆက်သေးတယ်ဗျ။ အဲဒီအချိန်မှာ မုန်တိုင်းရှိနေလို့လား မသိဘူး၊ ဖုန်းခေါ်လို့ မရဘူး။ တခြားကိစ္စတွေ အဆင်ပြေရဲ့လားလို့ မေးချင်လို့"

"ပြေပါတယ်ရှင်၊ ဟို အစ်ကိုကြီးရဲ့ရုံးက ကိစ္စ နည်းနည်းပဲ ရှိပါတယ်။ အဲဒါ အစ်ကိုကြီးရဲ့ လက်အောက်က အရာရှိတစ်ယောက်က ကူညီနေပါတယ်"

"ဪ" ဟုဆိုပြီး ဦးယုကြည်က တစ်စုံတစ်ခု စဉ်းစားနေသည်။

ထို့နောက်....

"အင်း ကျွန်တော်ဟာ ကိုကြာစိန်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဆိုလဲ ဟုတ်၊ ရှေ့နေဆိုလဲ ဟုတ်တော့ကာ သူနဲ့ပတ်သက်တဲ့ ကိစ္စအတော်များများကို ကျွန်တော်ပဲ တာဝန်ယူခဲ့ရပါတယ်။ ခု ကိုကြာစိန် မရှိတော့ပေမယ့်လဲ မပြီးပြတ်သေးတဲ့





ကိစ္စတွေအတွက် ကျွန်တော်ပဲ ဆက်ပြီး ဆောင်ရွက်နေရဦးမှာပါပဲ။ အဲ ကျွန်တော်က ရှေ့နေဆိုတော့ တခါတလေလဲ စကားကြောရှည်တယ်ဗျာ။ တချို့ကိစ္စကျတော့လဲ ရှင်းရှင်းပြတ်ပြတ် ပြောရတာ ရှိတယ်။ ခုထိတော့ ကျွန်တော်ဟာ ဦးကြာစိန်ရဲ့ ရှေ့နေအဖြစ် ရှိနေတုန်းပါပဲ။ ကိစ္စတွေ ပြီးသွားတဲ့ အခါမှာတော့ မခင်မူရဲ့ သဘောဆန္ဒ အတိုင်းပဲပေါ့။ ကျွန်တော့်ကို မခင်မူရဲ့ ရှေ့နေအဖြစ် ဆက်ပြီး ဆောင်ရွက်စေချင်လဲ ရတယ်။ မလိုအပ်ဘူးဆိုယင်လဲ ရတယ်။ ကျွန်တော်ကတော့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ဆက်ရှိနေမှာပါပဲ။ တကယ်လို့ မခင်မူ လိုအပ်တယ်ဆိုယင် အမျိုးသမီးရှေ့နေတယောက် ကျွန်တော် ရှာပေးပါ့မယ်"

"ကျွန်မ အဲဒါတွေ သိပ်နားမလည်ပါဘူး"

"အေးလေ၊ အဲဒါတွေက နောက်မှ စဉ်းစားပါ"

ဦးယုကြည်သည် စားပွဲပေါ်မှ ကော်ဖီပန်းကန်ကို ယူပြီး တကျိုက်တည်း မော့သောက်လိုက်သည်။ လက်ဆွဲအိတ်ဇစ်ကို ဆွဲဖွင့်လိုက်ပြီး အထဲမှ သားရေအိတ်အနက် သေးသေး

လေးကို ထုတ်ယူလိုက်၏။ ဒေါ်ခင်မူ ရုတ်တရက် မျက်နှာ ညှိုးသွားသည်။ ဦးယုကြည်ကလည်း အလိုက်သိစွာပင် သားရေအိတ် ကလေးကို ပြန်ထည့် ထားလိုက်သည်။ ဒေါ်ခင်မူသည် သားရေအိတ်ကို မြင်သဖြင့် ဦးကြာစိန်ကို ရုတ်တရက် သတိရသွားခြင်း ဖြစ်လေသည်။ ဦးကြာစိန်မှာ လည်း ဒီလို သားရေအိတ်ကလေးမျိုး ရှိသည်။ ဆေးတန်ထည့် သော အိတ်။ ဦးယုကြည်ရော ဦးကြာစိန်ပါ ဆေးတန်သမား များ ဖြစ်ကြသည်။

"အဲဒီတော့ဗျာ၊ အခု ပြောရမှာက ကိုကြာစိန်အနေနဲ့ အခြားလူတွေဆီက ရစရာရှိတဲ့ငွေ၊ သူက ပေးရမယ့် ငွေ၊ ဘဏ်လက်ကျန် ငွေ၊ အဲဒါတွေ မခင်မူ သိသလား"

ဒေါ်ခင်မူ ခေါင်းခါသည်။

"ဟုတ်တယ်ဗျာ၊ တကယ်တော့ ခင်ဗျား သိသင့်တယ်။ ကိုကြာစိန်ကိုလဲ မကြာခဏ ပြောခဲ့ပါတယ်။ ကိုကြာစိန်ကလဲ





အသိပေးချင်တယ်။ ဒါပေမယ့် ခင်ဗျားက အဲဒါတွေ စိတ်မဝင် စားဘူးလို့ ပြောတယ်ဆို"

ဒေါ်ခင်မူ ခေါင်းညိတ်ပြန်သည်။

"အခုတော့ စိတ်မဝင်စားလို့ မရတော့ဘူး။ တခုတော့ ရှိတယ်။ မခင်မူအနေနဲ့ သိထားရုံပါပဲ။ စီစဉ်တာကတော့ ကျွန် တော်က ဆောင်ရွက်ပေးရမှာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ဦးယုကြည်သည် လက်ဆွဲအိတ်ကို နှိုက်ပြန်သည်။ ဒီ တစ်ခါတော့ ဖိုင်တွဲတစ်ခု ဆွဲထုတ်ခြင်း ဖြစ်သည်။ ပေါင်ပေါ် မှာ တင်လိုက်ပြီး ဖိုင်တွဲကို ဖွင့်သည်။ စာရွက်တွေ လှန်သည်။ ပြီးတော့ ဒေါ်ခင်မူကို တစ်ရွက်ချင်း ရှင်းပြနေသည်။ ကိန်းဂ ဏာန်းတွေ ပြောသည်။ ဒေါ်ခင်မူ သေသေချာချာ နားမ လည်။ တစ်ခုပဲ နားလည်သည်။ ဘဏ်လက်ကျန်ငွေ ခုနစ်

သောင်း၊ ငါးငံထောင်၊ ကိုးရာ၊ ခြောက်ဆယ့်၊ ခုနစ်ကျပ်နှင့် နှစ်ဆယ့်လေးပြား။

"အဲဒါပါပဲ မခင်မူ၊ တချို့ကိစ္စတွေကတော့ ဒီတစ်ပတ် နှစ်ပတ်အတွင်း ပြီးသွားမှာပါ။ တချို့ကတော့ အချိန်ယူတန် ယူရလိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့၊ ဦးယုကြည် ကောင်းသလိုသာ စီစဉ်ပါ။ ကျွန် မ အားလုံး လွှဲအပ်ပါတယ်။ ယုံလဲ ယုံကြည်ပါတယ်"

"စိတ်ချပါဗျာ၊ ကျွန်တော် တာဝန်ယူပါတယ်။ အဲဒါ ပြီးတော့ မခင်မူကို အရေးကြီးတာလေး တစ်ခု မေးချင်ပ ါတယ်"

"မေးပါ၊ ဦးယုကြည်"

ဦးယုကြည်သည် ဒေါ်ခင်မူကို ခဏမျှ စိုက်ကြည့်လိုက် ပြီး.......





"ဒီလိုဗျာ၊ မမေးလို့လဲ မဖြစ်ဘူး၊ ဒါကြောင့်ပါ။ အား တော့နာတယ်ဗျာ"

ခဏမျှ စဉ်းစားယင်း အသင့်တော်ဆုံး စကားလုံးကို ရွေး ချယ်သည်။

"ကိုကြာစိန်ဟာ သူ့ရဲ့နောက်ဆုံးအချိန်မှာ မခင်မူကို ဘာများ မှာသွားပါသေးသလဲ"

"ရှင်"

ဒေါ်ခင်မူ ဦးယုကြည်ကို ငေးကြောင် ကြည့်နေမိသည်။ ဦးယုကြည်က ပြောသာပြောပါဆိုသော သဘောဖြင့် ခေါင်း ဆတ်ပြသည်။ ဒေါ်ခင်မူက......

"ကျွန်မ မပြောပါရစေနဲ့ရှင်"

"မဟုတ်သေးဘူး မခင်မူ၊ ခင်ဗျားရဲ့ အကျိုးအတွက်လဲ ပါ ပါတယ်။ ကိုကြာစိန်ရဲ့ ရှေ့နေတစ်ယောက် အနေနဲ့

မေးတာပါ"

ဒေါ်ခင်မူ ခေါင်းခါသည်။

"ကျွန်မရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စမို့ပါ။ ဦးယုကြည်နဲ့ မသက်ဆိုင်တဲ့ ကိစ္စပါ"

ဦးယုကြည် လက်လှမ်းကာ ပြပြီး....

"အို ဆောရီး မခင်မူ။ ကျွန်တော်က တိုက်ရိုက်မေးရမှာ အားနာလို့ပါ။ ကျွန်တော် မေးချင်တာက စီးပွားရေးကိစ္စပါ။ ကိုကြာစိန်ရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာ၊ အဲ အမွေပေါ့လေ။ အဲဒါနဲ့ ပတ်သက်လို့ ဘာများ ပြောသွားပါသေးလဲလို့ မေးတာပါ"

"ဘာမှ ပြောမသွားပါဘူး"

ဒေါ်ခင်မူ ခပ်တိုတို ဖြေသည်။





"အိုကေ၊ ဒါပါပဲ ကျွန်တော် သိချင်တာ။ ကျွန်တော်တခု သတိပေးချင်တာကတော့ ကိုကြာစိန်ရဲ့ အမွေကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာတစ်ခုခု ဖြစ်လာခဲ့ယင် ကျွန်တော့်ကို အသိမပေးပဲနဲ့ ဘာမှမလုပ်စေချင်ဘူး။ စကားပြောစရာရှိယင် ကျွန်မရဲ့ရှေ့နေ ဦးယုကြည်နဲ့ ပြောပါလို့သာ ကျွန်တော့်ကို လွှဲလိုက်ပါ။ ဒါပါပဲ"

ဦးယုကြည်သည် စကားကို အဆုံးသတ်ပြီး ဒေါ်ခင်မူကို အကဲခတ်လိုက်သည်။ ဒေါ်ခင်မူသည် ဦးကြာစိန်နှင့် ပတ်သက်သော စကားများကိုသာ ဆက်တိုက် ကြားခဲ့ရသဖြင့် သူ့ခင်ပွန်းကို သတိရ လွမ်းဆွတ်သွားဟန် တူသည်။ လောလောဆယ်တွင် သူ့ထံ၌ ဝမ်းနည်းခြင်းတစ်ခုသာ တွေ့ရသည်။ အမွေပစ္စည်းများနှင့် ပတ်သက်၍ စဉ်းစားနေသော အရိပ်အရောင် မတွေ့ရ။ သူသည် ဦးကြာစိန်ကို လပ်ထပ်ခဲ့ခြင်းသည် ဥစ္စာပစ္စည်းကို မြော်မြင်သောကြောင့် မဟုတ်ဟု

ဦးယုကြည် ဆုံးဖြတ်လိုက်မိသည်။ ဒေါ်ခင်မူကိုလည်း လေးစားသွားမိသည်။

"ခုလို မခင်မူရဲ့ စိတ်ကိုအနှောင့်အယှက် ပေးမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်။ ဘာပဲဖြစ်ဖြစ် ခုနပြောတဲ့ကိစ္စအတွက် ကျွန်တော် တာဝန်ယူပါတယ်။ မခင်မူဘာမှ အာမငယ်စေချင်ဘူး"

ဦးယုကြည်က အာပေးစကား ပြောနေသော်လည်း ဒေါ်ခင်မူ၏ မျက်နှာမှာ ညှိုးငယ်နေဆဲ။ တကယ်တော့ လင်သေပြီးစ မုဆိုးမတို့မည်သည် မီးဖိုချောင်ထဲမှာ ဆားကုန်နေတာ ကလေးလောက်ကိုပင် အားငယ်စရာအဖြစ် ကြံဖန်တွေးတော ပူပင်တတ်ကြသည် မဟုတ်လား။

❀ ❀ ❀ ❀ ❀





## အခန်း(၄)

ဤလောက၌ မိန်းမတို့သည် ယောကျ်ားတို့ရှေ့တွင် အချို့သော အမှုအကျင့်များကို ပြုလုပ်ရန် ရှက်ရွံ့တတ်ကြ၏။ သို့ရာတွင် အောက်ပါ ပုဂ္ဂိုလ် အမျိုးအစားများ မပါဝင်ချေ။

လက္ခဏာဆရာ။

ဘတ်စ်ကားပေါ်တွင် ယောကျ်ားတယောက်နှင့် ဘေး ချင်းယှဉ် ထိုင်မိသောအခါမှာပင် ပုခုံးချင်း မထိမိအောင် ကိုယ် ကို ကျုံ့ထားတတ်သော်လည်း လက္ခဏာဆရာအားမူ မိမိလက် ဖဝါးကို ကြည်ကြည်ဖြူဖြူ ကိုင်ခွင်ပေးတတ်လေသည်။

ဓာတ်ပုံဆရာ။

လူစိမ်းယောကျ်ားတစ်ဦးကို မျက်မွေးထော် မော်၍ပင် မကြည့်တတ်သော်လည်း ဓာတ်ပုံဆရာ၏ရှေ့တွင် မြက်ခင်း ပေါ် လှဲအိပ်ခြင်း၊ မေးကို လက်ဖြင့်ထောက်၍ မျက်လုံး ထောင့် ကပ်ကြည့်ခြင်း ပြုံးရယ်ခြင်း၊ မူးခြင်း၊ နွဲ့ခြင်း စသော ကိုယ် ဟန်အမူအရာ အမျိုးမျိုးလုပ်ပြရန် ဝန်မလေးချေ။

နောက်ပြီးတော့

ဗိုက်သား၊ ခါးသား ပေါ်မည်စိုး၍ အကျီကို မကြာခဏ ဆွဲချတတ်သော မိန်းကလေးမျိုးပင်ဖြစ်စေ ဆရာဝန်ကဆေး ထိုးမည်ဆိုလျှင်.....





နာမှာကြောက်တာတစ်ခုသာ စိတ်ထဲ၌ သတိပြုမိတတ် ပေသည်။

❀ ❀ ❀ ❀ ❀

ဆရာဝန်ဇင်မင်းလတ်သည် သူ့ ဆေးခန်းကလေးထဲ တွင်ထိုင်နေသည်။ ကိုင်ဇာ သီချင်းတစ်ပုဒ်အတိုင်း လေချွန် နေမိ၏။

အလိုက်မှာ "သူမလာ လာ လာ၊ လာလာလာ ကိုယ်က စောင့်ရမှာ" တဲ့။

သူသည် လူနာအလာ စောင့်နေခြင်း ဖြစ်လေသည်။

ဟောက်စ်ဆာဂျင်ခေါ် အလုပ်သင် ဆရာဝန်အဖြစ် ဆေးရုံတွေ ဆင်းပြီးသွားခဲ့သည်မှာ နှစ်ပတ်ခန့်သာ ရှိသေး သည်။ ထို့အတူ ဤဆေးခန်းမှာ သူစထိုင်ခဲ့သည်မှာလည်း

ရက်ပိုင်းသာ ရှိသေးသည်။

အလျှင်က ဤဆေးခန်းမှာ ထိုင်သူမှာ သူ့ဆရာ ဖြစ်သည်။ ဆရာ နယ်ပြောင်းသွားသောအခါ ဆေးခန်းပိုင်ရှင်ကို သူနှင့် ဆက်သွယ်ပေးခဲ့သည်။ ထို့ကြောင့် သူ လာထိုင်ခြင်းဖြစ်သည်။ သူသည် အလုပ်သင်ဆရာဝန် ဘဝတုန်းက မြို့စွန်က အခြားဆေးခန်းတစ်ခုမှာ ဝါရင့် ဆရာဝန်တစ်ဦးနှင့် ပူးတွဲထိုင်ခဲ့ဖူးသည်။ တဦးတည်း ပင်တိုင် ဆရာဝန်အဖြစ်နှင့်တော့ ဤဆေးခန်းသည် ပထမဆုံး။

သူ စရောက်သည့်နေ့မှစ၍ ခုထိဆေးခန်းကို လူနာအလာ နည်းနေသည်။ လူနာဆိုတာကလည်း ရုပ်ရှင်ပရိသတ်လို အစွဲ ရှိတတ်သည်။ ဆရာဝန်တစ်ယောက်က တစ်ယောက်ပြောင်းဖို့ တော်တော်စဉ်းစားလေ့ ရှိကြသည်။ သူတို့ဘက်က ကြည့်ပြန်တော့လည်း မှန်သည်။ လူနာများသည် ဆရာဝန်ထံရောက်ရှိလာခြင်းမှာ အပ်ချုပ်ဆိုင်တွင် အင်္ကျီတစ်ထည်





အပ်ရန် လာခြင်း မဟုတ်ဘဲ သူတို့၏ ကိုယ်ခန္ဓာများကို အပ်ရန်ရောက်ရှိလာခြင်း ဖြစ်သောကြောင့်ပင်။

ပြီးတော့ ဇင်မင်းလတ်သည် အပတိတ်အဟန့် မကောင်းချေ။ အသက်ကလည်း ငယ်သေးသည်။ ခုမှ နှစ်ဆယ့်ခြောက်နှစ်။ လူပုံကလည်း ပိန်ပိန်ပါးပါး။ အဝတ်အစား တောက်တောက်ပြောင်ပြောင်၊ သပ်သပ်ရပ်ရပ် မရှိ။ သို့ရာတွင် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု ရှိသည်။ သူသည် ပင်ကိုယ်ဉာဏ်ကောင်းသူဖြစ်သည့်အပြင် ဆရာဝန်ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့သူလည်း ဖြစ်သည်။ ခုလောလောဆယ်တွင် သူ့ဆေးခန်း၌ လူနာပါနေသည်တော့ အမှန်။

ထိုအချိန်တွင် ဆေးခန်းရှေ့သို့ ကားအသစ်ကလေးတစီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ဒရိုင်ဘာ ဖြစ်ဟန်တူသော အဘိုးကြီးတယောက် ဆင်းလာသည်။ ဆေးခန်းပိုင်ရှင်ဆီ လာသော ဧည့်သည် ဖြစ်မည်ထင်၍ တစ်ချက်သာ လှမ်းကြည့်

မိသည်။ ပက်လက်ကုလားထိုင်မှာ ထိုင်မြဲ ထိုင်ယင်း ဖတ်လက်စ မဂ္ဂဇင်းကို ဆက်ဖတ်နေ၏။ အဘိုးကြီးသည် သူ့ဆေးခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာတော့မှ ဆတ်ကနဲ ထရပ်ပြီး ကြိုဆိုလိုက်သည်။

"ဒေါက်တာရှိလား"

အဘိုးကြီးက မေးသောကြောင့် သူက ရှိပါတယ်ဟု ဖြေလိုက်သည်။ အဘိုးကြီးသည် သူ့ကို ဘာမျှ ထပ် မမေးတော့ဘဲ စမ်းသပ်ခန်းထဲ စွတ်ဝင်သွားသည်။ သူလည်း ယောင်ကြောင်ပြီး လိုက်ဝင်သွားမိသည်။ စမ်းသပ်ခန်းထဲမှာ ဘယ်သူ့မှ မတွေ့တော့မှ အဘိုးကြီးက.....

"ဒေါက်တာ ရှိတယ်ဆို၊ ဘယ်မှာလဲ"

ထိုအခါမှ ဇင်မင်လတ် သဘောပေါက်သွားသည်။ အဘိုး ကြီးသည် သူ့ကို ဆရာဝန်ဟု မထင်။ ဆေးခန်းက





ကူဖော်လောင်ဖက်ကောင်လေးဟု ထင်မလားမသိ။ ဒီကောင်လေးကလည်း လက်ဖက်ရည် သွားသောက်နေသောကြောင့် သူ့ကို ထင်သွားနိုင်လောက်သည်။

"သြော် ဒေါက်တာဦးလှရီကို ပြောတာလားခင်ဗျာ။ ဆရာက နယ်ကို ပြောင်းသွားပါပြီ၊ ဘာကိစ္စများပါလိမ့်"

"ဟိုဒင်း၊ ဒါနဲ့ ငါ့တူက"

"ကျွန်တော် ဒီဆေးခန်းက ဆရာဝန်ပါ"

"သြော်"

အဘိုးကြီး၏ မျက်နှာတွင် အတန်ငယ် အံ့သြဟန် ဖြစ်သွား၏။ ပြီးတော့မှ....

"ဒါဖြင့်လဲ ဆရာလေးပဲ လိုက်ခဲ့ပါ။ ဟိုမှာ မခင်မူရယ် နည်းနည်း နေမကောင်းလို့"

ဇင်မင်းလတ် ခဏစဉ်းစားသည်။ ထိုအချိန်တွင် ဆေးခန်းက ကောင်လေး ပြန်ရောက်လာသည်။ ထို့ကြောင့် လူနာလာလျှင် ခဏ စောင့်ခိုင်းဖို့ မှာပြီး လိုက်သွားသည်။

ဒေါ်ခင်မူ၏ တိုက်ရှေ့မှာ ကားရပ်လိုက်ပြီးနောက် အဘိုးကြီးက ကားတံခါးဖွင့်ပေးရန် ပျာပျာသလဲ ပြေးဆင်းလာသည်။ ထိုအချိန်တွင် ဇင်မင်းလတ်က ကားတံခါးကို ဖွင့်ပြီး ဆင်းပြီးနေပြီ။ အဘိုးကြီးက သူ့လက်ဆွဲအိတ်ကို လှမ်းယူဖို့ ပြင်သည်။ သူက.....

"နေပါစေ ဦးလေး၊ ကျွန်တော့်ဘာသာ ဆွဲခဲ့ပါ့မယ်။ ပေါ့ပေါ့လေးပါ"

ဟု ပြောလိုက်သည်။ အဘိုးကြီးက ဒီဆရာဝန် ဘယ်နှယ်ဟာပါလိမ့်မလဲဟု တွေးရင်းက တိုက်ထဲသို့ ဦးဆောင် ခေါ်သွားလေသည်။





ဇင်မင်းလတ် စိတ်ထဲတွင် နည်းနည်းတော့ လှုပ်ရှားမိသည်။ အဘယ်ကြောင့်ဆိုသော် သူ ဆရာဝန်ဘဝတွင် ခုတစ်ကြိမ်သည် ပထမဆုံး အိမ်သို့ အပင့်အခေါ်ခံရခြင်း ဖြစ်သောကြောင့်ပင်။ ပြီးတော့ သူကုသရမည့်သူက မိန်းမတစ်ယောက်။

ကြမ်းပြင်က ပြောင်လက်နေသည်။ အိမ်ထောင်ပရိဘောဂတွေက အကောင်းစားတွေချည်း။ လှပခန့်ညားသော လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်သွားရသည်။ အခန်းကျဉ်းကလေး တစ်ခန်းကို ကျော်ပြီးနောက် အိပ်ခန်းဟု ထင်ရသော အခန်းတစ်ခုရှေ့သို့ ရောက်လာသည်။ အဘိုးကြီးက ဦးဆောင်ပြီး အခန်းထဲဝင်သည်။ ဇင်မင်းလတ်သည် နောက်က လိုက်ဝင်လာရင်း အဘိုးကြီး၏ ပခုံးပေါ်မှ ကျော်၍ ကြည့်လိုက်၏။

သူ့ခြေလှမ်းသည် မဆိုစလောက် တုံ့သွားသည်။ နှစ်

ယောက်အိပ် ခုတင်ကြီးပေါ်တွင် ခေါင်းအုံးနှစ်လုံးကို ထပ်လျက် ကျောမှီပြီး ခြေဆင်းထိုင်နေသော အမျိုးသမီးကြီးတစ်ဦး။ ဇင်မင်လတ် တစ်စုံတစ်ခုကို သတိရလိုက်သည်။ သူ့ဆရာက မှာသွားသောစကား။ လွန်ခဲ့သော တစ်လခန့်က ဦးကြာစိန် သေဆုံးသွားကြောင်း၊ ဒေါ်ခင်မူတစ်ယောက်တည်း ကျန်ခဲ့ကြောင်း၊ ဆရာမရှိတော့သည့်နောက် အကူအညီပေးဖို့အကြောင်း။

ဒေါ်ခင်မူသည်လည်း ဒရိုင်ဘာအဘိုးကြီးလိုပင် ဆေးအိတ်ကို ကိုယ်တိုင်ကိုင်၍ ဝင်လာသော ဇင်မင်းလတ်အား ဆရာဝန်ဟု မထင်ချေ။ ဇင်မင်းလတ်ကို တစ်ချက်မျှသာ လှမ်းကြည့်ပြီးနောက်က ဝင်လာမည့် ဒေါက်တာ ဦးလှရီကို ရှာသည်။ ဘယ်သူမှ ထပ်ဝင်မလာသဖြင့် နားမလည်သလို ဖြစ်သွား၏။ ဒရိုင်ဘာ အဘိုးကြီးက ဝင်ရှင်းပြလိုက်သည်။ ထိုအခါကျမှ......





“ဪ ထိုင်ပါဆရာ”

ဇင်မင်းလတ်သည် ခုတင်ဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ဒေါ်ခင်မူ၏ အသံသည် အားနည်းနေကြောင်း သိသာစေသည်။ မျက်လုံးတွေကလည်း ညိုးငယ်နေသည်။

“ဘာဖြစ်လို့လဲ”

ဇင်မင်းလတ်က မေးသည်။

“ဘာဖြစ်သွားမှန်း မသိဘူးဆရာ။ ထိုင်ရာက ထလိုက်တော့ ရုတ်တရက် မျက်လုံးတွေ ပြာပြီး မူးသွားလို့”

ဇင်မင်းလတ်က ခေါင်းညိတ်လိုက်၏။ ဒေါ်ခင်မူ၏ လက်ကိုစမ်းကြည့်သည်။ အဖျားသွေးမရှိ။ နားကျပ်ကို ထုတ်ပြီး စမ်းကြည့်ပြန်သည်။

“အိပ်ပျက်သလား” ဟု မေးလိုက်သည်။

ဒေါ်ခင်မူက ခေါင်းညိတ်ပြသည်။ သွေးပေါင်ချိန် တိုင်း ကြည့်သည်။

"ဘာမှမဖြစ်ပါဘူး၊ အားလုံးကောင်းပါတယ်။ ဒါပေမယ့် အာနည်းနေတယ်"

အကြောဆေးတစ်လုံး ထိုးပေးလိုက်သည်။ အိပ်ဆေးပေးသည်။ အသင့်ပါလာသော အားဆေးအနည်းငယ်ပေးသည်။ ဝယ်သောက်ဖို့ အားဆေးနှင့် စိတ်ငြိမ်ဆေးကို ရေးပေးလိုက်သည်။

"ကော်ဖီ သောက်ပါဦး ဆရာ"

ဇင်မင်းလတ် ကော်ဖီသောက်သည်။ နက်စ်ကော်ဖီ ဖြစ်လေသည်။ သူ ကော်ဖီသောက်ပြီးချိန်တွင် ဒေါ်ခင်မူ စကားပြောသည်။

"ဒေါက်တာ ဦးလှရီက ကျွန်မတို့ရဲ့ မိသားစု ဆရာ





ဝန်ပါ။ ဆရာ့ကို ဦးလှရီက ဆေးခန်းကို လွှဲခဲ့တယ်ဆိုတော့ နောက် အကူအညီလိုယင် ဆရာ့ဆီပဲ လာရမှာပဲ"

"ရပါတယ် ခင်ဗျာ၊ ကျွန်တော့်ဆရာကလဲ မှာခဲ့ပါတယ်။ လိုအပ်တာရှိယင် အကူအညီပေးဖို့"

"ကျေးဇူးပါပဲ ဆရာ"

"ဖြစ်နိုင်ယင်တော့ အိပ်ရေးပျက် မခံပါနဲ့။ ဒီနေ့က စပြီး အေးအေးဆေးဆေး အနားယူပါ။ ကိုယ်ရော၊ စိတ်ရောပေါ့။ အကြောင်းရှိယင်လဲ ကျွန်တော့်ဆီ လာခဲ့ပါ။ ညနေ ငါးနာရီကနေ ည ကိုးနာရီထိ ဆေးခန်းမှာ ရှိပါတယ်"

"ဟုတ်ကဲ့" ဟု ဆိုပြီး ထမင်းချက် မကြင်ပုအား မှန်တင်ခုံပေါ်မှ ပိုက်ဆံအိတ် ယူပေးဖို့ လှမ်းပြောသည်။

ဇင်မင်းလတ် နည်းနည်း ရင်ခုန်နေသည်။ ဒေါ်ခင်မူ၏ အလှအပကြောင့် မဟုတ်ဟုထင်သည်။ သူသည် မိမိကုသ

နေရသော လူနာအပေါ် 'လူနာ' အဖြစ်မှတစ်ပါး အခြားသော စိတ်မျိုး မထားသင့်ဟုဆိုသော ဆရာဝန်တို့၏ ပဋိညာဉ်ကို နားလည်ပါသည်။ အိမ်သို့ ပင့်ခေါ်ခြင်း ခံရသော ပထမဆုံး အတွေ့အကြုံကြောင့်လည်းကောင်း၊ သူလို ချာတိတ်ဆရာဝန်ကို ချမ်းသာကြွယ်ဝသော အမျိုးသမီးကြီးတစ်ဦးက မိသားစုဆရာဝန်အဖြစ် ခန့်အပ်လိုက်ခြင်းကြောင့်လည်းကောင်း စိတ်လှုပ်ရှားမိခြင်းသာ ဖြစ်တန်ရာသည်။

"ဘယ်လောက်ကျပါသလဲ ဆရာ"

ဇင်မင်းလတ်သည် ရုတ်တရက် အမေးခံလိုက်ရသဖြင့် ယောင်ပြီး "ဟာ ကိစ္စမရှိပါဘူး"ဟုပြောမိသည်။

"အို မဟုတ်တာပဲ ဆရာရယ်"

ဟု ဆိုပြီး ဒေါ်ခင်မူက ဆယ်တန်ငါးရွက်ကို လက်နှစ်ဘက်ဖြင့် တလေးတစားပေးသည်။ ဇင်မင်းလတ်က လှမ်းယူလိုက်ပြီးမှ....





"ဒီလောက် မလိုပါဘူးခင်ဗျာ၊ အားလုံး သုံးဆယ်ပဲ ကျပါတယ်"

ပိုက်ဆံနှစ်ဆယ်ပြန်ပေးသည်။ ဘာကြောင့်မှန်းတော့ မသိ။ ဒေါ်ခင်မူသည် ရိုးသားဟန်တူပြီး နွမ်းပါးပုံရသော ဆရာဝန်ပိန်ပိန်ကလေးကို သနားသွားသလိုလို ဖြစ်မိသည်။ လူနာတစ်ယောက်သည် ဆရာဝန်တစ်ယောက်ကို ပြန်၍ သနားနေခြင်းသည် သိပ်တော့ သဘာဝမကျလှချေ။ တကယ်ဆိုလျှင် ဇင်မင်းလတ်ကသာ ဒေါ်ခင်မူကို သနားသင့်သည်။ ပိုက်ဆံမရှိခြင်းထက် အားကိုးစရာ မရှိခြင်းက ပို၍ သနားစရာကောင်းသည် မဟုတ်လား။

ဤသို့ဖြင့် ဒေါ်ခင်မှုသည် မိတ်ဆွေသုံးဦးကို ရရှိခဲ့လေ သည်၊ ဦးဘသိန်း၊ ဦးသုကြည်နှင့် ဝင်းမင်းလတ်တို့ ဖြစ်၏၊ တစ်ယောက်က ရုံးလေလကမှ အရာရှိ တစ်ယောက်က ရှေ့နေ၊ တစ်ယောက်က ဆရာဝန်၊ သူတို့ သုံးဦးစလုံးသည် ဒေါ်ခင်မှု ကို ကူညီခဲ့ကြသူများ ဖြစ်သည်၊

ဦးဘသိန်း၏ ကူညီမှုကြောင့် ရုံးကိစ္စ အဆင်ပြေသွားသည်၊ ကိုယ်တိုင် မသွားမဖြစ်သော တစ်ခါနှစ်ခါလောက်သာ ဒေါ်ခင်မှု သွား လိုက်ရသည်၊ ကျန်ကိစ္စများကို ဦးဘသိန်းက သူနည်း သူ့ဟန်ဖြင့် ဆောင်ရွက်လိုက်သည်၊ ငွေရရှိပြီးသည် အထိ အဆင်ပြေပြေ ဖြစ်သွား လေသည်၊

ဦးသုကြည်သည် စာရင်းရှင်းစရာရှိသော ကိစ္စများ အတွက် ဆောင်ရွက်ပေးသည်၊ ဘဏ်စာရင်း၊ ကားပိုင်ရှင် အမည်၊ အိမ်ဂရန် စသည်တို့ကို ဒေါ်ခင်မှုအမည်သို့ လွှဲ ပြောင်းရန် စီစဉ်သည်၊

ဝင်းမင်းလတ်သည် ဒေါ်ခင်မှု၏ မိသားစုဆရာဝန်အဖြစ် ကျန်းမာ ရေး ကိစ္စကို တာဝန်ယူသည်၊ အစားအသောက် နည်းပါး၊ အိပ်ရေးပျက်၊ စိတ်အားလျော့နေသဖြင့် အားနည်း နေသော ဒေါ်ခင်မှုကို ပြန်လည်ပြုစု ပျိုးထောင်ပေးသည်၊

ဤမျှလောက် ပြောလျှင်ပင် ထိုပုဂ္ဂိုလ် သုံးဦးသည် ဒေါ် ခင်မှုနှင့် အတော်ရင်းနှီးနေပြီ ဖြစ်ကြောင်းသိသာပေပြီ၊ ထို သို့ ရင်းနှီးရာမှ တဆင့် ဒေါ်ခင်မှုအပေါ်သဘောထားတွေ ပြောင်းလဲလာကြခြင်း၊ တနည်းအားဖြင့် ဦးကြာစိန်ဆုံးပြီး ခြောက်လခန့်ကြာသော အချိန်အခါ သည် ဤဇာတ်လမ်း၏ အလယ် ဖြစ်ပေသည်၊





## အခန်း(၅)

စနေနေ့ ရုံးဆင်းချိန်တွင် ဦးဘသိန်း ရောက်ရှိလာသည်။ သူသည် ခုလိုပင် နှစ်ပတ်သုံးပတ် တစ်ခါလောက် ရောက်လာ တတ်သည်။ အကြောင်းမဲ့သက်သက် လာခြင်းတော့ မဟုတ်။ ထိုအတူ ကိစ္စအထွေအထူး ရှိ၍လာခြင်းလည်း မဟုတ် အကြောင်း မရှိ အကြောင်းရှာပြီး လာခြင်းသာ ဖြစ်သည်။

ရုံးကို ဦးကြာစိန်၏ မိတ်ဆွေတစ်ယောက်လာကြောင်း ဦးကြာစိန် ဆုံးသွားကြောင်း မသိ၍ လာခြင်းဖြစ်ကြောင်း၊ ထိုမိတ်ဆွေက စိတ်မကောင်းကြောင်း ပြောသွားသဖြင့် လာပြောခြင်းဖြစ်ကြောင်း စသော အကြောင်းပြချက်များဖြင့် "ကျွန်တော်ဖုန်းဆက်ပြီး ပြောဦးမလို့ပဲ မရောက်တာလဲ ကြာ၊ နောက်ပြီး ဒေါ်ခင်မူများ ဘာအကူအညီလိုဦးမလဲလို့" ဟူသော စကားဖြင့်လည်း သက်သေထူတတ်သည်။ ဘာအကူအညီ လိုသေးလဲဟု သုံးနှုန်းလိုက်သော်လည်း သူ့မျက်နှာထားက တော့ ဘာခိုင်းစရာ ရှိသေးလဲ ဆိုသော ဟန်မျိုး ဖြစ်လေသည်။

ဒီနေ့တွင်လည်း....

"ဆရာဦးကြာစိန်ရဲ့ မှတ်စုစာအုပ်တစ်အုပ်ကို ရုံး စတိုခန်းထဲက ဗီရိုတစ်လုံးမှာ သွားတွေ့လို့ လာပေးတာ"

ဟူသော ဆင်ခြေဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ တကယ်တော့ စာအုပ်သည် ဘာမျှ အရေးပါခြင်း မရှိချေ။ ရုံး





လုပ်ငန်းများ၊ ချိန်းဆိုထားသော အလုပ်ကိစ္စများကို အကြမ်း မှတ်ထားသော စာအုပ်သာ ဖြစ်သည်။

"ဒေါ်ခင်မူကသာ မမှတ်မိတာပါ၊ ဆရာရှိစဉ်တုန်း ဒီ အိမ်ကို ကျွန်တော် သုံးလေးခေါက် ရောက်ဖူးပါတယ်"

ဦးဘသိန်းသည် စကားကြုံတိုင်း ထိုအကြောင်းကို ပြော လေ့ရှိသည်။ ခုလည်း တစ်ခါ ထပ်ပြောပြန်သည်။ ဒေါ်ခင်မူက လည်း ယခင်အခါတွေတုန်းကလိုပင် ပြန်ဖြေ၏။

"အဲဒီတုန်းက ကျွန်မကလည်း အိမ်မှုကိစ္စတွေနဲ့ ရှုပ်နေ တော့၊ နောက်ပြီး အစ်ကိုကြီးနဲ့ ဦးဘသိန်းကလဲ အလုပ်ကိစ္စ တိုင်ပင်နေတာ ဝင်မရှုပ်ချင်တာနဲ့ပဲ"

"ဟုတ်တယ်ဗျာ၊ ဆရာကတော့ သိပ်အလုပ်လုပ်တယ်၊ ရုံးမှာ မပြတ်ယင် အိမ်အထိယူလုပ်တာ။ အင်းလေ အလုပ် ပင်ပန်းလွန်းတဲ့ ဒဏ်လဲ ပါမှာပေါ့။ တကယ်လေးစားထိုက် တဲ့ ပုဂ္ဂိုလ်ပါပဲ။ ကျွန်တော်ကလဲ ဆရာ့တပည့်ရင်းဆိုတော့

ဆရာခြေရာကို နင်းနိုင်ဖို့ ကြိုးစားနေရတာပါဗျာ.. ဟဲ..ဟဲ"

သူ ဘာကို ဆိုလိုသလဲ။ ဆရာ့ခြေရာကို နင်းမယ်ဆိုတာ ဦးကြာစိန်လိုပင် အလုပ်ကို ကြိုးစားမှာ ပြောတာလား။ ဒေါ်ခင်မူကို ချိတ်လိုက်တာလား။ သို့တည်းမဟုတ် သူ့ဆရာ ဦးကြာစိန်လိုပင် ဦးနှောက်သွေးကြောပြတ်ပြီး သေမှာကို ပြောတာလား။ ဒေါ်ခင်မူကတော့ အလုပ်အပေါ် သံယောဇဉ်ကြီးရှာသော သူ့အစ်ကိုကြီး ဦးကြာစိန်ကို ဖျတ်ခနဲ လွမ်းဆွတ်သတိရလိုက်မိလေသည်။

"ဆရာက အလုပ် သိပ်လုပ်တယ်။ ဟိုဘက်ဌာနက ညွှန်မှူးက သိပ်မကြိုးစားချင်ဘူး။ ဌာနချင်းကလဲ အဆက်အသွယ်ရှိနေတော့ ဒီဘက်က ဆရာ အလုပ်လုပ်သလောက် ဟိုဘက်က လိုက်မလုပ်နိုင်ယင် သိက္ခာကျမယ်မဟုတ်လား။ အဲဒီတော့ သူလဲ လုပ်ရတော့တာပေါ့။ ဒါတောင်မှ ဆရာ့လောက် မလုပ်နိုင်တော့ သူ့ဘက်မှာ အလုပ်က တစ်ခါတစ်ခါ ပုံပုံသွားတယ်။ အဲဒါကို သူက သိပ်မကျေနပ်ဘူး။ ဆရာ မရှိတော့တဲ့နောက်





ဆရာ့နေရာကို ညွှန်မှူးအသစ် မရောက်ခင် ဟိုဘက်ညွှန်မှူးက တွဲကိုင်ရတယ်။ အဲဒီမှာ ဆရာ့တပည့်တွေဆိုယင် သူက နည်းနည်း နှိမ်ချင်တယ်။ ဒေါ်ခင်မူ ရုံးကို လာတုန်းက ဝန်ထမ်းတွေက သိပ်လှိုက်လှိုက်လဲလဲ နှုတ်မဆက်ရဲကြတာ အဲဒါကြောင့်ဗျ။ သူ့အငြိုးအငြင်ခံရမှာ ကြောက်လို့။ ဒါပေမယ့် ကျွန်တော်ကတော့ မရဘူးဗျ။ မှန်တဲ့ဘက်ကပဲ ရပ်မှာပဲ။ ဘာပဲဖြစ်နေနေ ဟုတ်တယ်လေ။ ကျွန်တော့်စိတ်က တစ်မျိုးဗျ။ မရဘူး။ ဒါကြောင့်လဲ ဒေါ်ခင်မူကိစ္စတုန်းက ကျွန်တော် ဒိုင်ခံပြီး ဆောင်ရွက်ပေးခဲ့တာပေါ့"

"ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ခုတော့ အစ်ကိုကြီးနေရာမှာ ညွှန်မှူးအသစ် ရောက်ရောပေါ့"

"ရောက်ပြီဗျ၊ အဲဒီညွှန်မှူးကလဲ မဆိုးပါဘူး"

"ခုရောက်တဲ့ ညွှန်မှူးကကော ဟိုဘက်က ညွှန်မှူးနဲ့" ဒေါ်ခင်မူ၏ စကားမဆုံးခင် ဦးဘသိန်းက ဖြတ်၍....

"ဟား သူတို့ နှစ်ယောက်ကတော့ အဆင်ပြေတယ်ဗျ။ တစ်ယောက်နဲ့ တစ်ယောက် ညှိပြီး လုပ်ကြတာကိုး"

ဦးဘသိန်းသည် သူ့စကားကို သူ့ဘာသာ သဘောကျပြီး ရယ်သည်။ ဒေါ်ခင်မူလည်း နည်းနည်း လိုက်ရယ်ရသည်။

ဦးဘသိန်းသည် ဦးကြာစိန်လက်အောက်က အရာရှိတဦးဖြစ်သည်။ ဦးကြာစိန်သည် သူ့ကို လက်ရုံးသဖွယ် အားကိုးသည်ဟု ဆိုသည်။ သူ့အသက်သည် ဒေါ်ခင်မူနှင့် မတိမ်းမယိမ်းလောက်ပင်ရှိမည်။ အိမ်ထောင်မရှိ။ လူပျိုကြီးဟု သူ့ပြောစကားများအရ သိရ၏။ သူ့ကိုယ်ခန္ဓာသည် လူငယ်တစ်ယောက်လို ကျစ်ကျစ်လစ်လစ် တောင့်တောင့်တင်းတော့ မဟုတ်။ သို့ရာတွင် ပြည့်ပြည့်ဝဝ ရှိသည်။ အသားအရေ စိုပြည်သည်။ ရုပ်အဆင်းကလည်း တည်တည်ခန့်ခန့် မဟုတ်သော်လည်း ပြေပြေပြစ် ရှိ၏။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ အရောင်နုများကို ဝတ်လေ့ရှိသည်။





သူသည် အသက် လေးဆယ်နား ကပ်နေပြီဖြစ်သော်လည်း လူငယ်မျှသာဖြစ်သော ဇင်မင်းလတ်ထက်ပင် ပို၍ သားနားပြီး ကြည့်ပျော် ရှုပျော် ရှိလေသည်။

"ဒေါ်ခင်မူ ဘာမှ အားမနာနဲ့နော်၊ ကျွန်တော့်ကို အကူအညီလိုရင် ပြောနော်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အရင်းအချာထဲကလို သဘောထားပေါ့။ ဆရာမရှိတဲ့နောက် ဒေါ်ခင်မူနဲ့ ပတ်သက်ပြီး ကျွန်တော်မှာ တာဝန်ရှိတယ်"

သူသည် အာဝဇ္ဇန်းလည်း အလွန်ရွှင်သူ ဖြစ်သည်။ အိမ်ကို လာလည်လျှင် သူကချည်း စကားတွေပြောတတ်သည်။ ဒေါ်ခင်မူသည် တစ်ခွန်းတလေ ဝင်ထောက်ပေးရုံကလွဲပြီး နားထောင်သမား သက်သက်။ ပြီးတော့ ဦးဘသိန်းသည် "ကျွန်တော်မှာ တာဝန်ရှိတယ်" ဆိုသောစကားကို မကြာခဏ ပြောတတ်လေသည်။ ဘာ တာဝန် ရှိတာလဲ။

❀ ❀ ❀ ❀ ❀

## အခန်း(၆)

ဒေါ်ခင်မူ၏ တိုယိုတာကရောင်း ကားကလေးသည် ပြည်လမ်းအတိုင်း မောင်းလာသည်။ ပြည်လမ်းသည် ကား အသွားအလာ ရှုပ်သည့်တိုင် လမ်းကျယ်သဖြင့် လွတ်လွတ် လပ်လပ် မောင်းနိုင်သည်။ အရှိန်ကို မြှင့်ချင် မြှင့်နိုင်သည်။ သို့ရာတွင် ဒေါ်ခင်မူ့ကားကတော့ ခပ်မှန်မှန်ပင် သွားနေ





သည်။ ဒေါ်ခင်မူသည် ကားမြန်မြန်မောင်းခြင်းကို မနှစ်သက် ကြောင်း ဒရိုင်ဘာအဘိုးကြီးက သိပြီးသား။ အချို့ကားဟောင်း ဟောင်းများပင် သူတို့ကားကို ကျော်တက်သွားကြသည်။

ဒေါ်ခင်မူသည် ကားကူရှင်နောက်မှီတွင် ကိုယ်လုံးကို နှစ်၍ မှီထားသည်။ တချို့လူများလို ကားစီးရခြင်း၏ အရသာ ကို ခံစားနေခြင်းတော့ မဟုတ်ချေ။ စိတ်ပင်ပန်းမှုဖြင့် တစ်ကိုယ်လုံး နွမ်းနယ်နေသောကြောင့် ဖြစ်သည်။

သူသည် ခုနပင် အစ်ကိုကြီး ဦးကြာစိန်ဆီ ရောက်ရှိခဲ့ သည်။ ဦးကြာစိန် စစ်စစ်ကို တွေ့ရတော့သည် မဟုတ်။ ဦးကြာစိန်၏ကိုယ်စား အလွမ်းပြေ ကြည့်ခဲ့ရခြင်းသာ ဖြစ် သည်။

ကြံတော သုသာန် အတွင်းရှိ သူ့အစ်ကိုကြီး၏ အုတ်ဂူက လေး။ သူသည် ထိုနေရာသို့ တစ်လတစ်ခေါက် မှန်မှန် ရောက်ဖြစ်သည်။ ဦးကြာစိန်ဆုံးသော လဆန်းခုနစ်ရက်

နေ့တိုင်း ဖြစ်၏။ အုတ်ဂူအနီး ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းသည်။ မြက်ပေါင်းပင်တွေ နုတ်ပစ်သည်။ ဖဲကြိုးကလေးဖြင့် စည်းနှောင်ထားသော နှင်းဆီပန်းစည်းကို အုတ်ဂူပေါ် တင်သည်။ ပြီးတော့ သူ့အစ်ကိုကြီးအား ရည်စူး၍ အုတ်ဂူကလေးကို ထိုင်ကန်တော့သည်။

ထိုနေရာမှ ပြန်လာပြီးတိုင်း သူ့မျက်နှာသည် ညှိုးနွမ်းနေလေ့ ရှိသည်။ အလွမ်းရိပ်များကိုလည်း သူ့မျက်လုံးထဲမှာ မြင်နေရသည်။ ထိုအခါမျိုးတွင် သူသည် ခုလိုပင် ကားပေါ်မှာ ငြိမ်သက်စွာ လိုက်ပါလာယင်း မောပန်းနေတတ်၏။ ပြီးတော့ ရက်သတ္တတစ်ပတ်လောက်ကြာအောင် အိပ်မပျော်ဘဲ ရှိနေရပြန်သည်။ အစားအသောက်ပါ လျှော့ပါးသွားပြီး အားနည်းလာရသည်။ အိပ်ရာပေါ်မှာ လှဲနေရပြန်၏။ ထိုအခါ ဇင်မင်းလတ်ကို သွားခေါ်ရလေသည်။

ကားသည် သူတို့လမ်းထိပ်က ဇင်မင်းလတ် ဆေးခန်းကို





ဖြတ်ကျော်မိသောအခါ ဒေါ်ခင်မူ တစ်ချက်လှမ်းကြည့်မိသည်။ ဆေးခန်းဖွင့်ထားသည်။ သူသည် ဇင်မင်းလတ်ကို ဝင်တွေ့ချင်လာသည်။ ကားရပ်ခိုင်းပြီး ပြန်ကွေ့ဖို့ ပြောလိုက်သည်။

ဆေးခန်းရှေ့မှာ ကားရပ်ပြီသောအခါ တော်တော်နှင့် မဆင်းဖြစ်။ ရှက်ရွံ့နေသောကြောင့် မဟုတ်။ မောနေသောကြောင့် ဖြစ်သည်။ ကားတံခါးခလုတ်ကို ဆွဲရန်နှင့် တွန်းဖွင့်ရန်ပင် အားမရှိသလို ဖြစ်သည်။ ကားပေါ်က ဆင်းပြီးတော့လည်း ကားကို မှီ၍ ခဏမျှ ရပ်နေရသေးသည်။

ဒရိုင်ဘာ အဘိုးကြီးက .....

"မခင်မူ အိမ်ရောက်မှ ဦးလေး ဒေါက်တာကို လာခေါ်လိုက်မယ်လေ" ဟု ပြောသည်။

သူ ခေါင်းခါလိုက်၏။

"ဦးလေး ဒေါက်တာကို ခုပြေးခေါ်လိုက်ရမလား"

"နေပါစေ ဦးလေး ရတယ်"

ဒေါ်ခင်မူသည် အားတင်းပြီး လျှောက်သည်။ အိမ်ပြန်ရောက်မှ ကားလွှတ်ပြီး ခေါ်ခိုင်းလျှင်ရပါလျက် သူ ဘာကြောင့် ခုလို လာခဲ့မိမှန်း သူ့ကိုယ်သူ မသိ။ လောလောဆယ် ခြေလှမ်းမှန်အောင် ထိန်းသိမ်းဖို့သာ ပဓာန။

ဆေးခန်းထဲ ဝင်မိသောအခါ အပြင်ခန်းရှိ လူနာစောင့်သော ခုံတန်းကလေးမှာ ထိုင်နေသော ဆေးခန်းအကူ ကောင်လေးသည်။ ပျာပျာသလဲ ထရပ်ပြီး ကြိုဆိုလိုက်၏။ ဒေါ်ခင်မူက ရှိသလားဆိုသော သဘောဖြင့် ခေါင်းဆတ်ပြီး မေးလိုက်သည်။ ကောင်လေးက အလျင်အမြန် ခေါင်းညိတ်ပြီး အထဲကို လက်ညှိုးထိုးပြသည်။ ဒေါ်ခင်မူသည် ဝင်ပေါက်၏ဘောင်ကို လက်ဖြင့်ထိန်းကိုင်ပြီး ခန်းဆီးစကို ဆွဲဖယ်လိုက်သည်။





ဇင်မင်းလတ်သည် စားပွဲမှာထိုင်ယင်း တစုံတခု ရေးနေသည်။ ဒေါ်ခင်မူ၏ လှုပ်ရှားမှုအရိပ်ကြောင့် ခေါင်းမော့ကြည့်သည်။ အံ့ဩဟန် ဖြစ်သွားပြီး မတ်တတ်ထရပ်လိုက်သည်။ ဇင်မင်းလတ်ကို မြင်လိုက်ရသောအခါ တင်းထားသောစိတ်ကို လျှော့ချလိုက်သောကြောင့်လား မသိ၊ အမှန်တကယ်ပင် မဟန်နိုင်တော့သောကြောင့်လား မသိ။

ခန်းဆီးစကို ဆုပ်ကိုင်ထားသော လက်သည် ပြေလျော့သွားသည်။ ဘောင်ကို ကိုင်ထားသော လက်သည် ပဏ္ဍာသဖွယ် ဖြစ်သွားသည်။ သူ့ကိုယ်သည် လည်ပြီး ရှေ့သို့ ယိမ်းထိုးသွားသည်။

ဇင်မင်းလတ်သည် ကုလားထိုင်ကို ခြေဖြင့် ခတ်လိုက်ပြီး ဒေါ်ခင်မူဆီ ပြေးသွားသည်။ ကုလားထိုင် လဲကျသွားသော်လည်း ဒေါ်ခင်မူ မလဲသေး။

အကြိမ်ကြိမ် ဇာတ်တိုက်ထားသော ပြဇာတ်ထဲက ပြ

ကွက်တခုလိုပင် ဒေါ်ခင်မူသည် ဇင်မင်းလတ်၏ ရင်ခွင်ထဲသို့ အလိုက်သင့် အံ့ဝင်ခွင်ကျ မှီလျက်သား ကျသွားလေ၏။

* * * * *

ဒေါ်ခင်မူသည် ထူးဆန်းသောခံစားမှုတစ်မျိုးကို ကြုံတွေ့နေရသည်။ ထိုခံစားမှုသည် ဇင်မင်းလတ်၏ ဆေးခန်းသို့ ရောက်ရှိခဲ့သည့်အချိန်မှ အစပြုကြောင်း ထင်ရှားလေသည်။

ဘယ်လိုဖြစ်ခဲ့လေသနည်း။ မှတ်မိသမျှ ပြန်စဉ်းစားသည်။ အားလုံးလိုလိုပင် မှတ်မိနေသည်ဟု ထင်၏။ ကြဲတော ကအပြန် ဇင်မင်းလတ်ဆေးခန်းကို ဝင်သည်။ ဆေးခန်းထဲ ရောက်သောအခါ မူးလဲသည်။ ဇင်မင်းလတ်က သူ့ကို ဝင်ပွေ့သည်။ သူသည် လုံးဝသတိလစ်သွားခြင်း မရှိခဲ့ပေ။ အားလုံး သိနေသည်။ ဇင်မင်းလတ်သည် ဆေးခန်းအကူကောင်လေးကို လှမ်းခေါ်သည်။ ကောင်လေး၏ အကူအညီဖြင့် သူ့ကို စမ်း





သပ် ခုတင်ပေါ် ပွေ့တင်သည်။ ကောင်လေးကို ယပ်ခပ်နိုင်းသံ ကြားရသည်။ ထိုနောက် ရှူဆေးနံ့ရသည်။ ရေဆွတ်ထားသော အဝတ်စဖြင့် မျက်နှာကိုသုတ်ပေးသည်။ သတိရလားဟု မေးသံကြားသည်။ သူခေါင်းညိတ်ပြသည်။ အသက်ဝအောင် ရှူဟု ပြောသည်။ ခဏအတွင်းမှာပင် အမူးပြေသွား၏။ မျက်စိကို ဖွင့်ကြည့်သောအခါ သူ့ကို ကြင်နာစွာ ကြည့်နေသော ဇင်မင်းလတ်ကို တွေ့ရလေသည်။ ထိုအခါတွင် သူသည် ပြန်လည်၍ မောပန်းလာပြန်၏။ သို့ရာတွင် ထိုအမောသည် ရောဂါဝေဒနာ ဖိစီးသဖြင့် မောသော အမောမျိုး မဟုတ်ချေ။

အထက်အဆိုပါ အမောသည်ပင်သူပထမဆုံး ကြုံတွေ့ဖူးသည့် ထူးဆန်းသော ခံစားမှုဖြစ်သည်။ ထိုအရာသည် ဘာဖြစ်သနည်း။ သူမစဉ်းစားရဲ။ မဆုံးဖြတ်ရဲသေးချေ။

* * * * *

ဇင်မင်းလတ်ကမူ ပြက်ပြက်ထင်ထင် မြင်လိုက်ရလေသည်။ ဒေါ်ခင်မူ သူ့ရင်ခွင်ထဲ မှီကျလာသောအခါ ရုတ်တရက် ထပြီးလည်ပတ်သော ရေစုတ်စက်တစ်လုံးလို သူ့နှလုံးသားသည် တဒုတ်ဒုတ် မောင်းခုတ်လာ၏။ သူသည် ခဏမျှ ဆရာဝန်စိတ် ပျောက်သွားရသည်။ ဒေါ်ခင်မူကို ဆယ်စက္ကန့် လောက်ကြာအောင် တွေတွေကြီး ငေးစိုက် ကြည့်နေမိခြင်း ဖြစ်သည်။ ဒေါ်ခင်မူ၏ လက်ချောင်းကလေးများသည် ဇင်မင်းလတ်၏ လက်ဖဝါးအောက်မှာ ရောက်နေသည်။ လက်လက်ကလေး ဆတ်ကနဲ တုန်သွား၏။ ဒေါ်ခင်မူ၏ လက်များ အေးစက်နေကြောင်း သိရသည်။ ထိုအခါမှပင် ဇင်မင်းလတ် သတိပြန်လည်လာသည်။

ဆေးခန်းအကူကောင်လေးကို လှမ်းခေါ်ပြီး ဒေါ်ခင်မူကို စမ်းသပ်ခုတင်ပေါ် ပွေ့တင်သည်။ အလျှင်အမြန် ပြုစုကုသသည်။ သွေးပေါင်ချိန် တိုင်းသည်။ ဆေးထိုးသည်။ သူသည်





လိုအပ်သည်ထက် ပို၍ စိုးရိမ်နေခဲ့၏။ ဆေးထိုးပန်၊ ဆေးပုလင်းများ ယူငင် ပြင်ဆင်ရာတွင် အယောင်ယောင် အမှားမှား မဖြစ်အောင် သတိထားရသည်။ အလျှင်က ဒီလို မဖြစ်ဖူးခဲ့။ အလုပ်သင်ဆရာဝန် ဘဝကပင် ခေါင်းအေးအေး တည်တည်ငြိမ်ငြိမ် အလုပ်လုပ်တတ်သူဟု နာမည်ရခဲ့ပါလျက် ခုကျမှ ဘယ်လို ဖြစ်ရသနည်း။ ဆေးရုံမှာ သေကောင်ပေါင်းလဲ လူနာတွေနှင့် ရင်ဆိုင်ဖူးပါသည်။ ခုဟာက သိပ်စိုးရိမ်ရသော အခြေအနေလည်း မဟုတ်ပါပဲ။

ဆေးရုံဆင်းတုန်းက အမျိုးသမီး လူနာအတော်များများကို တွေ့ခဲ့ရသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ကျတုန်းကဆိုလျှင် မမြင်ချင် မတွေ့ချင်လို့ပင် မရ။ သူ ဘယ်လိုစိတ်ထားမျိုးမှ ဖြစ် မလာခဲ့။ ခု ဆယ်စက္ကန့်လောက်သာ တွေ့ထိလိုက်ရတော့မှ ဘာဖြစ်ကုန်သတုံး။ ဒေါ်ခင်မူ၏ အဝတ်အစားများမှာလည်း လက်ရှည် ရင်စေ့အကျီ၊ ခြေမျက်စိထိဖုံးသော ထမီ၊

ဝိတ်စတွေကလည်း ထူထူထဲထဲတွေချည်း။

မှန်သည်။ ဇင်မင်းလတ်တွင် ဖြစ်ပေါ်သော စိတ်ထား သည် ဒေါ်ခင်မူအား မတော်မတရား ကြံစည်လိုခြင်း မဟုတ်။ ရိုးသားသန့်ရှင်းစွာ ဖြစ်ပေါ်လာသော မေတ္တာတရားသာ ဖြစ်သည်။

ထိုနေ့က ဒေါ်ခင်မူ ပြန်သွားပြီးနောက် ဇင်မင်းလတ် သည် ငိုင်တွေလျက် ကျန်ရစ်ခဲ့သည်။ သူ့မှာ အားနည်းသော ရောဂါ မရှိပါပဲလျက် အလိုလို မောပန်း၍ လာလေသည်။ ထိုအမောသည် ဆေးကု၍ မရကြောင်း သူသိသည်။ ဒေါ်ခင် မူကို ချစ်မိလေပြီ။





## အခန်း(၇)

ဇင်မင်းလတ်သည် ဆေးခန်းပိတ်ပြီးလျှင် ပေါက်ချလာ လေမလားဟု သူ မျှော်လင့်မိသည်။ ဆေးခန်းမှာ သူ မူးလဲခဲ့ သဖြင့် သက်သာ၊ မသက်သာ လာမေးလိမ့်မည်ဟု ထင်နေ သည်။ ရောက်မလာခဲ့ချေ။ နောက်တစ်နေ့ လာမည်ဟု ထင် သော်လည်း မလာ။ ဇင်မင်းလတ်သည် ရက်အတန်ကြာ

အောင် ပျောက်ချက်သား ကောင်းနေမိ၏။

သူသည် ဇင်မင်းလတ်ကို တွေ့လည်း တွေ့ချင်သည်။ တွေ့ရမှာလည်း ရှက်သလို ဖြစ်နေသည်။ ဇင်မင်းလတ် ရောက်မလာသောကြောင့် ရင်ထဲက ဟာသလိုကြီးလည်း ဖြစ်နေရ၏။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဟု ဆက်ပြီး မတွေးမိအောင် ကြိုးစားနေရသည်။

တစ်နေ့ သူ့ဧည့်ခန်းထဲမှာ ထိုင်နေတုန်း တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ နှစ်ကြိမ် သုံးကြိမ်အထိ သူသွားမကိုင်ရဲသေးပဲ ဖြစ်နေသည်။ တယ်လီဖုန်းကို ဇင်မင်းလတ် အမှတ်ဖြင့် ငေးစိုက်ကြည့်နေလေသလား မသိ။ ကြည့်ရင်းက စိတ်မလုံမလဲ ဖြစ်လာပြန်သည်။ စတုတ္ထအကြိမ်ခေါင်းလောင်းသံမြည်ပြီးသောအခါ မီးဖိုချောင်ထဲမှ "လာပြီ၊ လာပြီ" သောအသံနှင့်အတူ ထမင်းချက် မကြင်ပု၏ ယောကျ်ား ပြေးထွက်လာသည်။ ထိုအခါကျမှ "နေပစေ၊





အစ်မ ကိုင်လိုက်မယ်"ဟု ပြောပြီး တယ်လီဖုန်းကို သွားကိုင်သည်။

"ဟုတ်ကဲ့ ပြောပါရှင်"

"ဒေါ်ခင်မူလား၊ ကျွန်တော် ဦးယုကြည်ပါ"

❀ ❀ ❀ ❀ ❀

"ကိစ္စထူးများ ရှိသလား ဦးယုကြည်"

ဦးယုကြည်သည် တယ်လီဖုန်းဖြင့် အလျင် အကြောင်းကြားပြီးနောက် ဒေါ်ခင်မူအိမ်သို့ ရောက်လာသည်။ ဧည့်ခန်းမှာထိုင်ကြသောအခါ ဒေါ်ခင်မူက စ၍ မေးလိုက်သည်။ ဦးယုကြည်၏ မျက်နှာထားသည် ခါတိုင်းလိုပင် တည်တည်ငြိမ်ငြိမ် ဖြစ်သော်လည်း ဒေါ်ခင်မူ၏ မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်ဘဲ ဖြစ်သွားရသည်။

"အထွေအထူး မရှိပါဘူး မခင်မူ။ မရောက်တာလဲ ကြာ၊ ပြီးတော့ မနေ့က မောင်ဇင်မင်းလတ်နဲ့ မြို့ထဲမှာ တွေ့လို့ အဲဒါ မခင်မူ နေမကောင်းဘူးဆိုတာ သိရတာနဲ့"

"ဪ ဟုတ်ကဲ့၊ ခုတော့ တော်တော်လေး သက်သာသွားပါပြီ"

ဟု ပြောလိုက်သည်။ ဒေါ်ခင်မူစိတ်ထဲတွင် ဇင်မင်းလတ်ဘာကြောင့် မလာပါလိမ့်ဟု တွေးနေမိသည်။ ဦးယုကြည်ကမူ သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေ၏။ ဒေါ်ခင်မူက ကိစ္စထူးရှိသလားဟု မေးလိုက်သော မေးခွန်းသည် သာမန်သဘောမျှသာ ဖြစ်သည်။ သို့ရာတွင် သူ့အဖို့မူ တစ်ဘက်ရှေ့နေ၏ အငိုက်ဖမ်းပြီး မေးသော မေးခွန်းလို အဖြေရခက်သွားရသည်။ သူသည် သူများအိမ်သို့ အကြောင်းမရှိပဲ အလည်အပတ်သွားတတ်သူမဟုတ်။ ခုလည်း အကြောင်းမဲ့လာခြင်းမဟုတ်ချေ။ အကြောင်းကိစ္စရှိလို့ပဲဟုလည်း ပြောလို့မဖြစ်။ ထို့ကြောင့်





မရေမရာသော အကြောင်းများကိုပင် ပြောနေမိ၏။

"မခင်မူ မူးလဲလို့ဆို"

"ဟုတ်ကဲ့"

"ဘယ်လို ဖြစ်ရတာလဲဗျာ"

"မြို့ထဲကအပြန် ရုတ်တရက် ဖြစ်သွားတာပါ။ အားနည်းလို့ပါ။ သိပ် အရေးမကြီးပါဘူး"

"အေးဗျာ၊ မခင်မူ ကျန်းမာရေးလည်း ဂရုစိုက်ပါဦး"

ဒေါ်ခင်မူက ခေါင်းညိတ်ပြပြီး

"ဪ ဒါနဲ့ ဦးယုကြည် ဘာသောက်မလဲဟင်၊ အပူလား၊ အအေးလား"

"နေပစေ မခင်မူ"

"မဟုတ်တာပဲ၊ ရာသီဉတုက အိုက်စပ်စပ်နဲ့မို့ ကျွန်မ

အအေး တိုက်မလို့"

"မသောက်တော့ဘူး မခင်မူ၊ ရေအေးအေး တစ်ခွက်သာ ပေးပါ"

ဒေါ်ခင်မူက ရေခဲသေတ္တာထဲမှ ရေခဲရေ ပုလင်းနှင့် ဖန်ခွက်ထုတ်ပေးသည်။ ဦးယုကြည်က ရေခဲရေနှစ်ခွက် ဆင့် သောက်လိုက်၏။ ပြီးတော့....

"ကျွန်တော် အကြံတစ်ခုပေးချင်တယ်ဗျာ"

"ပြောပါ ဦးယုကြည်"

"ကျွန်တော်ဟာ မခင်မူရဲ့ ရှေ့နေတစ်ယောက်သာ ဖြစ်တဲ့အတွက် ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ဝင်ပြောခွင့် မရှိပါဘူး။ ဒါပေမယ့် မိတ်ဆွေကောင်း တစ်ယောက်အနေနဲ့ အကြံပြုတဲ့သဘောပါပဲ"

ဒေါ်ခင်မူသည် ဦးယုကြည်ကို အကဲခတ်သလို ကြည့်





သည်။

"ဒေါ်ခင်မူမှာ ဆွေမျိုးသားချင်းတွေများ မရှိဘူးလား"

"မရှိပါဘူး ဦးယုကြည်။ အစကတည်းက အမေနဲ့ ကျွန်မ နှစ်ယောက်တည်း။ ခု အမေလဲ မရှိတော့ဘူး"

"အဲဒါခက်တာပဲ။ ဆွေမျိုးသားချင်းထဲက ရှိရင်လဲ တစ်ယောက်ယောက် ခေါ်ထားဖို့ ပြောချင်လို့ပါ။ ခုလို မခင်မူ တစ်ယောက်တည်းဆိုတော့ အရေးအကြောင်း ရှိရင် အခက် အခဲတွေ့မှာ စိုးလို့"

ဦးကြာစိန်ဘက်က ဆွေမျိုးသားချင်းများကိုမူ ခေါ်၍ မဖြစ်ကြောင်း ဦးယုကြည် သိပြီးသားဖြစ်သည်။ ဦးကြာစိန် သည် ဒေါ်ခင်မူကို လပ်ထပ်ခဲ့ခြင်းအတွက် ဆွေမျိုးအသိုက် အဝန်းက မကျေမနပ် ဖြစ်ခဲ့ကြသည်။ အနီးစပ်ဆုံး ဖြစ်သော နှမဝမ်းကွဲနှင့်ပင် အဆက်ဖြတ်ခဲ့ရသည်။ ဦးကြာစိန် ဆုံးပြီး ခါစကတော့ ထိုနှမဝမ်းကွဲသည် ဦးကြာစိန်၏ အမွေကို ရသင့်

ကြောင်း စကားစဖို့ ကြိုးစားသေးသည်။ ဦးယုကြည်က တရား ဥပဒေကြောင်းအရ ဒေါ်ခင်မူသာ အမွေဆက် ခံသင့်ကြောင်း မသိမသာ ရှင်းလင်းပြလိုက်သဖြင့် နောက်ပြန် ဆုတ်သွားခဲ့ခြင်း ဖြစ်သည်။

"ဘယ်တတ်နိုင်မလဲရှင်၊ ကျွန်မ ကုသိုလ်ကံကိုက လောကစံတရားကို တစ်ယောက်တည်း ရင်ဆိုင်ဖို့ ဖန်တီးလာတာကိုး"

ဒေါ်ခင်မူက အားငယ်သံဖြင့် ပြောလိုက်ရာ ဦးယုကြည်က "ဒီလိုလဲ မဟုတ်သေးပါဘူးလေ" ဟု ခပ်လေးလေး ပြောလိုက်သည်။ ထို့နောက် ဘာစကာမှ မဆက်ပဲ အတန်ကြာနေနေမိကြပြန်သည်။

ဦးယုကြည်သည် စကားဆက်ရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေမိသည်။ တကယ်ဆိုလျှင် သူသည် နာမည်ကြီး ရှေ့နေတစ်ယောက်ဖြစ်သည်။ တစ်ဘက်က တင်ပြသော သက်သေကို





စေ့စေ့ကြည့်၍ မေးခွန်းများ ဒိုးကနဲ ဒေါက်ကနဲ ဆင့်ကာဆင့်ကာမေးတတ်သည်။ တော်ရုံတန်ရုံ အကွက်ဆင်လာလို့ကတော့ သူ၏ ပြုံးပြုံးပြက်သော မေးခွန်းများအောက်တွင် ကစဉ့်ကလျားဖြစ်ပြီး သူသိချင်သမျှ တော်တော်များများ ပွင့်အန်ထွက်ပေါ်လာတတ်စမြဲ။ သို့ရာတွင် ဒေါ်ခင်မူသည် တရားခွင်ပေါ်က သက်သေတစ်ယောက် မဟုတ်။ ခုမေးရမည့် အကြောင်းအရာကလည်း ရှေ့နေတစ်ယောက်အဖြစ် အထက်စီးက မေးရမည် မဟုတ်။

သူသည် ရေခဲရေတစ်ခွက် ငှဲ့ပြန်သည်။ ရေခဲရေကို 'ဗိုင်' သောက်သလို လျှာဖျားနှင့်တို့၍ ငုံရုံငုံယင်း အချိန်ဆွဲနေမိသည်။ ထို့နောက်မှ စိတ်ကို တင်း၍ ပြောသည်။

"ဒီလိုပါ မခင်မူ၊ မခင်မူဟာ ခုလိုပဲ တစ်သက်လုံး နေသွားတော့မှာလား"

"ရှင်"

"မဟုတ်ဘူးလေ၊ မခင်မူ အနေနဲ့ တစ်ယောက်တည်းပဲ ဆက်နေသွားလို့ မသင့်တော်ပါဘူး။ တစ်ပင်လဲသွားပြီးတဲ့ နောက်"

ဒေါ်ခင်မူသည် ဦးယုကြည်ကို ဖျတ်ခနဲ ကြည့်လိုက်၏။ သူ့မျက်နှာ တည်သွားသည်။ ဦးယုကြည် သူ့ကို မေးဖူးသည်။ ဦးကြာစိန် ဆုံးပါးခါနီး ဘာများ ပြောသွားသေးသလဲဟု။ ထိုစဉ်က "ကျွန်မ မပြောပါရစေနဲ့" ဟု သူ ပြောခဲ့သည်။

ဦးကြာစိန်သည် သေဆုံးခါနီး တစ်ချက်သာ သတိပြန်လည်လာခဲ့သည်။ စကားတစ်ခွန်းတည်း ပြောသွားနိုင်ခဲ့သည်။

"မူမူ၊ အစ်ကိုကြီး မရှိတဲ့နောက် အိမ်ထောင်ပြုချင် ပြုပါ။ အစ်ကိုကြီး ခွင့်လွှတ်ပါတယ်" ဟူ၍ ဖြစ်လေသည်။

ဒေါ်ခင်မူ သက်ပြင်းချလိုက်သည်။ တစ်ပြိုင်နက်တည်းတွင် ဦးယုကြည် ပြောသည်။





"မခင်မူ အနေနဲ့ နောက်ထပ် အိမ်ထောင်ပြုဖို့ စိတ်ကူးတဲ့အခါ ကျွန်တော် သိပါရစေ"

တစ်ခါက ဦးယုကြည်က "ခုအချိန်မှာ မခင်မူ စိတ်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာနာမိပါတယ်" ဟု ပြောခဲ့ဖူးသည်ကို ဒေါ်ခင်မူ သတိရပြန်သည်။ ဦးယုကြည်၏ ဇနီးသည်လည်း လွန်ခဲ့သော ငါးနှစ်ခန့်က သေဆုံးသွားခဲ့ရသည် မဟုတ်လား။

"ဒီလောက်ဆိုယင် မခင်မူ၊ သဘောပေါက်လောက်ပြီထင်ပါတယ်။ အင်းလေ မခင်မူ စဉ်းစားဦးပေါ့။ တစ်ခုတော့ ပြောချင်တယ်ဗျာ။ ကျွန်တော် ခုလို ဖွင့်ပြောရတာဟာ မခင်မူရဲ့ ပိုင်ဆိုင်တဲ့ ဓနဥစ္စာနဲ့ ဘာမှ မဆိုင်ဘူး ဆိုတာပါပဲ။ အဲပြီးတော့ မခင်မူရဲ့ အထီးကျန်ဆန်တဲ့ ဘဝကို ကယ်တင်ချင်တဲ့ စိတ်မျိုး သက်သက်လဲ မဟုတ်ပါဘူး။ ကျွန်တော် ကိုယ်နှိုက်က မခင်မူအပေါ် မေတ္တာရှိနေလို့ပါပဲ။

ဤစာတမ်းငယ်၏ အဆုံးသတ်အပိုင်းသည် ခေါင်းစဉ်ရှုထောင့်တွင် ရှုထည့်ရေးမထားသည်။ အကြောင်းရင်းကား အချစ်ကို ထောက်ရှု ဦးလှကြည် ဦးသော်တိန်မှဂွင့် ဝင်းမင်းထက်တို့သည် ရှေ့နေ၊ အရာရှိ၊ အရာဝန်များ ထောက်စေသော၊ ခေါင်းစဉ်၏ အဝအဝတွင်းဆို အကြံပေးသော ပုံစံဖြင့် 'ဝင်ရောက်ရန် ကြိုးပမ်းနေကြသော ကြိုးရာကို စိတ်ဝင်စားသောသူများသည် ထင်ကြည့်ကြည့်၊ ရှုထိုးမပေါ်သော ခေါင်းစဉ်များ အရေးကြီးပုံ၊ အချို့ အခါ၌ ဖြစ်သည်။ ထူ၏ ဆုံးဖြတ်ချက်သည် သူ့အတွက် ဆော့ချက် ဖြစ်သကဲ့သို့ ဤစာတမ်းငယ်၏ 'အသက်' လည်း ဖြစ်လေသည်။

မှတ်သမီး . . . တာရာပ်တိုက်

## အခန်း(၈)

ညှော့ခန်းရှိ ကုလားထိုင်တွင် ဇင်မင်းလတ် ဝင်ထိုင်ခဲ့သည်မှာ ငါးမိနစ်မျှရှိပြီ။ ဘာစကားမျှ မပြောဖြစ်သေး။ စကားစပြောဖို့ ခက်နေသည်။ ပြောပြီဆို ဒေါ်ခင်မူ့မျက်နှာကို ကြည့်ကာကြည့်ကာ ပြောမှ ဖြစ်မည် မဟုတ်လား။ သူ မကြည့်ရဲချေ။ မျက်နှာကို တစ်ဘက်သို့လွှဲပြီး ပြောရအောင်

လည်း သူသည် ရုပ်ရှင်မင်းသား တယောက်မဟုတ်သဖြင့် ခက်နေရသည်။

ဒေါ်ခင်မူသည်လည်း ထို့အတူတူပင်။ စင်မင်းလတ် အမူအရာ ပြောင်းလဲနေကြောင်း သူရိပ်မိသည်။ ထိုသို့ ရိပ်မိသောကြောင့် သူ့ကိုယ်သူလည်း မလုံမလဲ ဖြစ်လေသည်။ စင်မင်းလတ်နှင့် မျက်လုံးချင်း ဆုံမိမည်ကို စိုးရိမ်နေသည်။ သို့ရာတွင် သူသည် အိမ်ရှင် ဖြစ်နေသောကြောင့် ဧည့်ထောက်ခံ စကားကို စရပေတော့မည်။

"ဆရာ တစ်ခုခု သောက်ပါလား၊ ကော်ဖီ ဖြစ်ဖြစ်၊ အအေး ဖြစ်ဖြစ်ပေါ့"

စင်မင်းလတ်သည် ဒေါ်ခင်မူ့အသံကြောင့် ဆတ်ကနဲ လန့်မလိုပင် ဖြစ်သွားသည်။ ပြီတော့မှ......

"မသောက်တော့ဘူး ခင်ဗျ၊ သောက်ရေပဲ တစ်ခွက်လောက်"





ဒေါ်ခင်မူသည် အရေးထဲမှာ ရယ်ချင်သွားမိသေးသည်။ ရယ်တော့ မရယ်ဖြစ်။ ဟိုတလောက ဦးယုကြည်သည်လည်း ခုလိုပင် ရေတခွက်သောက်ပြီးနောက် သူ့ဆန္ဒများကို ဖွင့်ပြောသွားခဲ့ဖူးသည် မဟုတ်လား။ ဒေါ်ခင်မူသည် ရေခဲရေပုလင်း ယူရန် ထထွက်သွားဖို့ ရွံ့နေမိပြန်သည်။ မိန်းမတို့ သဘာဝအတိုင်း ကိုယ့်စိတ်ထဲက နည်းနည်း ထူးခြားစွာ သတိပြုမိသူတို့ရှေ့တွင် လမ်းလျှောက်ပြရန် ရှက်နေသည့်သဘော။ ထို့ကြောင့်....

"မကြင်ပုရေ၊ ရေခဲရေ တပုလင်းလောက် ယူပေးပါ။ မရှိမသေ"

အိမ်နောက်ဖေးဘက်သို့ လှမ်းအော်လိုက်သည်။

"မဟုတ်သေးဘူး အစ်မဒေါ်ခင်မူ၊ ကျွန်တော် ရိုးရိုးရေပဲ သောက်ချင်လို့ပါ"

ရှီးရှီးရေတစ်ခွက် ခပ်ခဲ့ဖို့ လှမ်းအော်ရပြန်သည်။ မကြင်ပုသည် ရေတဖန်ခွက်ကို လင်ဗန်းကလေးပေါ် တင်ပြီး ခပ်သုတ်သုတ်ထွက်လာသည်။ သူကတော့ ဇင်မင်းလတ် အပေါ် ဘယ်လိုမှ သဘောမထားသောကြောင့် လမ်းလျှောက်ဖို့ ရှက်နေရန် မလိုအပ်ချေ။

ဇင်မင်းလတ် ရေသောက်နေစဉ်တွင် ဒေါ်ခင်မူသည် ခဏမျှ စိတ်လွတ်လပ်ခွင့် ရသွားသည်။ ထိုအခိုက်အတန့်တွင် ဇင်မင်းလတ်က သူ့ကို အစ်မဒေါ်ခင်မူဟု ခေါ်သည့် အကြောင်း တွေးလိုက်မိသည်။ ခေါ်ပုံက ရင်းနှီးမှုရော လေးစားမှုပါ ရောနေသည်။ နားထောင်ရသည်မှာ ခပ်ထောင့်ထောင့်ကြီးဟု ထင်မိ၏။ သူတို့ နှစ်ယောက်သည် စိတ်ချင်းဆက်သွယ်နေသလား မသိ။ ထိုအချိန်တွင် ဇင်မင်းလတ်သည်လည်း ညက သူ စိတ်ကူးယဉ်ခဲ့သည့်အကြောင်း သွားစဉ်းစားမိသည်။ ဒေါ်ခင်မူက သူ့ကို ဆရာဟု ခေါ်သည်။ ဒီလို





ခေါ်ပုံကြီးက တစိမ်းဆန်သည်။ သူကလည်း ဒေါ်ခင်မူကို မမလို့ပင် ခေါ် လိုက်ချင်သည်။ စိတ်ကူးထဲမှာတုန်းက မမမူ၊ မမမူ စသည်ဖြင့် ခေါ်ကြည့်တာ သိပ်အရသာရှိတာပဲ။ ဒေါ်ခင်မူကကော စိတ်ကူးထဲမှာ သူ့ကို မောင်လေးငယ်လို့များ ခေါ်နေပါသေးသလား။

သူတို့နှစ်ယောက်သည် ဤသို့လျှင် အတွေးချင်း သွားတူနေသဖြင့် မျက်လုံးချင်းလည်း ဆုံမိကြသည်။ ထိုအခါ ဆေးခန်းထဲမှာ ဒေါ်ခင်မူ မူးလဲစဉ် ဇင်မင်းလတ်က လှမ်းပွေ့လိုက်ပုံကို နှစ်ယောက်စလုံး သတိရမိကြသည်။ ဒေါ်ခင်မူသည် ဟိုအခါတုန်းကလိုပင် တလှပ်လှပ် မောလာသည်။ ဇင်မင်းလတ်သည်လည်း ဒေါ်ခင်မူ မူးလဲလျှင် ပြေးပွေ့ဖို့ အဆင့်သင့်ဖြစ်နေသည်။

သို့ရာတွင် ဒေါ်ခင်မူ မလဲပါ။ ခုဟာက စိတ်ဓာတ်ကျဆင်းသွားပြီး သွေးအားနည်းလို့ မောတာမှမဟုတ်ပဲ။ တက်ကြွ

သောစိတ်ဖြင့် သွေးဆူလာလို့ မဟုတ်လား။

ထိုအချိန်တွင် လူခေါ် ခေါင်းလောင်းသံ မြန်လာသည်။ နှစ်ယောက်စလုံး ဖြိုင်တူ လှည့်ကြည့်မိသည်။ သံတံခါး၏ အပြင်ဘက်မှာတော့ ခပ်ထွေထွေမျက်နှာထားဖြင့် ရပ်နေသူ ဦးဘာသိန်း။

ဒေါ်ခင်မှုက တံခါး သွားဖွင့်ပေးသည်။ ဦးဘာသိန်းသည် ခပ်ပြုံးပြုံး အမူအရာဖြင့် ဝင်လာ၏။

"ဘယ်ကများ လှည့်လာပါလိမ့်"

ဟု ဒေါ်ခင်မှုက မေးလိုက်ရာ ဦးဘာသိန်းက "ဒီကို တမင် လာခဲ့တာပါ။ ကိစ္စလေး ရှိလို့" ဟု ဓင်မင်းလတ်ပါ ကြား အောင် အသံကို မြှင့်၍ ပြောလိုက်သည်။ သို့မှသာ ဓင်မင်း လတ်ကို လူယဉ်ကျေးမှုအရ အလိုက်သိစွာ ရှောင်ထွက်ပေးရ စေမည် မဟုတ်လား။





ဦးဘာသိန်းသည် ကုလားထိုင်တွင် ဝင်ထိုင်ယင်း ဓင်မင်း လတ်ကို လှမ်းနှုတ်ဆက်သည်။

"ဟော ဆရာလဲ ရောက်နေတာကိုး"

"ဟုတ်ကဲ့ ခင်ဗျ"

"ဆရာလဲ ဆရာဝန်သာဆိုတာယ် တော်တော် မိန်တာယ် နော်၊ လူနာတွေက ဆရာဝန်ကိုယ်တိုင် ဗိုက်တာမင်တွေ ချို့ တဲ့နေတယ်လို့ ထင်သွားအုံးမယ်၊ ဟဲ ဟဲ"

ဓင်မင်းလတ်က ဘာမျှပြန်မပြောပဲ ပြုံးနေလိုက်သည်။ ဦးဘာသိန်း၏ လေသံမှာ ရိုးရိုး နောက်ပြောင်ပုံမျိုး မဟုတ်ပဲ ငေါ့တော့တော့ဖြစ်ကြောင်း သတိပြုမိသည်။ ဒေါ်ခင်မှုက လည်း သိသည်။ တစ်ခါတုန်းကလည်း ဦးဘာသိန်းသည် ဓင်မင်းလတ်နှင့် ပတ်သက်၍ ပြောဖူးသည်။

"ဆရာဝန်ကလေးက ငယ်လွန်းတယ်ဗျာ၊ သိပ် အတွေ့

အကြဲ့ ရှိပုံမရသေးဘူး။ သမားဆို အိုမှ၊ ရှေ့နေဆို ပျိုမှတဲ့၊ စကားပုံလဲ ရှိသားပဲဗျ" ဟု နောက်သလို ပြောင်သလို ပြောခဲ့ဖူးသည်။

ဦးဘသိန်းသည် တပြိုင်နက်တည်းတွင် ဇင်မင်းလတ်ကို ရော ဦးယုကြည်ကိုပါ တွယ်လိုက်ခြင်းဖြစ်ကြောင်း ဒေါ်ခင်မူ သိခဲ့သည်။

ဒေါ်ခင်မူ သူတို့နှစ်ယောက်ကြားတွင် အနေရခက်နေသည်။ ဇင်မင်းလတ်ကမူ စောစောက ဒေါ်ခင်မူနှင့် နှစ်ယောက်တည်း နေရစဉ် စိတ်ကျဉ်းကျပ်မှုထက်တော့ ဇော်သေးသည်ဟု ထင်မိသည်။ ဦးဘသိန်းကား ဒီနေ့အဖို့ ဇင်မင်းလတ်ကို အနိုင်ရမှုဖြစ်မည်ဟု တွေးနေသည်။ ထို့ကြောင့် ဇင်မင်းလတ်ကို ထပ်ပြောလိုက်ပြန်သည်။

"ဒါနဲ့ဆရာ၊ ကျွန်တော်လဲ လိုအပ်တဲ့အခါ ဆရာ့အကူအညီ ယူသင့်ယူရအောင် သိထားချင်ပါတယ်။ ဆရာ့ကို အိမ်





ပင့်ပြီး ကုတဲ့အခါ ခြေကြွခ ဘယ်လောက်များ ယူပါသလဲ'

ထိုမေးခွန်းကို မေးလိုက်ခြင်းသည် ဦးဘသိန်း၏အမှားပင်ဖြစ်သည်။ သူသည် ဇင်မင်းလတ်ကို ဖမ်းနှိမ်လိုက်ခြင်းသာ ဖြစ်သော်လည်း ခုလောလောဆယ် ဒေါ်ခင်မူက ဇင်မင်းလတ်ကို အိမ်သို့ခေါ်ပြီး ကုသနေခြင်းအား ပုတ်ခတ်လိုက်သလို ဖြစ်သွားသည်။ ဒါကို သူ့ဘာသာသူမသိ။ ဟိုကောင်တော့ ခံသွားရပြီဟု ကျေနပ်သွားသည်။ ဒေါ်ခင်မူက ရိပ်မိလိုက်သည်။ မကျေနပ်သော အမူအရာတော မပြလိုက်။ ဇင်မင်းလတ်ကိုမူ အားနာစွာ လှမ်းကြည့်မိသည်။ သို့ရာတွင် ဇင်မင်းလတ်သည် ခပ်အေးအေးပင်။

"ကျွန်တော် ခြေမကြွတတ်ပါဘူး ခင်ဗျာ"

ဟုပြုံး၍ ပြောလိုက်လေသည်။

ဇင်မင်းလတ့် နှုတ်ဆက်ပြီး ပြန်သွားသည်။ ဦးဘသိန်းနှင့် ဒေါ်ခင်မူ နှစ်ယောက်တည်း ကျန်ရစ်သည်။ ဤသို့ နှစ်ယောက်တည်း ဖြစ်နေခြင်းအတွက် ဒေါ်ခင်မူ အနေရ မခက်ချေ။ အကြောင်းမှာ သူသည် ဦးဘသိန်းအပေါ် ဘယ်လိုမှ သဘောမထားသောကြောင့် ဖြစ်သည်။

ဦးဘသိန်းကတော့ ဒီနေ့ ဒေါ်ခင်မူကို ဖွင့်ပြောရန် လာခြင်းဖြစ်သည်။ သို့ရာတွင် လူပျိုပေါက်ကလေးကဲ့သို့ အရမ်းစိတ်လှုပ်ရှားခြင်းမျိုးလည်း မဖြစ်။ အတွေ့အကြုံ မရှိသေးသော လူပျိုကြီးကဲ့သို့ ကတုန်ကယင်ကြီးမျိုးလည်း မဖြစ်။ မှန်သည်။ သူသည် အတွေ့အကြုံများသော လူပျိုကြီးသာဖြစ်သည်။

"ဒေါ်ခင်မူကို ကျွန်တော် တခုပြောချင်တယ်" ဟု အစချီ





ပြီးဖွင့်ဟသည်။ လက်ထပ်ခွင့် တောင်းသည်။ ဒေါ်ခင်မူသည် ထိုစကားများအတွက် မအံ့သြချေ။ တစ်နေ့သောအခါ အခုလိုပင် ပြောလာလိမ့်မည်ဟု သူ တွက်ထားပြီးသား။ ထို့အပြင် ဦးဘသိန်းအတွက် အဖြေကိုပင် အသင့်စဉ်းစားထားပြီးသား ဖြစ်လေသည်။

"မူမူ့ကို ကိုယ် လက်ထပ်ချင်တယ်။ မူမူနဲ့အတူ လက်တွဲပြီး ဘဝကို ရင်ဆိုင် ရုန်းကန်ချင်တယ်၊ တကယ်ပါ၊ ကိုယ့်စကားကို ယုံပါ"

ဦးဘသိန်းသည် အခေါ်အဝေါ်အသုံးအနှုန်းတွေ ပြောင်း၍ ပြောသည်။ သူ့စကားတွေသည် ကက်ဆက်ခွေ ဇာတ်လမ်းထဲက စကားလုံးများကို ကလေးတွေ အလွတ်ကျက်ပြီး ပြန်ရွတ်သည့် လေယူလေသိမ်းမျိုး။ အသက်မပါချေ။ ဆွေးနေသော အမူအရာ၊ သိပ်မျှော်လင့်နေသော ဟန်ပန်တွေ လုပ်ပြသည်။ သို့ရာတွင် သူ့ပုံစံသည် သူဝတ်ထားသော အင်ဒိုနီးရှား

ပါတိတ်အဆင်၊ ဟာဝေယံရှပ်လက်တိုအင်္ကျီကဲ့သို့ပင် ကလက်တက်တက်ဖြစ်နေ၏။ ဒေါ်ခင်မူ ရယ်ချင်နေသည်။ မကောင်းတတ်လို့သာ မျက်လွှာချ၍ နေရသည်။

"ကိုယ်လေ မူမူ့ကို ပထမအကြိမ် မြင်ဖူးကတည်းက စွဲလမ်းခဲ့တာပါ"

"ဩော် ပထမအကြိမ် မြင်ဖူးကတည်းကဆိုတော့ ဦးကြာစိန် ရှိစဉ်ကတည်းကပေါ့။ အစ်ကိုကြီးရဲ့ ဇနီးအဖြစ်နဲ့ တုန်းကတည်းက ရှင်က ပြစ်မှားနေခဲ့တာပေါ့၊ ဟုတ်လား" ဟု မေးလိုက်ချင်သော်လည်း မမေးဖြစ်။

"ကျွန်မ အချိန်ယူပြီး စဉ်းစားပါ့မယ်"

ဟုပြောလိုက်ရသည်။ မိန်းမဆိုသည်မှာ လုံးဝ ငြင်းဆန်ရန် ဆုံးဖြတ်ပြီးသည့်တိုင်အောင် ချက်ချင်း တုံ့ပြန် ပြောဆိုခွင့် မရှိဘူး မဟုတ်လား။

❀ ❀ ❀ ❀ ❀





## အခန်း(၉)

ဒေါ်ခင်မူသည် လူသုံးဦးတို့ အကြောင်းကို စဉ်းစားကြည့်သည်။ ဤသို့ စဉ်းစားကြည့်ရခြင်းသည် သူ့ဘဝအတွက် ဆုံးဖြတ်ချက် တခုကို ချရန် ဖြစ်သည်။ ထိုသူသုံးဦးအကြောင်းဟု ဆိုရာမှာလည်း အမှန်စင်စစ် မိမိအကြောင်းသာ ဖြစ်သည်။ သူတို့သည် မိမိနှင့် ပတ်သက်နေသည် မဟုတ်လား။ သူတို့

သုံးဦးအနက်မှ တစ်ဦးဦးသည် မိမိနှင့် ဆက်လက် ပတ်သက်ရဦးမည် မဟုတ်လား။

သူတို့သည် ဒေါ်ခင်မူအား လပ်ထပ်ခွင့်ရရန် ကြိုးပမ်းနေကြသည်။ ဒေါ်ခင်မူအဖို့လည်း မိမိဘဝထဲတွင် ပါဝင်ပတ်သက်လာသော ထိုသုံးဦးအနက်မှ တစ်ဦးကို စဉ်းစားရွေးချယ်ရမည် ဖြစ်သည်။ ဤသို့ ရွေးချယ်ရာတွင် အခြေအနေအရ ဖြစ်သင့် ဖြစ်ထိုက်သည်ကို စဉ်းစားမည်လော။ မိမိ၏ ခံစားမှုကို ဦးစားပေးမည်လော ဆိုသည်ကိုကား ဒေါ်ခင်မူ တစ်ယောက်သာ သိပေလိမ့်မည်။ သူ၏ တကယ့် စိတ်သဘောထားကို ကြည့်လျှင်......

ရုံးအရာရှိ ဦးဘသိန်း။ ဒေါ်ခင်မူသည် အစကတည်းက ဦးဘသိန်းအပေါ် စိတ်ရှင်းရှင်းထားနိုင်ခဲ့သည်သာ။ ဦးဘသိန်း၏ စရိုက်မျိုးကို သိပ်မကြိုက်လှ။ လူရေလည်သည်မှာ မှန်သည်။ သို့ရာတွင် ရိုးရိုးတန်းတန်း လိမ်မာပါးနပ်ခြင်းမျိုး





မဟုတ်ပဲ နည်းနည်း လူလည်ကျချင်သည်။ ပြီးတော့ သူနှင့်ပြိုက်ဘက်ဟု ထင်သူများအပေါ် ပုတ်ခတ်ပြောချင်သည်။ သူ ဒေါ်ခင်မူကို ချဉ်းကပ်လာပုံသည်လည်း မရိုးသားဟု ထင်သည်။ သူ့မှာသာ အထက်ပါ ချွတ်ယွင်းချက်များ မရှိလျှင် သက်တူ ရွယ်တူ ဖြစ်သောကြောင့် ဒေါ်ခင်မူနှင့် လိုက်ဖက်သည်ဟု ဆိုရမည်။ ခုတော့ သူ့ကို စဉ်းစားဖို့ မဖြစ်နိုင်။

ရှေ့နေကြီး ဦးယုကြည်သည် လူတော် လူကောင်းတယောက် ဖြစ်သည်။ ဒေါ်ခင်မူ့အပေါ် ရိုးရိုးသားသား မေတ္တာရှိခြင်းသာ ဖြစ်သည်။ သို့ရာတွင် သူ့ကို ဒေါ်ခင်မူ ချစ်၍မရချေ။ ဦးယုကြည်အပေါ် ခင်ပွန်းတယောက်အဖြစ်ထက် အစ်ကိုကြီးတယောက်လို အားကိုးချင်သော စိတ်မျိုးသာ ထားလို့ရသည်။ ပြီးတော့ သူသည် အသက်လည်း ကြီးလေပြီ။ ဒေါ်ခင်မူအဖို့ လူ့သဘာဝအတိုင်း အသက်ကြီးသူ တစ်ယောက်နှင့် အိမ်ထောင်ကျခဲ့ပြီး နောက်ထပ် အသက်ကြီးသူ တစ်ယောက်ကို ထပ်မံ ရွေးချယ်လိုစိတ် မရှိပေ။

ထို့ကြောင့်……

ဒေါ်ခင်မူသည် ဆရာဝန် ဇင်မင်းလတ်အပေါ် ပို၍ စိတ်ညွတ်နေကြောင်း သိသာလေသည်။ ဇင်မင်းလတ်သည် အသက်ကတော့ တော်တော်ငယ်သည်။ ထိုသို့ အသက်ငယ်နေခြင်းသည်ပင် ဒေါ်ခင်မူ သူ့ကို စိတ်ညွတ်စေသော အချက်ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော်……

ဒေါ်ခင်မူသည် အသက် နှစ်ဆယ်နှစ်နှစ် အရွယ်တွင် ဦးကြာစိန်နှင့် အိမ်ထောင်ကျသည်။ ကိုးတန်းလောက်သာ ပညာတတ်ပြီး မုဆိုးမကြီး၏ သမီးဖြစ်သူ ဒေါ်ခင်မူကို ဦးကြာစိန်က လက်ထပ်ချင်သည်ဟု ဆိုလာသောအခါ မိခင်ဖြစ်သူက သဘောတူမိလေသည်။ ထိုအချိန်က ဒေါ်ခင်မူသည် အချစ်အကြောင်းကို မစဉ်းမိဖူးသေးချေ။ အချစ်နှင့် ပတ်သက်၍ အတွေ့အကြုံလည်း မရှိ၊ ဘာမျှလည်း မခံစားတတ်သေး။





မိခင်ကြီး စိတ်ချမ်းသာစေလိုသော စိတ်သာ ရှိသည်။ ထို့ကြောင့် ဦးကြာစိန်ကို လပ်ထပ်ရန် လက်ခံလိုက်သည်။ ဦးကြာစိန်သည် သူ့အပေါ် တကယ် မြတ်နိုးရှာသည်။ ကိုယ်စိတ် နှစ်ပါး ချမ်းသာအောင် ထားသည်။ ထို့ကြောင့် သူကလည်း ဦးကြာစိန်အား အစ်ကိုကြီးတစ်ယောက်လို၊ ကျေးဇူးရှင် တစ်ယောက်လို အားကိုး တွယ်တာမိခဲ့လေ၏။

ခုတော့ သူ့မှာ အားကိုးစရာလည်း မရှိတော့။ တွယ်တာစရာလည်း မရှိတော့။ ထိုအချိန်တွင် ဇင်မင်းလတ်ကို တွေ့ရသည်။ တကယ်ဆိုလျှင် သူသည် အချစ်ဆိုသောအရာကို ခုမှ ကြုံတွေ့ရခြင်း ဖြစ်သည်။ တနည်းအားဖြင့် ရင်ခုန်ခြင်း၊ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ကြည်နူးခြင်းတို့ တစ်ပြိုက်နက် ပါဝင်သော အချစ်ကို ခုမှ ခံစားရဖူးခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့အသက်သည် သုံးဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်သော်လည်း သူ့အချစ်သည် နှစ်ဆယ့်နှစ်နှစ်အရွယ်သာ ဖြစ်သည်။ ထို အခါ ဇင်မင်းလတ်သည် သူနှင့် အချစ်ချင်း အရွယ်မျှ သူ

တစ်ယောက် ဖြစ်လာခဲ့သည်။

ဇင်မင်းလတ်ကို တွေ့လိုက်ရတိုင်း သူ့မှာ ရင်ခုန်ရသည်။ ဇင်မင်းလတ်ဆိုသော ဆရာဝန် ကောင်လေးသည် သူ့အား မောပန်းခြင်း ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးပြီး တပြိုင်နက်တည်းမှာပင် အခြားသော မောပန်းခြင်းတမျိုးကို ဖြစ်ပေါ်စေသည်။

နေ့လယ်က အဖြစ်အပျက်ကိုပဲ ကြည့်။ ဇင်မင်းလတ် ဆေးခန်းက အကူကောင်လေး သူ့အိမ်ကို ရောက်လာသည်။ "ဆရာက ပေးခိုင်းလိုက်လို့" ဆိုပြီး အထုတ်ကလေးတထုတ် လာပေးသည်။ ဖွင့်ကြည့်သောအခါ မှတ်စုစာအုပ်ငယ်လေး တအုပ် တွေ့ရသည်။ စာအုပ်ထဲမှာ ဇင်မင်းလတ် စာရေးထားသည်။ ထိုစာသည် ဒေါ်ခင်မူအား မကြုံဖူးအောင် ရင်ခုန်စေခဲ့သည်။





မမ

ကျွန်တော် ပါးစပ်နဲ့ မပြောရဲလို့ ဒီစာကို ရေးလိုက်ရတာပါ။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် လာမပေးရဲလို့ တဆင့် ပေးခိုင်းလိုက်ရတာပါ။ ဒီစာကို ရေးမိတဲ့အတွက် ခွင့်လွှတ်ပါလို့ ကြိုတင်ပြီး တောင်းပန်ချင်ပါတယ်။

ခုအချိန်မှာ ထွေထွေထူးထူး ချဲ့ထွင်ပြီး ပြောဖို့ မလိုအပ်တဲ့အတွက် လိုရင်းကိုပဲ ပြောပါ့မယ်။

မမကို ကျွန်တော် လက်ထပ်ပါရစေ။ ဘာဖြစ်လို့ လက်ထပ်ချင်တာလဲဆိုတော့ ချစ်လို့ပါ။ တခြား အကြောင်း မရှိပါဘူး။

တစ်ခုတော့ ပြောပါရစေ မမ။

ကျွန်တော်ဟာ ဆင်းရဲပါတယ်။ ကျွန်တော့်မှာ

မိဘ မရှိပါဘူး။ ကျွန်တော် ဆေးတက္ကသိုလ် တက်နိုင်တာကလဲ အစိုးရက ထောက်ပံ့တဲ့ ပညာရည်ချွန်ဆုရယ်။ ကျွန်တော်တို့ မြို့နယ် အထက်တန်းကျောင်းက ထောက်ပံ့တဲ့ ငွေရယ်ကြောင့်ပါ။ ကျွန်တော်ဟာ တက္ကသိုလ်မှာ ချို့ချို့တဲ့တဲ့ ကြိုးစား ပညာရှာခဲ့ရပါတယ်။ အချစ်ဆိုတာကို စိတ်တောင် မကူးရဲပါဘူး။

ခု မမကို တွေ့ရပြီး ရင်းနှီးခဲ့ရတော့မှပဲ ကျွန်တော့်ဘဝအတွက် ပထမဦးဆုံး ချစ်သူကို တွေ့ခဲ့ရပါတော့တယ်။ ကျွန်တော်ဟာ မမကို ချစ်မိခဲ့ပေမယ့် အခြေအနေချင်း ကွာခြားလို့ မျိုသိပ်ကြိတ်မှိတ်နေခဲ့ရပါတယ်။ ခုတော့ မနေနိုင်တော့လို့ ဖွင့်ဟမိတာပါ။

ကျွန်တော်ဟာ ဆင်းရဲတဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် မမကို လက်ထပ်ခွင့်ရယင် ချမ်းသာမှာပဲဆိုတဲ့





ရည်ရွယ်ချက်နဲ့ ခုလို ခွင့်ပန်နေတာ မဟုတ်ဘူးဆိုတာတော့ ယုံစေချင်ပါတယ်။

တစ်ခုတော့ရှိတယ် မမ။

ကျွန်တော်ဟာ မမကို လက်ထပ်ခွင့် မရဘူးဆိုရင်တော့ ဆင်းရဲမှာ သေချာပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော် စိတ်ဆင်းရဲရမှာပါ။

❁ ❁ ❁ ❁ ❁

## အခန်း(၁၀)

ဒေါ်ခင်မူသည် ငှက်ကလေးများထက် အနည်းငယ် နောက်ကျပြီး အိပ်ရာမှ နိုးခဲ့သည်။ သူ မျက်စိဖွင့်ကြည့်သော အခါ အိပ်ခန်းအပြင်က သစ်ကိုင်းပေါ်မှာ နားနေသော စာက လေးတစ်ကောင်ကို မှန်ပြတင်းမှ တစ်ဆင့် မြင်လိုက်ရသော ကြောင့် ဖြစ်သည်။ ညက အိပ်ရာဝင်နောက်ကျခဲ့သော်လည်း





နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သောကြောင့် ခုမနက်တွင် လန်းလန်း ဆန်းဆန်းရှိနေသည်။ ပြီးတော့ သူ့စိတ်များကလည်း ကြည် လင်ရွှင်ပျနေသည်။ အကြောင်းမှာ ဒီမနက် သူ့အိမ်သို့ ဇင် မင်းလတ် လာမည် ဖြစ်သောကြောင့်ပင်။ ဇင်မင်းလတ် စာထဲ တွင် တနင်္ဂနွေနံနက် ရှစ်နာရီလောက် သူလာခဲ့ပါမည်ဟု ရေးထားသည်။

ဒေါ်ခင်မူသည် အိပ်ရာမှ ထလိုက်သည်။ အမှန်ဆိုလျှင် ခုလို အချိန်မျိုး၌ အိပ်ရာထဲမှာ ကွေးပြီး ဇိမ်နှင့် နပ်နေဖို့ ကောင်းသည်။ သို့ရာတွင် သူသည် အိပ်ရာမှနိုးပြီလျှင် ကြာကြာ လှဲမနေတတ်သော အကျင့်ကို ငယ်ငယ်ကတည်းက ရရှိထားခဲ့သည်။

အိပ်ရာထဲမှာ လှဲမနေချင်သော်လည်း ခါတိုင်း နေ့များလို အောက်ထပ်ကို ချက်ချင်း မဆင်းချင်သေးပဲ ဖြစ်နေသည်။ သူသည် ပြတင်းပေါက်နားမှာ သွားရပ်၍ အပြင်ကို ကြည့်နေမိ

သည်။

ညက မိုးရွာခဲ့၏။ ခုမနက်ကျတော့လည်း ကောင်းကင်သည် ကြည်လင်၍ နေပြန်သည်။ ကွက်တိ ကွက်ကြားမျှသာ ကျန်ရစ်သော ည၏ နောက်ဆုံး အမှောင်ရိပ် အပိုင်းအစများသည် ရုတ်တရက် လွင့်ပြယ်သွားသည်။ ခဏချင်းမှာပင် ကြည်လင်သော အလင်းရောင်သည် မြေပြင် တစ်ခုလုံးမှာ နေရာအပြည့် ယူလိုက်သည်။ ထိုအခါ မိုးရေစွတ်စိုနေသော သစ်ရွက်ကလေးများ၏ အရောင်သည် ဝင်းကနဲ၊ လက်ကနဲ တောက်ပလာသည်။ စံပယ်ရုံနားမှာတော့ သစ်ခေါင်းထဲက တကောင်တည်း စွန့်စွန့်စားစား ပျံထွက်လာဟန်တူသော လိပ်ပြာကလေးသည် ဝေ့ကာဝဲကာ ဒေါ်ခင်မူ၏နားထဲတွင် ဇင်မင်းလတ်၏ တောင်ပံခတ်သံကို ကြားယောင်လာသလို ထင်ရသည်။

သူနှင့် သဘာဝ၏ အငွေ့အသက်ကြားတွင် ကာဆီး





ထားသော မှန်ပြတင်းကို တွန်းဖွင့်လိုက်သည်။ အေးမြလတ်ဆတ်သော လေပြည်သည် သူ့မျက်နှာကို လာ၍ ထိတွေ့နှုတ်ဆက်လိုက်သည်။ သူ့စိတ်များသည် ရုတ်တရက် တက်ကြွ လှုပ်ရှားသွား၏။ အပျိုပေါက်ကလေးတစ်ယောက်လို 'ခစ်ကနဲ' ရယ်လိုက်ချင်စိတ်ပင် ပေါက်သွားသည်။ ခုန်ပေါက်ပြေးလွှားလိုသော ဆန္ဒကို ချိုးနှိမ်ပြီး အောက်ထပ်သို့ မြူးကြွသော ခြေလှမ်းများဖြင့် ဆင်းလာခဲ့သည်။

မျက်နှာသစ်ရင်း ရေချိုးချင်စိတ် ဖြစ်လာသဖြင့် တခါတည်း ချိုးလိုက်သည်။ အသားထဲသို့ စိမ့်ဝင်သွားလောက်အောင် ရေကို စိမ်ချိုးလိုက်သည်။ သူသည် ရေချိုးယင်း သီချင်းဆိုချင်လာပြန်သည်။ မဆိုပဲနေတာ ကြာပြီ ဖြစ်သောကြောင့် ပါးစပ်က မရဲချေ။ ထို့ကြောင့် စိတ်ထဲကပင် 'တင်တင်မူ၏ ရွှေလည်တိုင်' သီချင်းကို ညည်းနေရသည်။ ထမီရင်လျားဖြင့် တဘက်ကလေးခြုံပြီး ရေချိုးခန်းထဲက ထွက်လိုက်သည်။

အပေါ်ထပ်သို့ ခပ်သွက်သွက် တက်လာခဲ့သည်။

အိပ်ခန်းထဲသို့ ဝင်သည်။ တံခါးကိုတော့ ပိတ်မထား လိုက်။ ပိတ်ဖို့လည်း မလိုအပ်ချေ။ သူက လှမ်းမခေါ်ဘဲ သူ့ အခန်းထဲကို ဘယ်သူမျှ ဝင်လာမည်မဟုတ်။ ထိုအခိုက်အတန့် တွင် ဇင်မင်းလတ် သူ့အိမ်သို့ ပထမအကြိမ်ရောက်လာပုံကို သွားသတိရသည်။ ထိုစဉ်က အိပ်ရာပေါ်မှာ လှဲနေယင်း ဝိန်ပိန်သွယ်သွယ် ဆရာဝန်ငယ်ငယ်လေးကို လူနာဖြစ်သူ သူက ပြန်၍ သနားနေမိသည်ကို ပြန်စဉ်းစားမိသည်။

သူသည် အိပ်ရာဆီသို့ တစ်ချက်လှမ်းကြည့်ပြီး ပြုံးလိုက်မိသည်။ ထိုအချိန်တွင် သူ့ဘေးဘက်ဆီမှ လူရိပ် မြင်သောကြောင့် ဆတ်ကနဲ တုန်ပြီး လှည့်ကြည့်သည်။ မှန်ထဲက သူ့ အရိပ် ဖြစ်နေလေသည်။

မှန်တင်ခုံရှေ့မှာ သွားထိုင်လိုက်သည်။ ဘာမှ ချယ်သ





ခြင်း မပြုရသေးသော သူ့မျက်နှာကို မှန်ထဲမှာ မြင်ရသည်။ သူ့အသားအရေသည် ကောင်းမွန်တုန်း၊ သူ့မျက်လုံးများသည် ရွှန်းလက်တုန်း။ သူ့နှုတ်ခမ်းသည် ပြည့်တင်းတုန်း။ သြော် ဒါကြောင့်လည်း သူတို့က...

မိတ်ကပ်ပါးပါး လိမ်းသည်။ မက်စ်ဖက်တာပန်ခရိုဖြင့် ထပ်ဖို့သည်။ မျက်ခုံးမွေးကို သွားပွတ်တံကလေးဖြင့် ပွတ်ထုတ်လိုက်ရာ မည်းကနဲ ထင်းလာ၏။ သူသည် မျက်ခုံးကောင်းသူ ဖြစ်သောကြောင့် ခဲတန်ကူစရာမလို။ နှုတ်ခမ်းနီရဲရဲကို ပိန်းနေအောင် ဆိုးပစ်လိုက်သည်။ ထိုအခါ မှန်ထဲတွင် သူ၏ ပင်ကိုရုပ်နှင့် သိပ်မတူသော မျက်နှာတစ်ခု ပေါ်လာ၏။ ထိုမျက်နှာသည် အိမ်နေရင်းပုံစံနှင့် သိပ်မလိုက်။ တမင်ပြင်ဆင်ထားမှန်း သိသာသည်။ နှုတ်ခမ်းနီတွေ ပြန်ဖျက်ပစ်လိုက်သည်။ ခပ်ရေးရေးသာ ကျန်၏။ ထိုအခါ သိပ်မသိသာတော့ချေ။

ချုပ်ပြီးကတည်းက တစ်ခါမျှ မဝတ်ဖြစ်သေးသော ဖော့ ရှန် ဘလောက်အကျီ လက်ပြတ်ကလေးကို ဝတ်သည်။ လွင် ပြီး တောက်ပသော လိမ္မော်ရောင်။ ချုပ်ပြီးခါမှ လက်ပြတ် လည်းဖြစ်၊ အသားကလည်း ပါးလွန်းသောကြောင့် မဝတ်ဖြစ် ခဲ့။ နောက်ပြီး လည်ပင်း နည်းနည်းဟိုက်နေသည်ကိုလည်း မကြိုက်။ ဝတ်ကြည့်ရာ သူနှင့် တော်တော် ကြည့်ကောင်း နေ၏။ ထဘီကိုတော့ သူကြိုက်သည့် ခပ်ပျော့ပျော့အသား ဖြစ်သော ဖဲသားထဘီကို ဝတ်လိုက်သည်။ ထို့နောက် ထဘီ ကို နည်းနည်းစန့်စန့်ရန့်ရန့် ဖြစ်သွားအောင် ပြုပြင်လိုက်ပြီး ဘေးတစောင်းအနေအထား ရပ်၍ မှန်ထဲမှာ ကြည့်လိုက် သည်။ သူ့ကိုယ်သူ ကျေနပ်သွားသည်။ တော်တော် လှတာပါ တလား။

ဘယ်ပြတင်းပေါက်ကမှန်း မသိ သုတ်ကနဲ ဝင်လာ သော လေပြေတစ်ချက်ကြောင့် ကျောထဲက စိမ့်ကနဲ ဖြစ်သွား





သည်။ ဤသို့ ကြက်သီး ထသွားရသည်ကိုပင် ပျော်စရာဟု သူထင်လိုက်လေ၏။

❀ ❀ ❀ ❀ ❀

ဖင်မင်းလတ်သည် တယ်လီဖုန်းကို ငေးကြည့်နေသည်။ သူသည် တစ်ညလုံး မအိပ်ရသေး။ ညက တမေးမှ မပျော် အောင် အတွေးတွေ ချာချာလည်နေခဲ့သည်။

သူသည်ဒေါ်ခင်မူ့ကို စာအားဖြင့် ဖွင့်ဟတောင်းဆိုပြီးခါ မှ မှားများသွားပြီလားဟု စိုးရိမ်နေမိပြန်သည်။ သူနှင့် ဒေါ်ခင် မူသည် အသက်ချင်းလည်းကွာသည်။ အခြေအနေခြင်းလည်း မမျှ။ သူကဆရာဝန်ဆိုသော်လည်း ဆင်းရဲသည်။ ဒေါ်ခင်မူ ကအဆပေါင်းများစွာ ပို၍ ချမ်းသာပေသည်။ ပြီးတော့ သူ့ကို ပညာသင်ရန် ထောက်ပံ့ခဲ့သော မြို့နယ်ကလေးသည်

ဆရာဝန် ရှားပါးသည်။ ထိုမြို့ကလေးသို့ ပြန်၍ ကျေးရွာရှင်များကို သွားရောက် ဆေးကုသပေးခွင့် ရပါတော့မလား။ ဒေါ်ခင်မူသည် သူ့ကို ဘယ်မှ သွားခွင့်ပေးမည်မဟုတ်။ သူသည် ဒေါ်ခင်မူ၏ တိုက်ကြီးပေါ်တွင် အခန့်သား တက်နေရမည်ကို ကြောက်လာပြန်၏။

သို့ရာတွင် ဒေါ်ခင်မူ၏ မျက်နှာကလေးကို မြင်လာမိပြန်သည်။ ဆေးခန်းထဲတွင် ပွေ့ပိုက်ထားရသော အတွေ့အထိ။ မူးမေ့နေရာမှ သတိရလာပြီး သူ့ကို ကြည့်လိုက်သော မျက်လုံးများ။ ထိုမျက်လုံးများကို မေ့၍ မရ။ ခုပင် ရှေ့တည့်တည့်က လာကြည့်နေသလို ထင်ရသည်။ နောက်တစ်ကြိမ် ထပ်တွေ့ကြသောအခါ ဘဝတစ်ခုပြောင်း၍ အခြား လူအသစ်တစ်ဦးကဲ့သို့ ဟန်အမူအရာတွေ ပြောင်းလဲနေသော မမ။

ဘယ်လိုမှ အိပ်လို့ မရသောကြောင့် သူငယ်ချင်း ဆရာဝန်တစ်ယောက် တာဝန်ကျနေသော ဆေးရုံကြီးမှာ သွား





နေလိုက်သည်။ ထိုညက လူနာတစ်ယောက် အသဲအသန် ဖြစ်သဖြင့် သူ ပါဝင် ကူညီလိုက်ရသည်။ တစ်ညလုံး မအိပ်ကြရ။

အခု မနက်ကျတော့လည်း သူ့စိတ်ထဲမှာ မရှင်းလင်းသေးချေ။ ဒီနေ့ လာပါမည်ဟု ချိန်းပြီးခါမှ အိမ်ကို မသွားရဲပဲ ဖြစ်နေရသည်။ တယ်လီဖုန်းပဲ ဆက်တော့မည်ဟု စိတ်ကူးသည်။ တယ်လီဖုန်းကို ကောက်ကိုင်ဖို့ ရွံ့နေပြန်သည်။ သက်ပြင်းအခါခါ ချမိသည်။ နာရီကို ကြည့်သည်။ ရှစ်နာရီ ထိုးရန် မိနစ်ပိုင်းမျှသာ လိုတောသည်။

တယ်လီဖုန်းကို ကိုင်လိုက်သည်။

ဒေါ်ခင်မူသည် ဧည့်ခန်း ကုလားထိုင်ပေါ်တွင် လှပစွာ ထိုင်နေသည်။ သူ့ရင်ထဲက ပေါ့ပါးနေသော်လည်း စိတ်တွေ လှုပ်ရှားနေမိ၏။ ကြည်နူးဖွယ်ကောင်းသော စိတ်လှုပ်ရှားမှု ကလေး။

ထိုအချိန်တွင် တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။ သူပေါ့ပါးစွာ ထလိုက်ပြီး တယ်လီဖုန်းဆီသို့ မပြေးရုံ တမည် လှမ်းသွားသည်။ ဇင်မင်းလတ်တစ်ယောက်များ လူကိုယ်တိုင် မလာရဲလို့ ဖုန်းဆက်လေရော့သလားကွယ်။

"ဟုတ်ကဲ့၊ ပြောပါရှင်"

"မမလား၊ ကျွန်တော် ဇင်မင်းလတ်ပါ"





သူ ထင်သည့်အတိုင်း ဖြစ်နေသဖြင့် ပြုံးမိသည်။

"အင်း ပြောလေ"

"ဟိုဥစ္စာလေ"

ကောင်လေး ရှက်နေတာ သိသာသည်။ ဖုန်းထဲမှာပင် အသံက မှုမမှန်။

"ဘာလဲ"

သူ့လေသံက ကလက်များ သွားသလား။ အို ခုချိန်မှာ ဒါတွေ ဂရုစိုက်နေစရာ မလိုပါဘူး။

"ကျွန်တော့်ကိစ္စ"

ဒေါ်ခင်မူသည် ပျော်သွားသဖြင့် နောက်ချင် ပြောင်ချင် စိတ် ပေါက်လာသည်။

"ဘာကိစ္စပါလိမ့်"

ဇင်မင်းလတ်အသံ ရုတ်တရက် ထွက်မလာ။ ကောင်လေးတော့ ပြောရမှာ ရှက်နေပြန်ပြီ ထင်ပါရဲ့။

"ဟိုဟာလေ၊ ဒီနေ့ ဘာနေ့လဲဟင်"

ဒေါ်ခင်မူ အသံမထွက်ပဲ ရယ်မိသည်။

"ဒီနေ့လား နေအုံး၊ ပြက္ခဒိန် ကြည့်လိုက်ဦးမယ်"

ဒေါ်ခင်မူသည် ဇင်မင်းလတ်ကို ကလိရသဖြင့် ကျေနပ်နေမိသည်။ နေ့စွဲရော ရက်စွဲပါ အတိအကျပြောပြီး နောက်လိုက်ဦးမည်ဟု စဉ်းစားပြီး ပြက္ခဒိန်ကို လှမ်းကြည့်သည်။

"ဒီနေ့လား၊ တနင်္ဂနွေနေ့လေ။ ရက်စွဲ အတိအကျကတော့ ဖွန်လ၊ ခုနစ်ရက်"

ဒေါ်ခင်မူသည် ဘာမျှ ထပ်မပြောနိုင်ပဲ ပြက္ခဒိန်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ အလွန် ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းကို တွေ့လိုက်ရသလို ကြက်သီးတွေ တဖြန်း





ဖြန်း ထသွားသည်။ သူ့မျက်နှာသည် ရုတ်ခြည်း သွေးဆုတ်ပြီး ဖြူရော်သွား၏။ တဘက်က ဆက်ပြောနေသော စကားများကို ဘာမျှ မကြားရတော့။ သူ့မျက်လုံးတွေက ပြက္ခဒိန် ဂဏာန်းကွက်များကို ကြောင်ငေးကြည့်နေဆဲ။

ဇွန်လ.... ခုနစ်ရက်။

"မူမူရေ" ဆိုသော အသံနက်ကြီးကို ကြားလိုက်ရသည်။ လှေကားထစ်များမှ တလိမ့်ခေါက်ကွေး ကျလာသော ဦးကြာစိန်၏ သဏ္ဌာန်ကို မြင်ယောင်လာသည်။

ဇွန်လ... ခုနစ်ရက်။ ဒီနေ့။ မနှစ်တုန်းက ဒီနေ့။ အစ်ကိုကြီး ဆုံးပါးခဲ့တာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီကော။ ဒီလိုနေ့မျိုးမှာမှ မိမိသည် အခြားတပါးသော သူနှင့် ကလူကျီစယ်နေနိုင်အားဘိသည်။ အစ်ကိုကြီး၏ နှစ်လည် ဆွမ်းကျွေးရန်ကိစ္စကြီး တစ်ခုလုံးကို စီစဉ်ဖို့ မေ့လျော့နေခဲ့မိလေပြီ။ အစ်ကိုကြီးကို မမူ ဒီလောက်တောင် ဥပေက္ခာ ပြုထားခဲ့မိလေခြင်း။

"ဟင်လို့"

ဇင်မင်းလတ်၏အသံကို ပြန်ကြားလာရသည်။ သူ ဘာမှု ပြန်မပြောမိ။

"ကျွန်တော့်ကို အဖြေပေးပါတော့ မမရယ်"

ဘာမှ ပြန်မပြော။ မူမူရေ… မူမူ…. အစ်ကိုကြီး ဘာဖြစ်သွားမှန်း မသိပါဘူးကွယ်။

"မမ"

သူ အံကြိတ်လိုက်သည်။ တယ်လီဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

"ကျွန်တော့်ကို ပြန်ချစ်ပါနော်"

သူ ခေါင်းခါလိုက်သည်။

❀ ❀ ❀ ❀ ❀





**အခန်း (၁၁)**

ဒေါ်ခင်မူ၏ ကားကလေးသည် ပြည်လမ်းအတိုင်း မောင်းလာရာမှ ဟံသာဝတီအဝိုင်းကို ပတ်ပြီး ညာဘက်သို့ ထပ်ချိုးလိုက်သည်။ ထို့နောက် ညာဘက်ကိုပင် ထပ်ချိုးပြန်သည်။ ဝင်းတစ်ခုအတွင်းသို့ ရောက်ရှိသွား၏။

ကားကလေးသည် ကြံတောသုသာန်အတွင်းရှိ လမ်း

အတိုင်း ဖြည်းဖြည်းချင်း လိုမ့်ဝင်သွားသည်။ တနေရာတွင် ရပ်သည်။ ဒေါ်ခင်မူ ကားပေါ်ကဆင်းသည်။ ဆရာရွှေကြည်အား၏ အုတ်ဂူဘေးမှ ဖြတ်ပြီး ခပ်လေးလေး လျှောက်သွားနေသည်။ သူ့ခြေလှမ်းများသည် တရားရုံးအတွင်းသို့ လှမ်းဝင်နေရသော တရားခံ၏ ခြေလှမ်းများကဲ့သို့ နှေးကန်လွန်းလှ၏။ သူ့ကိုယ်သူ လိပ်ပြာမလုံ။ အပြစ်တစ်ခုခု ရှိနေသလို ခံစားရသည်။

မှတ်မှတ်ရရ နောက်ဆုံးတစ်ခေါက် ဒီကအပြန် ဇင်မင်းလတ်၏ ဆေးခန်းထဲမှာ မူးလဲပြီးကတည်းက ဒီကို နောက်ထပ် မရောက်ဖြစ်တော့။ ကြာခဲ့ပါပြီကော။

အုတ်ဂူလေးကို မြင်ရသောအခါ ဦးကြာစိန်ကိုယ်တိုင်အား တွေ့လိုက်ရသလို သူဟန်မဆောင်နိုင်တော့ပဲ ပြေးသွားမိသည်။ အုတ်ဂူဘေးမှာ သူ ရပ်သည်။ ရင်ထဲက နင့်ကနဲဖြစ်သွား၏။





အုတ်ဂူ၏ ပတ်ဝန်းကျင်တွင် မြက်ပင်ရိုင်းတွေ။ သစ်ရွက်ခြောက်တွေ။ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ် လပေါင်းအတော်ကြာခံခဲ့ရသော ပန်းခြောက်အကြွေတွေ။ အုတ်ဂူ ပေါ်မှာတော့ ရိုးတံချည်းသာ ကျန်တော့သော နှင်းဆီပန်းစည်း။ ဖဲကြိုးအပြာသည် အရောင်တွေတောင် လွင့်ခဲ့ရရှာပေါ့။ အစ်ကိုကြီးသည် သူ့ကို ရက်ပေါင်းများစွာ စောင့်မျှော်နေခဲ့ရှာပေမည်။

သူသည် နှင်းဆီပန်းစည်းအသစ်ကို အုတ်ဂူပေါ် တင်လိုက်သည်။ အုတ်ဂူခြေရင်းတွင် ဒူးတုပ်လျက် ထိုင်သည်။

"အစ်ကိုကြီးရယ်၊ မူမူ အစ်ကိုကြီးကို မေ့ထားခဲ့မိပါတယ်၊ အစ်ကိုကြီးကလွဲယင် ဘယ်သူ့ကိုမှ မူမူ မချစ်နိုင်ဘူးဆိုတာ သိရပါပြီ၊ မူမူ့ကို ခွင့်လွှတ်ပါနော်၊ ကျေးဇူးရှင် အစ်ကိုကြီးကို မူမူ ကန်တော့ပါတယ်"

သူ လက်အုပ်ချီသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ချက်တစ်ချက် သဲ့သဲ့မျှ လွင့်ပျံ့လာသော သူ၏ ရှိုက်သံမှ တပါး............။

မင်းလူ

[၁၉၈၃– ဧပြီလထုတ် မမစာအုပ်မှ]



# ရွှေကျော်ငြာ

နီကိုရဲ

## (တစ်)

သူရေရာချန်ဒရား...ဟူသော အမည်မှာ သူ့အဘိုး၏ နာမည်ဖြစ်ပြီး သူ့အဖေက ပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် သူ့အဖေကို ယခု ပြန်စဉ်းစားလိုက်လျှင် အရုံထဲမှာ တိတိကျကျ မမှတ်မိတော့။ သူရှစ်နှစ်သားအရွယ်မှာ သူ့ဖခင်နှင့် နောက်ဆုံးတွေ့ခဲ့ရခြင်း ဖြစ်၏။ ရန်ကုန်ရောက်ကတည်းက

ယခုထိ သူ့အဖေနှင့် မတွေ့ရတော့။

သူဆယ့်တစ်နှစ်သားမှာ နဝလီရွှေဝယ်သည့် ဘိုင်လေးကာ၏ တောက်တိုမယ်ရ တပည့်အဖြစ် ပညာဆည်းပူးကာ ဆယ့်ကိုးနှစ်သားတွင် ချိန်ခွင်တစ်လုံး... မှန်ပုံးတစ်ခု... ရွှေးစေ့များ... စားပွဲတစ်လုံးဖြင့် နဝလီရွှေဝယ်သူတစ်ယောက်။ နှစ်ဆယ့်သုံးနှစ်မှာ ကြိုးရှစ်မျိုး။ နားကပ်လေးမျိုးနှင့် အရုပ်လက်ကောက် လုပ်တတ်သည့် ပန်းထိမ်သမားတစ်ဦး။ ထို့နောက် အာလောကနှင့် အိမ်ထောင်ကျသည်။

အာလောကာသည် ဘိသျှုဝါကာမ နတ်မင်းကို ကိုးကွယ်သော ဟိန္ဒူအမျိုးသမီးဖြစ်ပြီး သူရေရာချန်ဒရားကတော့ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်။ သို့သော် သူတို့ အိမ်ထောင်ရေးသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော အဆင်ပြေသည့် အိမ်ထောင်ရေးတစ်ခုသာ ဖြစ်သည်။ ထိုသို့ အိမ်ထောင်ရေးမျိုးကို တည်ဆောက်ရန်အတွက် ရွှေမှုန်ရွှေစတွေကို စနစ်





တကျ ကိုင်တွယ်ခဲ့ရသည်။ စည်းစနစ်ကြီးခြင်း၊ မြိုးခြံချွေတာခြင်းနှင့် မှန်မှန်ကြိုးစားခြင်းသည် အရေးတကြီး လိုက်နာခဲ့ရသော အောင်မြင်ရေး လမ်းစဉ်များ ဖြစ်ခဲ့၏။

အားကိုးရာမဲ့ ဘဝမှနေ၍ မိသားစုတစ်စုကို အိုးအိမ်သင့်တင့်စွာ ထူထောင်ခဲ့ပြီး၊ ပန်းထိမ်ခုံများကိုးလုံးပိုင်၊ ရွှေဆိုင်ပိုင်ရှင် တစ်ဦးဖြစ်ရန်အတွက် ဘိသျှုဝါကာမ နတ်မင်းနှင့် ဘုရားတန်ခိုးပြီးလျှင် ဒုတိယ သူ အားအထားဆုံးမှာ စစ်စီခြွေတာသော သူ့စရိုက်ပင် ဖြစ်လေသည်။

သူ့ကို ကပ်စေးနည်းလွန်းသည်ဟု လက်ခစားနှင့် ပညာသင် တပည့်များက နောက်ကွယ်တွင် ပြောလေ့ရှိသည်ကို သူလျစ်လျူရှုထားခဲ့သည်။ ပန်းတိမ်သမားသည် မစစ်စီလျှင် မည်သို့ စီးပွားဖြစ်တော့မည်နည်း။ ယခုကဲ့သို့သော ဘဝကို မည်သို့ ရောက်တော့မည်နည်း။

❁ ❁ ❁ ❁ ❁

(နှစ်)

အာလောကာ၏ လက်ရာစစ်စစ်ဖြစ်သော ဆိတ်ခေါင်းပဲဟင်းနှင့် ပါပလာကြော်သည် ကိုယ်အလေးချိန်ပေါင်း ၂၀၀ နီးပါးရှိသော သူ့ခန္ဓာကိုယ်ကြီးကို လေးပင်စွာပင် ကုလားထိုင် ဖျင်ပေါ် ဆွဲချသွား၏။ ဂျက်ကမ္ဘာ ဆေးပေါ့လိပ်ကို မီးညှိနေစဉ်မှာပင် ဒေါ်ခင်မိုးဥ မျက်နှာ ဖျတ်ခနဲ ပျောက်သွားကာ





Visit Myamar Year 1996 ဟူသော အသံကို ကြားရပြီးနောက် ထက်ထက်မိုးဦးက ဖျက်ကနဲ ပေါ်လာကာ "ရင်ထဲတွယ်တာ မရှိး... စိတ်ထဲ ဘယ်ခါ မငြိုး" ဟူသော ချစ်လေးဇီးထုပ်ကြော်ငြာ ပေါ်လာ၏။

သူ့ကလေးအကြီး သုံးယောက်က ဟေးကနဲ အော်လိုက်ကာ အာလောကာ ကမန်းကတန်း ခါးကိုဆန့်ကာ တီဗွီကို ကြည့်လိုက်သောကြောင့် နို့စို့နေသော အငယ်ဆုံး ပါဆန်ပါးစပ်နှင့် နို့သီး လွတ်သွား၏။ နေ့စဉ် ဟာရောက် အားပေးနေကျ ပရိသတ်ကလည်း အတင်းစကားများကို ရပ်လိုက်ကြကာ တီဗွီမှန်သားပြင်သို့ မျက်နှာမူလိုက်ကြ၏။

စည်းကမ်းကြီး၍ ခြိုးခြံခဲ့သော သူဌေးရာချန်ဒရားသည် သမီးလေးယောက်၏ ပူဆာမှု၊ အာလောကာ၏ စိတ်ကောက်မှု၊ ဆိုကြမယ်ပျော်ကြမယ် အစီအစဉ်၊ မြဝတီ လျှပ်တစ်ပြက် အစီအစဉ်၊ ချစ်သူရွှေးသီရာတေးကဗျာနှင့် ပန်ပန်ကြော်ငြာ

တို့ကြောင့် ခေတ်ရေစီးကြောင်းကို မလွန်ဆန်နိုင်စွာ ဆယ့် လေးလက်မ Gold Star တီဗွီတစ်လုံးကို နှစ်သောင်း ခြောက် ထောင်ဖြင့် ဝယ်ခဲ့သည်မှာ တစ်ပတ်ပင်မပြည့်သေး။ သူ့ဘဝ တွင် အပိုသုံး ဖြေဖျော်ရေးအတွက် ငွေကြေးအများဆုံး တစ်ကြိမ်တည်း သုံးခဲ့ဖူးခြင်းလည်း ဖြစ်သည်။

"ဒီမှာ... ဒီမှာ.. .ကျွန်မလိုဘဲ လှချင်သလား အသား အရေ စိုပြေလှပ..."

ခိုင်သင်းကြည်၊ စိုးမြတ်သူဇာနှင့် မေသန်းနု။ ကုလား ထိုင်ပေါ်တွင် ထိုင်နေသော သူရေရာချန်ဒရား၏ မျက်စေ့၊ နား၊ အာရုံအားလုံးသည် တစ်နေကုန် ညောင်းညာခဲ့သည်တို့ ကို လက်စားချေသည့်နှယ် တီဗွီဖန်သားပြင်ပေါ်မှာ အရည် ပျော်သွား၏။ ပီတိသည် တစိမ့်စိမ့် ပေါက်ကျနေသော်လည်း အလုံးအထည်မလျော့သော အတ္တက တလိမ့်လိမ့်ခုန်၍နေ သည်။ အာရုံ၏ ကျေနပ်မှုသည် ဝိညာဉ်ကို ကောင်းစွာ ဦး





ဆောင်ခေါ်သွားကာ လွတ်မြောက်စ ပြုလာ၏။

ထိုစဉ် နန္ဒလှိုင်က ဖွေးဖွေးဥနေသော သွားကလေးများ ကို လက်စွပ်အပြည့်ဝတ်ထားသော လက်ဝါးနှင့်ကာ လက် ဝါးကို စကြာလို မွှေ့ယမ်းကာ ခန္ဓာကိုယ်ကို သုံးလေးပတ်လှည့် လိုက်၏။

"ရွှေရည်မှီ...ဈေးနှုန်းလည်း မှန် သေချာတာမောင်ကိန်း ကြော်ငြာရုံသက်သက်မဟုတ်ပါ အမှန်တယ်ကိုကောင်း..."

သူ့ကလေးများအားလုံးက "မောင်ကိန်း"ဟု အော်လိုက် ကြ၏။ ဖျတ်ခနဲပေါ်လာသော ရွှေထည်များ...။

"ထိပ်တန်း ရွှေဆိုင်...လူတိုင်းရဲ့ အကြိုက် မောင်ကိန်း... ရွှေလက်ရာမှန် အဆင့်တန်းမြင့်တဲ့ မောင်ကိန်း..."

နန္ဒာလှိုင်ပျောက်သွားကာ ထက်ထက်မိုးဦးနှင့် ကျော်သူ ပြေးထွက်လာ၏။ ဖန်တက်စီ ကြော်ငြာ။ လူတိုင်းရဲ့အကြိုက်

မောင်ကိန်း... အဆင့်အတန်းမြင့်တဲ့ မောင်ကိန်း ဆိုပါလား။ သူ ကုလားထိုင်လက်ရမ်းကို ဆုပ်ကိုင်ထားလိုက်မိ၏။ နန္ဒာလှိုင်၏ နှုတ်ခမ်းနှစ်လွှာပြုံးဟန်၊ မေးဆတ် ခေါင်းညိတ်ပြဟန်၊ သူ့ဇနီးအာလောကာ၊ သူ့သမီးလေးယောက်နှင့် လာကြည့်သော ပရိသတ်၏ တီဗွီမျက်နှာပြင်ကို ငေးနေဟန်။ သူ သက်ပြင်းကို ချလိုက်သည်။

"မန္တလာမြေမှ သက်တမ်းကရှည်ကြာ၊ ရွှေဆိုရင် မှန်ကန်တယ်အကောင်းဆုံး တို့ဝိန့်စိန်ပါ..."

ကလေးများက ဝိန့်စိန်ဟု အော်ကြပြန်၏။ သူ မျက်မှောင် ကြုတ်လိုက်သည်။ ဝိန့်စိန်ဆိုပါလား။ မောင်ကိန်း... ဝိန့်စိန်။ သူ့အသိတရားထဲတွင် ထိုခေါ်ရခက်သာ နာမည်နှစ်ခုသည် လုံးထွေးကာ လွင့်စင် ထွက်သွားကြသည်။ ထို့နောက် နန္ဒာလှိုင်ပေါ်လာ၏။ မောင်ကိန်း။ ခိုင်သင်းကြည်ပေါ်လာ၏။ ဝိန့်စိန်။ သူရောရာချန်ဒရား ခေါင်းကို ခါလိုက်သည်။





သက်ပြင်းသည် ရင်အစပ်မှာ တစ်နေသဖြင့် မနည်းဆွဲမကာ ချရ၏ ။

"ရတနာစိန်ကျောက် ဖယ်တောက်တမ်း ကစားကြရအောင်လေ"

"ဟေး... ထက်ထက်မိုးဦး ကြော်ငြာ မားမားနည်းနည်း ကျယ်လိုက်ပါ..ဆန်ဒီမာ ကျယ်.. ကျယ်...ကျယ်လိုက်..."

"ပန်...ပန်...ပန်...ပန့်...ပန်... ရွှေစင် အနုအရွအလှတို့ စုံလင်၊ ရွှေစင် ဆန်းသစ်လှပတီထွင်..."

သူရေရာချန်ဒရား ကုလားထိုင်လက်တန်းကို အားပြုကာ သူ့ခန္ဓာကိုယ်ကြီးကို ဆွဲယူမရင်း ဦးခေါင်းကို တီဗွီဖန်သားပြင်နှင့် နီးအောင် အားထုတ်ချိန်တွင် ထက်ထက်မိုးဦးက ပုခုံး ကလေးတွန့်ကာ တွန့်ကာ တပန်ပန်ဖြင့် ပျောက်သွားလေသည်။ ရွှေစင်ဆိုင်မှာ ဝိုးဝှေ့နေသောလူများ။ သီချင်းကို သံပြိုင်လိုက်ဆိုကြသော သူ့ကလေးများ။ ခန္ဓာကိုယ်ကို စည်း

ချက်လိုက် ယိမ်းလှုပ်နေသော သူ့မိန်းမ အာလောကာ။ မင်းတို့အားလုံးဟာ အဲဒီလိုပဲ ရွှေဆိုင်တစ်ဆိုင်ကို ပိုင်ထားတယ်ဆိုတာကို မေ့နေကြပြီးလား။ အလေးပင်ဆုံး အပူရှိန်အပြင်းဆုံး သက်ပြင်းသည် သူ့နှာခေါင်းချွန်ချွန်ကြီးမှ တစ်ဆင့် လွင့်ကျသွားလေသည်။

သူ ဆယ့်တစ်နှစ်သားကနေ ယခု အသက် ငါးဆယ်အထိ သုံးဆယ့်ကိုးနှစ်တိတိ ဖြတ်သန်းခဲ့ရသော ရွှေလောက၏ ရောင်းဝယ်မှုပုံစံ၊ ဒီဇိုင်း၊ ရွှေ့လျားမှု၊ အပြောင်းအလဲ… ဆန်းသစ်မှုတို့သည် ဟိုးယခင်ကလို မဟုတ်တော့။ ဈေးကွက်စီးပွားရေးစနစ်တွင် အရာရာသည် လူထုကြားထဲ ပျံ့နှံ့ဖို့လိုအပ်လာပြီ။ ကံစမ်းမဲ…စတိတ်ရှိုး…အားကစားပွဲနှင့် တီဗွီကြော်ငြာသည် စီးပွားရေး၏ အဓိကသော့ချက် ဖြစ်လာ၏။

ယခုလေးနှစ်အတွင်း ရွှေဆိုင်တွေ မိုးဦးကျမှိုပွင့်တွေလို ဘွားကနဲ ပေါ်လာကြပြီး ရွှေဈေးတွေ အသံမြည်မြည်ပင်





ခုန်တက်သွားကြ၏။ ရွှေဈေးနှင့် ကုန်ဈေးနှုန်းတွင် ကမ္ဘာမြေကြီး ဆွဲအားပင် မရှိ၍ပေလော…။ သို့တည်းမဟုတ် တရာတော်ကို ခေတ်အမီဆုံးနည်းဖြင့်ပင် ဆန့်ကျင်နေနိုင်၍ပ လော မသိ။

ကန်ထရိုက်တိုက်စနစ်များ ပေါ်လာ၍ ဆင်းရဲသောမြို့နယ်မှ လူများလက်ထဲတွင် ငွေသိန်းချီကိုင်နိုင်လာသဖြင့်ပင် ရွှေဈေးသည် တက်နေသလော။ ထက်ထက်မိုးဦး၊ နန္ဒာလှိုင်၊ မေသန်းနု၊ ခိုင်သင်းကြည်တို့၏ ပြုံးချိုသောမျက်နှာ သီချင်းသံထဲမှ စကားလုံးနှင့် အမူအရာတို့ကို လူတွေက ယုံကြည်လွန်း၍ပင်လော။ သူရေရာချန်ဒရား မသိ။ သို့သော် ခေတ်သစ်စီးပွားရေးစနစ်၏ ရှုပ်ထွေးမြန်ဆန်လွန်းလှသော အပြောင်းအလဲများသည် သက်န်းကျွန်းဈေးကြီးအတွင်းရှိ မည်းမှောင်နေသော အုန်းသီး၊ ငှက်ပျောသီးတန်းအစွန်မှ သူ့ရွှေဆိုင်ကလေးထဲသို့ တစ္ဆေတစ်ကောင်လို ရောက်လာခဲ့တာတော့ သေချာသည်။

ယခုဆိုလျှင် သူ့ရွှေဆိုင်သည် အရောင်းကျလာသည်။ သူ့ဆိုင်သည် သကၠန်းကျွန်းဈေးကြီးထဲမှာ တတိယ
န်းစား ရွှေဆိုင်ကလေးသာ ဖြစ်သော်လည်း သူ့စွဲ၊ လက်ရာ၊
စပ် သေချာမှု၊ မှန်ကန်မှုတို့ကြောင့် ယခင်က အမြတ်အစွန်း
ကောင်းခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့။ ဘာကြောင့် ဒီလို
ရောင်းအားကျသွားသည် ဆိုခြင်းကို တီဗွီဝယ်ပြီး တစ်ပတ်ခန့်
အကြာတွင် သူ ရိပ်မိစပြုလာခဲ့သည်။

"ရွှေဟာ ဘယ်မှာ အကောင်းဆုံးလဲဆိုရင် မှန်မှန်ကန်ကန် အတိအကျပြောမယ်ရှင်၊ လပ်ကီးတိုင်စင်... လပ်ကီးတိုင်စင် စိတ်ချလို့ အကောင်းဆုံးပင်"

"ရင်မှာ စွဲလမ်းမိတာ ရွှေဆို အိုကေ..."

"ဟော့... ဟော့ နယူးတိုင်စင် လက်ရာထိပ်တန်း စိတ်ချမ်းသာစေမည်"





"စိတ်ကူးယဉ်လေတိုင်း အဝေးထဲ ရွှေနန်းတော်... ဆန်းသစ် လှပဒီဇိုင်းက ကိုယ့်အတွက် အမြဲလိုစမ်း"

"နမင်းအိမ်ကျော် ပါပိုနထူး...ရတနာစုလိုက ရွှေညသို့ ကြွခဲ့ပါ...နော်...နော်..."

"ဦးထုံရွှေပန်းတိမ်ဆိုင်သို့ ကြွခဲ့ပါ"

"တင့်ရွှန်းကာ တောက်ပလို့ ပြိုင်ဖက်ကင်းတယ် အသည်းစွဲပဲ တို့ကတော့... ပါ့ဝါပဲ အားလုံးလည်း ပါဝါပဲ..."

သူရေရာချန်ဒရား ကုလားထိုင်ပေါ်မှ ဖျတ်ခနဲ ထရပ်သည်။ သူ့ရင်ထဲမှာ မကောင်း၊ အတွေးထဲမှာ ညည်းစီစီ။ အသိတရားမှာ မကျေမချမ်း၊ သူချက်ချင်းကို ပင်ပန်းနွမ်းနယ်သွား၏။ "သူရေရာချန်ဒရား ရွှေဆိုင်" ဟူသည့် သစ်သားထွင်းကပ် ဆိုင်းဘုတ်ကလေးက သူ့အာရုံမှာ မှိုင်းဝေလျက်ရှိသည်။ သူ့ဆိုင်မှာ ရွှေသည် အကောင်းဆုံး မဟုတ်တော့

ပြီလော။ သူ့လက်ရာက ထိပ်တန်း မဟုတ်တော့ပြီလော။ လူတွေ သူ့ရွှေကို မစွဲလန်းတော့ပြီလော။ သူက ရွှေရည်မမီ ဈေးနှုန်းလည်း မမှန်တော့ပြီလော။ အနအရွ အလှအပတို့ မစုံလင်တော့ပြီလော။ သူ့ရွှေက ပြိုးပြိုးပြက်ပြက်မဟုတ်တော့ ပြီလော။

မောင်ကိန်း၊ ဝိန့်စိန်၊ သူရေရာချန်ဒရား ဘာများကွာ သနည်း။ သူ ဂေ့ကနဲ လေချဉ်တက်သည်။ ရွှေရောင်းသူချင်း အတူတူ သူ့ကို လူမသိကြပါကလား။ သူ့သားသမီးနှင့် သူ့ မိန်းမကပင် မေ့နေပြီလား။ သူ့တစ်ဘဝလုံး ဖြတ်သန်းလာခဲ့ သည့် အတွေ့အကြုံ ကျွမ်းကျင်မှု အသိတရားများသည် အကောင်အထည်မဲ့သွား၏။ အခုနေ အာလောကာကို ရွှေဝတ် မလားဆိုရင်ပင် ရွှေစင်ဆိုင်ကို ပြေးဝယ်လေမလားမသိ။

ခုတင်ပေါ် ပြိုလဲကျသွားသော သူ့ခန္ဓာကိုယ်ကြီးထဲမှာ အတွေးက စုံနေ၏။ ဝိန့်စိန်နှင့် မောင်ကိန်းဟူသော နာမည်





များက သူ့အာရုံထဲမှ မထွက်၊ ထိုနာမည်များကိုပင် လှပသော သံစဉ်တွင် ထည့်ကာ မင်းသမီးများက ဆိုနိုင်ကြသေးလျှင် သူရေရာချန်ဒရားဟူသော အမည်ကိုလည်း ဆိုနိုင်ကြမည်မှာ မလွဲ....။

မကြာမီ အာလောကာ၏ ဆိတ်ခေါင်းပဲဟင်းသည် အစာအိမ်အတွင်းမှနေ၍ တဒုတ်ဒုတ်မြည်နေသော သွေးတိုး နှုန်းထဲသို့ ဝင်ရောက်လာကာ သူ့ခန္ဓာကိုယ်ကြီးကို တစ်နေရာ သို့ ဆွဲခေါ်သွားပြီး သူ့မျက်ခွံများကို ဆွဲချစေ့ပိတ်စ ပြုလာ သည်။

သို့သော် ခဏသည်က ဆွဲချစေ့ပိတ်စပြုနေသော မျက်ခွံ များ နောက်ထဲတွင် ထက်ထက်မိုးဦးက ပုခုံးတွန့်နေ၏။ နန္ဒာ လှိုင်က ရယ်နေသည်။ ခိုင်သင်းကြည်က မေးကလေးဆတ် ကာ လက်မောင်းကလေးကို ပွတ်၏။ မေသန်းနုက မျက်လွှာ ချကာ တစ်ဖက်သို့ လှည့်သွားသည်။ ပြီးတော့ အားလုံးက

ပြိုင်တူ အော်လိုက်ကြသည်။

"စနစ်တကျ ရိုးသားခဲ့သော သက်တမ်း ၃၉– နှစ်ရှိ ဝါရင့် ရွှေသမား သူရေရာချန်းဒရား"

ခိုင်သင်းကြည်က ခန္ဓာကိုယ်ကို ဆတ်ကနဲ ပင့်တင်၍ မေးကို မြှောက်လိုက်ရာ လည်တိုင်တွင် ဆွဲထားသော ဆွဲကြိုး ကလေးမှ အသည်းပုံ လော်ကယ်သီးကလေး ဖျတ်ခနဲ လွှ တက်လာသည့်အခါ ရှေ့သွား ဖွေးဖွေးကလေးများဖြင့် လှမ်း ကိုက်လိုက်ပြီး နှုတ်ခမ်းနီ ရဲနေသော နှုတ်ခမ်းသားကလေးကို စုပ်လိုက်ရာ လော်ကယ်သီးကလေးက ပြွတ်ကနဲ ပါးစပ်ထဲ ဝင်သွား၏။ ဒီတော့မှ ခိုင်သင်းကြည်က မျက်တောင်ကလေး ကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ တအံ့တဩဖြင့် သူရေရာ ချန်းဒရားဟု ရွတ်လိုက်လေသည်။

ထက်ထက်မိုးဦးက အပေါ်နှုတ်ခမ်းကလေးကို မော့၍ မပွင့်တစ်ပွင့်ဟကာ ဖြူဖွေးသော လက်ချောင်းကလေးများဖြင့်





လေးထောင့်စက်စက် သူမ မေးရိုးကလေးကို ဖွရွစွာ ပွတ်သပ် လာသည်။ တီဗွီဖန်သားပြင်သို့ ဝင်လာသော လက်ချောင်း ကလေးများတွင် ရွှေလက်စွပ်တွေက အပြည့်၊ ထိုလက်ကလေး ဖြင့် မေးစေ့ကလေးကို ပင့်ထောက်လိုက်တော့ လက်ကောက် ဝတ်မှာ လက်ကောက်တွေ ပြိုးပြိုးပြက်ပြက်။ ထိုပုံစံအတိုင်း ကင်မရာကို တစောင်း ရွှေ့သွားပြီးမှ တစ်ဖက်သို့ လိုက်ရွေ့ လာသော ထက်ထက်မိုးဦး၏ နိုင်ငံကျော် နှုတ်ခမ်းကလေးကို အနီးကပ် ရိုက်သည့်အခါ တွန့်ကွေးသွားသော နှုတ်ခမ်းမှ အသံထွက်က သူရေရာချန်းဒရား.... တဲ့။

ရှုတ်ထွေးနေသော ရန်ကုန်မြို့လယ်၏ လူအများ သွား လာနေကြသော ပြကွက် မြင်ကွင်းကျယ်တစ်ကွက်။ နန္ဒာလှိုင် က ပြုံးရွှင်သော မျက်နှာကလေးဖြင့် လျှောက်ကာ လာနေ၏။ ထိုစဉ် ဒွေးက နောက်မှ ဝင်တိုက်ကာ နန္ဒလှိုင့် လည်ပင်းမှ ဆွဲကြိုးကို ဖြတ်ကာ ပြေးသည်။

လူတွေက အော်ဟစ်ကာ ဒွေးနောက်သို့ လိုက်ကြ၏။ ဒွေးက ဆွဲကြိုးကို ကျစ်ကျစ်ပါအောင် ဆုတ်ကာ အသက်လု ပြေး၏။ နောက်ဆုံး ဒွေးကို မိသွားကြ၏။ ရဲအရာရှိ တစ်ဦးက ဒွေးကို ဆွဲထူကာ ခက်ဆတ်ဆတ် မေး၏။

"ဟေ့ကောင်၊ နေခင်းကြီးမှာ မင်း အတင့်ရဲလှချည်းလား ကွ.... ဟေ...."

"ဟို ကျွန်တော် ဒီဆွဲကြိုးက သူရေရာချန်းဒရားရဲ့ ဆိုင က လက်ရာမှန်း သိလိုက်ရတော့ စွဲလမ်းပြီး စိတ်မထိန်းလိုက် နိုင်လို့ပါခင်ဗျာ"

ထိုစဉ် နန္ဒာလှိုင်က အမောတကော ပြေးလာကာ ဒွေး လက်မှ ဆွဲကြိုးကို ဖျတ်ခနဲ ဆွဲယူကာ ဒွေးကို မျက်စောင်းခပ် ဆတ်ဆတ် လှမ်းထိုးရင်း ဆွဲကြိုးလေးကို ဖျတ်ခနဲ နမ်းလိုက် ရင်း ကိုယ်ကို တစ်ပတ် လှည့်လိုက်သည့်အခါ နန္ဒာလှိုင် ကိုယ်ပေါ်မှာ ဆွဲကြိုးတွေ ဘယက်တွေ လက်စွပ်....





လက်ကောက်တွေ အပြည့် ဖြစ်သွားပြီး သီချင်းက စသည်။

"လှူဆိုးလှူမိုက်များပင် သတိလက်လွတ် စွဲလမ်း မူး မေ့သွား... ဒါ သူရေရာချန်ဒရား သင့်အိပ်မက်ကို သိထား သလို သင့်စိတ်ကြိုက်ကို ဖြစ်ဖို့ရာ ဒီမှာ သူရေရာချန်ဒရား အို... သူရေရာချန်းဒရား"

သူရေရာချန်ဒရား အိပ်ရာမှ ဝုန်းကနဲ ထထိုင်သည်။ တစ်ကိုယ်လုံး ချွေးတို့ ရွှဲနစ်ကာ နေ၏။ သူ့ရင်တွေ တဆတ် ဆတ် တုန်ကာ နေ၏။ ခိုင်သင်းကြည်၊ နန္ဒာလှိုင်၊ ထက်ထက် မိုးဦးတို့ တစ်ယောက်မှ မရှိကြတော့ သူ့ရင်သည် ဟာလာဟင်း လင်း ဖြစ်ကျန်ခဲ့၏။ သူရေရာချန်ဒရား ဟူသော သီချင်းသံ ထဲက သူ့နာမည်လည်း မရှိတော့။ သူ့မိန်းမ အာလောကာက နံဘေးနားမှာ ပါးစပ်ဟလျက် ရွှေသွားများပေါ်ကာ အိပ်ပျော် နေ၏။

သူသက်ပြင်းကို ချလိုက်သည်။ ဒါအိပ်မက်ပဲ။ သို့သော်

ပြန်မရနိုင်သော အိပ်မက်မျိုးတော့ မဟုတ်။ ပြန်၍ အိပ်သော်လည်း အတွေးမျိုးစုံ ပလုံစီနေသဖြင့် အိပ်မရတော့ပြီ။ အသက် (၅၀) ကျော်တွင် ပထမဦးဆုံးအကြိမ် အိပ်မပျော်သည့် ညသည် မည်မျှ ရှည်လျားသွားကြောင်း သူရေရာချန်ဒရား ကောင်းစွာ သိရှိသွားလေသည်။

❁ ❁ ❁ ❁ ❁





## (သုံး)

ဈေးအတွင်းမှ ဈေးအော်သံ၊ ဈေးခေါ်သံ၊ ရှုပ်ထွေးနေသော လူတွေ ပစ္စည်းထမ်းသွားကြသူတွေအားလုံးသည် ညက အိပ်ရေး မဝခဲ့သော သူ့အာရုံတွင် ရှုပ်ထွေးကာ မူးနောက်ချင်စရာ ဖြစ်နေ၏။ မနေ့က လုပ်ပြီးသား ကြိုးတစ်ကုံးကို အရောင်တင်ရင် သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်ကာ သူ့တပည့်

ရှင်းကို ပေးခဲ့ပြီး၊ တစ်သက်မှာ ပထမဦးဆုံးအကြိမ် ဈေးထဲမှ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိသည်။ ယခင်ကဆိုလျှင်တော့ အာလောကာက ချိုင့်ဖြင့် သွားဝယ်ကာ ရေနွေးရောထားသော လက်ဖက်ရည်ကိုသာ သူ သောက်လေ့ရှိသည်။

ညက TV ကြော်ငြာထဲမှ မောင်ကိန်းနှင့် ဝိန့်စိန်သည် သူ့အာရုံထဲမှာ သူ့ကို ဒုက္ခပေးနေတုန်း၊ အိပ်မက်ထဲက နန္ဒာလှိုင်၏ အသူရေရာချန်ဒရား ဟူသော အသံကလေး မပီကလာ ပီကလာသည် သူ့စိတ်ကို တစစ်စစ် ဆွနေတုန်း။ ရွှေကြော်ငြာများနှင့် ညအိပ်မက်သည် သူ့လက်ရှိခံစားမှုကို ဂနာမငြိမ်အောင် စိတ်ထဲမှာ ဖိအားပေးလျက် ရှိသဖြင့် သူ အရာရာကို စိတ်တိုင်းမကျနိုင်တော့။

အခုတော့ သူရေရာချန်ဒရားသည် မည်းမှောင်မှုန်ကုတ်နေသော သူ့ပန်းထိမ်ဆိုင်ကလေးကို အကောင်းမမြင်တော့။ သူရေရာချန်ဒရားဟူသော သစ်သားထွင်းကပ်ဆိုင်းဘုတ်ကို





ကြည့်မရတော့၊ ၃၉– နှစ်လုံးလုံး သူလေ့လာဆည်းပူးခဲ့သော ရွှေနှင့် ပတ်သက်သည့် သူ့အသိ၊ အတတ်ပညာ ကျွမ်းကျင်မှု တို့ကိုလည်း ဂုဏ်မယူချင်တော့။ ဘာလုပ်တော့မည်နည်း။ သူ့ကို ဘယ်သူမှ မသိ၊ သူ့ဘဝသည် သင်္ကန်းကျွန်းဈေးကြီး အတွင်းမှ မည်းမှောင်မှုန်ကုတ်သော ဇွက်အိုင်ကလေးမျှသာ ဖြစ် ၏။ ဘာမှကို မဟုတ်။ သူ ငယ်စဉ်ကတည်းက မျှော်လင့်ခဲ့ရသော ပန်းထိမ်ဆိုင်ရှင်ဘဝကို စကြဝဠာဝတေးမင်းနေရာဟု ထင်ခဲ့ဖူးသည်။ ရလာတော့လည်း ပျော်လိုက်သည့်ဖြစ်ခြင်း။ အခုတော့ သူသည် ဘာမှကို မဟုတ်တော့ပြီ။

သူ စဉ်းစားသည်။ ဟော့သည် သင်္ကန်းကျွန်းဈေးထဲမှာ မည်သည့်ရွှေဆိုင်မျှ TV မှာ ကြော်ငြာ မထည့်ကြသေး။ ထို အသိက သူ့နှလုံးသားကို ဖျတ်ခနဲတစ်ချက် လှုပ်သည်၊ လူ တွင် အသက်ရှင်ချင်စိတ်ပြီးလျှင် ဒုတိယ အတောင့်တဆုံးစိတ် က ကိုယ့်ကို သူတပါးက ဂရုပြုရေးပင် မဟုတ်ပါလား။ ထို့

အတွက် ဟစ်တလာလည်း ပေါ်ခဲ့ပြီ၊ မွန်ရိုးလည်း ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားပြီ။ အိုင်းစတိုင်းလည်း စကြာဝဠာကို တွက်ချက်သွားသည်။ ရာဇဓိရာဇ်လည်း အင်းဝကို တိုက်တော်မူ၏။ ဆော့ကရစ်တီးလည်း အဆိပ်ခွက်ကို နှိုက်ခဲ့သည်။

"ဟာ ဦးချန်းဒရားကြီး ထူးဆန်းလှပါလားဗျ၊ လက်ဖက်ရည်ဆိုင်တွေ ဘာတွေထိုင်လို့"

အထည်ဟောင်းရောင်းသည့် ခင်ဇော်က ဟိုဘက်ခုံမှသို့ လှမ်းနှုတ်ဆက်သည်။ ခင်ဇော်သည် ထုံးစံအတိုင်း ပြောင်နေသော ရှေ့နဖူးပေါ်သို့ နောက်မှ ပါးလျှာသော ဆံပင်ကလေးကို တွန်းပို့ကာ ဖုံးကွယ်ထား၏။ သူ့အဖြစ်ကလည်း ခင်ဇော့်နဖူးလို ဖြစ်နေပြီလား။

"အေးကွာ၊ နဲနဲ ညည်းစီစီဖြစ်တာနဲ့"

"ဟုတ်တယ်ဗျ၊ မီးချောင်းအောက်မှာ တစ်နေကုန် မှန်





ကုတ်ကုတ်နဲ့ လုပ်ရတာကိုး အသက်ရှည်ဖို့ အရေးကြီးတယ်ဗျ"

ခင်ဇော့်စကားဆုံးတော့ သူ့ရွှေဆိုင်သည် ကြော်ငြာဖို့ လုံးဝလိုပြီဆိုတာ သူ ကျိန်းသေ တွက်လိုက်သည်။ အခုချိန်တွင် မတော့ မည်သည့်စကားကိုပင် ကြားရကြားရ သူ့အတွေးပန်းကုံးသည် ကြော်ငြာမှာပင် အဆုံးသတ်လေသည်။

"ဟုတ်တယ်၊ ငါ ဒီလိုလုပ်မယ် စိတ်ကူးတယ် ခင်ဇော်"

"ဘာတုန်းဗျ၊ ကျန်းမာရေးလေ့ကျင့်ခန်း ယူတော့မလို့လား"

"ဟင့်အင်း၊ ငါ့ဆိုင်ကို ကြော်ငြာ TV မှာ ထည့်မလို့"

သူ့စကားဆုံးတော့ ခင်ဇော်က စိတ်ဝင်စားသွားလျှင် (သို့) အံ့ဩလျှင် လုပ်လေ့ရှိသည့်အတိုင်း သွားများကို ဂျလိဂျလိ မြည်အောင် ကိုက်ကာ မေးစေ့ကို ပင့်မြှောက်လိုက်

ရင်းက...

"ဘာဆိုင်လို့တုန်းဗျ"

"ဒီလိုလေကွာ၊ မင်းပြောသလို ကျန်းမာရေးက အရေးကြီးတယ်။ ငါကလည်း အသက် (၅၀) ဆိုတော့ အိုပြီ၊ ငါ မသေခင် ငါ့ရွှေဆိုင်ဟာ ဟော့ဒီ သင်္ဃန်းကျွန်းမှာ ရောင်းအကောင်းဆုံးရွှေဆိုင် ဖြစ်ရမယ်၊ ဒါမှ ငါလည်း အသက်ရှည်မယ်၊ မင်းဆိုလိုတာ အဲ့ဒီသဘောပဲ မဟုတ်လား"

"........................"

"ဒီတော့ ရောင်းအကောင်းဆုံး ရွှေဆိုင် ဖြစ်ဖို့အတွက် ငါ့ရွှေဆိုင်ကို TV မှာ ကြော်ငြာထည့်ဖို့ လိုလာပြီ။ ကြော်ငြာမယ်ကွာ ဘယ့်နှယ့်လဲ"

သူ့စကားဆုံးတော့ ခင်ဇော်သည် သူ့ကိုစိုက်ကြည့်နေပြီး ထင်မှတ်မထားခြင်း၊ အံ့သြခြင်း၊ လှောင်ပြောင်လိုခြင်း၊





စသော အမူအရာများသည် ခင်ဇော့် မျက်နှာပေါ်တွင် အစဉ်အတိုင်း ဖြတ်သန်းသွားကြ၏။

"ဟား ဟား.....ဟား.. ဟား ဟား..... ဟား ဟား ဟား..... ဟား ဟား....."

သူ့ရှေ့တွင် ယိမ်းခါနေသော ခင်ဇော့်ပါးစပ်များသည် ဂူပေါက်ကြီးတစ်ခုသဖွယ် သူ့မျက်နှာရှေ့တွင် ရှိသည်။ နဖူးပေါ်သို့ မရှိမယ့်ရှိမယ့် စုပို့ထားရသော ဆံပင်ကလေးများကလည်း နံဘေးသို့ ရောက်ကာသွားသဖြင့် နဖူးက တောင်ထွတ်တစ်ခုသဖွယ် ဖြစ်နေ၏။

"ခင်ဗျားက ကြောငြာမလို့ ခင်ဗျားရွှေဆိုင်ကို တီဗွီမှာ ကြော်ငြာထည့်မလို့ ဟုတ်လား..... ဟား ဟား.... ဟား ဟား..."

"ဟော့ကောင် ရယ်တာကို အခုရပ်... တိတ်လိုက်စမ်း"

သို့သော် ခင်ဇော်က ဒေါသတကြီးဖြစ်နေသည်။

သူ့စကားသံကို မကြားတော့ ဟစ်၍ ဟစ်၍သာ ရယ်နေသည်။ ဈေးအတွင်းမှ လူများက သူနှင့် ခင်ဇော်ကို ဝိုင်းကြည့်လိုက်ကြသည်။ ရွှေပျောက်ခြင်းမှ လွဲ၍ မည်သည့်အရာကိုမှ ဒေါသထွက်လေ့ မရှိသော သူရေရာချန်ဒရားသည် ဝုန်းကနဲ ဒေါသကြီးစွာဖြင့် ထရပ်ကာ......"

"ဟောကောင် ထိပ်ပြောင် မင်း ငါ့နာမည်နဲ့ ရွှေဆိုင်ကြော်ငြာကို TV မှာ တစ်လအတွင်း မြင်စေရမယ်ကွ"

❀ ❀ ❀ ❀ ❀





## (လေး)

ပထမဦးဆုံး သူလုပ်ရသောအလုပ်မှာ သူ့မိန်းမ အာလောကာနှင့် တိုင်ပင်ခြင်းပင် ဖြစ်လေသည်။ အာလောကာ မျက်နှာသည် ခင်ဇော့်လိုပင် ခံစားမှုများ အစဉ်လိုက် ဖြတ်သန်းကာ သွားကြ၏။ သို့သော် ခင်ဇော်က လှောင်ပြောင်လိုသည့် ခံစားမှုတွင် ရပ်ပြီး၊ အာလောကာက ကြောက်ရွံ့တုန်

လှပ်သော ခံစားမှုတွင် ရပ်၏။

"မကြော်ငြာလည်း ရောင်းနေရာတာပဲ မဟုတ်လား"

"နင် ဘာနားလည်သလဲ၊ အခုဟာက ဈေးကွက်စီးပွား ရေးစနစ်၊ ဒီစနစ်မှာ ကြော်ငြာဟာ အသက်ပဲ သိလား အသက်"

သူက သူ့ဆိုင်နံဘေးက မုန့်ဟင်းခါးရောင်းနေသော သန်းထိုက်စကားကို အာလောကာအား ပြောချလိုက်၏။ တကယ်တော့ လေးတန်းပင် မအောင်သော သူရေရာချန်း ဒရား ဈေးကွက် စီးပွားရေး ဆိုတာကို ဘာမှမသိ။ သူ့မိန်းမ မျက်နှာ ရှုပ်ထွေးသွား၏။ ပြီးတော့ သူ့ရှေ့မှာ ထွက်သွားသည်။ သူကတော့ မည်သို့ပင်ဆိုစေ နောက်မဆုတ်တော့ပြီ။

နောက်တစ်နေ့ကျတော့ သူ့သမီးအကြီးမ ဆန်ဒီးမား သူ့ကို သူတို့ ရွှေဆိုင်ကို ကြော်ငြာမည်ဆိုတာ ဟုတ်သလားဟု လာမေးသည်။ သူက အံ့ဩကာ ဟုတ်တယ်ဆိုတော့





ပျော်ရွှင်စွာ ဟစ်အော်ကာ ပြေးထွက်သွား၏။ သူ ပြောတုန်းက သဘော မတူဟု သူထင်ခဲ့သော သူ့သမီးက ပြောပြခြင်းပဲ ဖြစ်ရမည်။ နောက်တစ်ရက်တွင် ကလေးများသာမက အိမ်နီးချင်းများနှင့် ဆွေမျိုးများပါ သိသွားကာ သူ့ကို မေးကြသည်။ ကလေးတွေကလည်း သူတို့ကျောင်းမှ ဆရာမများကိုပင် ပြောထားလိုက်ကြပြီ။

သူ့မိန်းမနှင့် သူ့ဆွေမျိုးများကလည်း ဒီသတင်း ကြားပြီး ကတည်းက အိမ်ကို အကြောင်းမရှိဘဲ လာလည်ကြသည်။ ဘယ်မင်းသမီးနဲ့ ရိုက်မှာလဲ၊ ခိုင်သင်းကြည်၊ ထက်ထက်မိုးဦး၊ နန္ဒာလှိုင်၊ မေသန်းနု၊ မို့မို့မြင့်အောင်လည်း ကြော်ငြာနေပြီ။ လွင်မိုးနဲ့ မို့မို့မြင့်အောင်ကို တွဲပေးကြ၏။ ဒွေးနဲ့ ထက်ထက် မိုးဦး ဆိုရင်ကော ဆန်းသွားမလား။ ထွန်းအိန္ဒြာဗိုကိုလည်း ကြိုက်ကြပြန်သည်။

ရွှေစင်၊ မောင်ကိန်း၊ ရွှေလီ၊ ပါဝါ၊ ဦးထုံ ထက်ကောင်း

အောင် ရိုက်။ သီချင်းကောင်းကောင်းစပ်နော် စသည်ဖြင့် အကြံဉာဏ်များပေးကာ ထမင်းအိုးကိုလည်း ဝင်တည်ပေးကြ၏။ ငရုပ်သီးကိုလည်း ဝင်ကြိတ်ပေးတတ်ကြသည်။ သူ့ကလေးများအတွက် မုန့်ဝယ်လာသူကလည်း ဝယ်လာ၏။ အမား၊ ဒေါ်ခါတွန်၊ ကမလာ၊ အာဒီးတို့ အိမ်မှာ တပြုံးပြုံး၊ ကမလာကလည်း တပြုံးပြုံး ဖြစ်လာ၏။ တစ်နေ့ အိမ်အသုံးစရိတ်ကလည်း ဧည့်သည်များကြောင့် တစ်ရာ့လေးဆယ်မှ သုံးရာ့ရှစ်ဆယ် ဖြစ်သွား၏။

အခုနေ သူ ကြော်ငြာမထည့်တော့ဟုဆိုလျှင် အာလောကာက သူ့ကို မပေါင်းတော့ပါဟုဆိုကာ အိမ်က ဆင်းသွားလိမ့်မည်ဟုပင် သူ ထင်လာ၏။

အာလောကာကြောင့်ပင် ဈေးထဲမှ ဆိုင်များရှိ မိတ်ဆွေများက သိသွားကာ သူ့ကို အကြံဉာဏ်မျိုးစုံ ပေးကြပြန်သဖြင့် သူပန်းထိမ် မလုပ်နိုင်တော့။ ဆိုင်ကိုလာလျှင် ဟိုဆိုင်ကလှမ်း





ခေါ်၊ ဒီဆိုင် လှမ်းခေါ်သဖြင့် တော်တော်နှင့် သူဆိုင်ကို မရောက်။ ရွှေဆိုင်ကို ကြော်ငြာမည်ဟုပင် ရှိသေးသည်။ သူ့ရွှေဆိုင်သည် တော်တော် လူသိများသွားပြီး လူတိုင်းက အာရုံစိုက်လာသဖြင့် သူရေရာချန်းဒရား အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ ခင်ဇော်ပင် သူ့ထံသို့ ရောက်လာကာ တောင်းပန်ရင်း အကြံဉာဏ်ပေးကာ ကြော်ငြာရိုက်လျှင် သူပါ လိုက်ချင်ကြောင်းဆိုလာပြီ မဟုတ်လား။

မုန့်ဟင်းခါးရောင်းသည့် သန်းထိုက် အကူအညီနှင့်ပင် ကြော်ငြာရိုက်မည့် အဖွဲ့နှင့် တွေ့ကာ ဒါရိုက်တာနှင့် မနက်ဖြန် တွေ့ရတော့မည်။ ထိုနေ့က သူ့ကို အကြံဉာဏ်ပေးသူတွေ တရုန်းရုန်း ကလေးတွေကလည်း ဧည့်သည်တွေများသဖြင့် အော်မရ ဟစ်မရ သောင်းကျန်းကြသည်။ ရွှေကြော်ငြာတွေ လာသည့်အခါ သူရေရာချန်ဒရားက ကုလားထိုင်တွင်ထိုင်ကာ တစ်ခုချင်း ဝေဖန်ရင်း နေသေးသပဆိုသည့် အိုက်တင်ဖြင့်

ရှိသည်။ သူ့စိတ်ထဲမှာ ဘယ်ကြော်ငြာမှ သူ့ဆိုင်ကြော်ငြာ လောက်မကောင်းဟုပင် ထင်နေသည်။

အာလောကာကလည်း အိပ်ရာထဲအထိ စကားတွေ ပြော မဆုံး။ မင်းသမီး၊ မင်းသား ရွေး၍မဆုံး။ သူ့ကိုလည်း အရင် ကထက် ရှိသေကျိုးနွံကာ လေးစားလာ၏။

"အစ်ကို ကြော်ငြာရိုက်ရင် ကျွန်မကိုလည်း ထည့်ရိုက် မယ် မဟုတ်လားဟင်! အငယ်ဆုံးမလေးလည်း ပါမှ ကောင်းမယ် အစ်ကို"

"အေးပါကွာ၊ ငါ ဒါရိုက်တာနဲ့ တွေ့တော့ ပြောပေးမှာ ပေါ့"

ထိုညတွင် သူလည်း အတွေးပလုံစီကာ မိုးလင်းမှပင် မှေးကနဲ အိပ်ပျော်ရ၏။

ဒါရိုက်တာနဲ့ တွေ့ရမည့်နေ့က သူရေရာချန်ဒရားသည်





တစ်ကြိမ်မှ မဝတ်ဖူးသော အင်္ကျီသစ်၊ လုံချည်သစ်တို့နှင့် အဆင်မပြေဖြစ်နေသည့်အပြင် ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်း များကိုပါဝတ်ထားရသဖြင့် အတော့်ကို စိတ်ကျဉ်းကျပ်လျက်ရှိ သည်။

ထိုအစီအစဉ်များက အာလောကာ၏ အစီအစဉ်များပင် ဖြစ်သည်။ နာမည်ကြီး ဒါရိုက်တာနှင့် တွေ့၍ မင်းသား မင်းသမီးများနှင့် စကားပြောရသောအခါ ရွှေဆိုင်ပိုင်ရှင်ဖြစ် သော သူရေရာချန်းဒရားကို အထင်မသေးကြရန်ဟု ဆို၏။ ရွှေဆိုလျှင် ရောင်းရန်အတွက် မှန်ပုံးထဲတွင်သာ ထည့်ထား ခဲ့ဖူးသော သူရေရာချန်ဒရားအဖို့ ပထမဦးဆုံးအကြိမ် ရွှေဝတ်ဖူးခြင်းလည်း ဖြစ်လေသည်။

ပြီးတော့ သူ့ကို ကူညီမည်ဆိုသူများက လီမိတက် ကားအဖြူကလေးနှင့် အိမ်ကို လာခေါ်ကြသည်။ သို့သော် ထိုနေ့က ဒါရိုက်တာကို ရိုက်ကွင်းနှင့် ကုမ္ပဏီများမှာ သွားရှာ

သော်လည်း မတွေ့ခဲ့ရ။ ကူညီသူများက ကြော်ငြာနှင့် ပတ်သက်၍ ရုပ်ရှင်စကားများ သုံးကာ ဝိုင်း အကြံဉာဏ် ပေးကြပြန်၏။ သူ ဘာမှနားမလည်သည့်အတွက် ပြုံးပြုံး ပြုံးပြုံး လုပ်ကာ ထိုလူများအားလုံးကို ပျော်ရွှင်စွာဖြင့် ထမင်းကျွေး၊ ဘီယာ တိုက်ကာ သုံးထောင်ကျော် ထွက်သွားသော်လည်း စိုးစဉ်းမျှ နှမျောခဲ့ခြင်း မရှိ။

အိမ်ပြန်ရောက်တော့ သူ့အိမ်မှာ ဆွေမျိုးနှင့် အိမ်နီးချင်း အတော်စုံကာ သူ့ကို သိလိုသမျှ မေးကြသည်။ သူ့ကို အထင်တကြီး မေးကြသော မျက်နှာများကို နှမြောစွာ၊ သနားစွာဖြင့် ဒါရိုက်တာနှင့် တွေ့ခဲ့သည်ဟု လိမ်ပြောခဲ့သည်။ အာလောကာသည် ထိုနေ့က သူ့ကို နင်းနိုပ်ပင် ပေးလိုက်သေး၏။ ပြောလိုက်သည့်စကား တတွတ်တွတ်နှင့် ပေးလိုက်သည့် အကြံတွေကလည်း မနည်း။

ညကျတော့ တီဗွီကို ဖွင့်ကာ ကြော်ငြာများကိုကြည့်ရင်း





ဝေဖန်ကြ၊ အကြံဉာဏ်ပေးကြပြန်သည်။ ဤသို့ဖြင့် သူရေရာချန်းဒရား၏ ဘဝမှာ တမဟုတ်ခြင်း ပျော်စရာကြီး ဖြစ်လာခဲ့သည်။

ဒုတိယနေ့မှာ ဒါရိုက်တာနှင့် တွေ့ခဲ့ရ၏။ ရိုက်ကွင်းတစ်ခုမှာဖြစ်သည်။ သူနေ့စဉ် တီဗွီဖန်သားပြင်မှာ မြင်နေရသော နန္ဒာလှိုင်ကို သက်ရှိထင်ရှား အရှင်လတ်လတ်ကြီး တွေ့ခဲ့ရ၏။ ပြီးတော့ မင်းသား လွှင်မိုး။

သူတွေ့ချင်နေသော ဒါရိုက်တာက အော်ဟစ်ကာ သင်ပေးနေရင်းမှ အားလုံးတိတ်ပါဟူသော အသံကြီးကြောင့် သူလှမ်းမခေါ်ဝံ့တော့။ ထိုစဉ် နန္ဒာလှိုင်က မျက်တောင်ကို ပုတ်ခတ်၊ ပုတ်ခတ် လုပ်ကာ နှာခေါင်း နီရဲလာပြီး မျက်ရည် ပိုးပိုးပေါက်ပေါက် ကျကာလာ၏။ လက်ထဲမှ လက်ကိုင်ပဝါကို စိတ်လှုပ်ရှားစွာ လုံးချေရင်းက...

"မောင်ရယ်... မြမိုလ်ရဲ့ အချစ်ဟာ မောင်အပေါ်မှာ ဖြူစင်မှု သက်သက်ပါ မောင်... မောင့်ကို မြမိုလ် ချစ်တယ်... ဒါပဲသိတယ်မောင်၊ ဒါပေမယ့်... မောင့်အပေါ် မြမိုလ်ထားခဲ့တဲ့ သစ္စာတရားကို... ဆုံးရှုံးမှုနဲ့ ပြရမယ်ဆိုရင်တော့... အဲဒီ သစ္စာတရားကို မြမိုလ်ငြင်းတယ်... ဒါကြောင့် မြမိုလ်ကို ခွင့်လွှတ်ပါ... ဒါမှမဟုတ် နားလည်ပါ မောင်ရယ်..."

နန္ဒာလှိုင်က မျက်ရည်တွေကျကာ ပြောရင်း မော့ကြည့်သည်။ သို့သော် မော့ကာ ကြည့်သော နေရာတွင် ဘယ်သူမှ မရှိ။ ကင်မရာကြီးသာ ရှိ၏။ မင်းသမီးနံဘေးမှာ မှန်ထိုးသူ သုံးယောက်၊ မိုက်ကရိုဖုန်းကို ဝါးလုံးတပ်ထားသူတစ်ယောက် သူ့အပါအဝင် လူ (၃၀) လောက်က ဝိုင်းကြည့်နေကြသည်။ မင်းသမီးက ကင်မရာကို မျက်ရည်စီးကျနေသော မျက်လုံးများဖြင့် လှည့်ကာ ညိုးလျစွာ ပြုံးပြ၏။ သူ ရှူးချင်သွားသည်။ Cut ဆိုသည့် အသံထွက်လာတော့ ငိုနေသော မင်းသမီးက





စပ်ဖြဲဖြဲ ပြန်ဖြစ်သွား၏။ ရရဲ့လားဟင်ဟု မေးသည်။ မှန်နဲ့ ဘီး ခဏ.... တစ်ရှူးပေပါဖြင့် မျက်ရည်ကို သုတ်၏။ ဒါရိုက်တာနှင့် စကားပြောကာ စာရွက်တစ်ရွက် ယူပြီး အသံထွက်ကာ စာကျက်ပြန်လေသည်။

ဗီဒီယိုရိုက်တာကို ပထမဦးဆုံး မြင်ဖူးသဖြင့် သူ့အတွက် အရာရာ ဆန်းကာနေ၏။ ဒါရိုက်တာနဲ့ စကားပြောရတော့ သီချင်း၊ အဆိုတော်နှင့် ရှူတင်စရိတ်အတွက် (၃) သိန်း ကျမည်။ မင်းသား– (၅) သိန်း၊ မင်းသမီးက (၄) သိန်းဟု ဆိုသဖြင့် မင်းသားကို ဖြုတ်ကာ မင်းသမီးနှင့်ပင် ကျေနပ်လိုက်ရ၏။

"ဆရာ၊ သီချင်းထဲမှာ ကျွန်တော့်နာမည် ပါအောင် ရေးပေးပါ။ ကျွန်တော် ရွှေလောကမှာ ကျင်လည်ခဲ့ကာ သက်တမ်း (၃၁)နှစ်ရှိပြီ ဆိုတာရယ်၊ ရွှေလောကကို ဘယ်လို ဖြတ်သန်းခဲ့တယ်ဆိုတာရယ် ကျွန်တော့်လက်ရာက ဘယ့်

လောက်ကောင်းတယ် ဆိုတာရယ်၊ ပြီးတော့...

"ခဏလေးအနက်ကယ်၊ ဒါတွေအားလုံးသာပါချင်ရင် ဗီဒီယို တစ်ကားသာ ရိုက်လိုက်တော့၊ စက္ကန့် ၃၀ စာ ဆိုတော့ အရေးကြီးတာတွေပဲ ထည့်ပါ။

"ကျွန်တော့်နာမည်ပါပဲ ဆရာ...."

သူ့အိမ်မှာ ပြန်ပြောပြတော့ နားထောင်ကြသည့် သူ့ဆွေမျိုးများက နားမလည်။ သူ့ကို ပြန်မေးကြ၏။ သူကလည်း သူတို့ မေးတာကို နားမလည်။ ဘာပဲဖြစ်ဖြစ် သူ့ဆွေမျိုး၊ သူ့ မိန်းမနှင့် သူ့ကလေးများကတော့ မင်းသမီး၊ မင်းသားများနှင့် အနီးကပ် တွေ့ခွင့်ရကာ စကားပြောဖြစ်သွားသော သူ့ကို အထင်တကြီး တအံ့တသြဖြစ်ကာ လေးစားသွားခဲ့သည်မှာ တော့ အမှန်ပင်ဖြစ်၏။

ဤသို့နှင့် သူရေရာချန်ဒရားသည် ပန်းတိမ်မလုပ်နိုင်





တော့ပြီ။ ဆိုင်ကိုလည်း မကွပ်ကဲနိုင်တော့ ရွှေဈေးနှင့် ရွှေထည်များကိုလည်း မသိတော့၊ ရွှေဆိုင်ကိစ္စ များအားလုံးကို စိုးအောင်နှင့် လွှဲထားလိုက်ရ၏။ မနက်မိုးလင်းသည်နှင့် မင်းသမီး ရက်ချိန်းရဖို့ စရံပေးဖို့၊ ဒါရိုက်တာနှင့် တွေ့ဖို့၊ သီချင်းရေးသူနှင့် တွေ့ဖို့၊ အဆိုတော် ရွေးဖို့ စသည်ဖြင့် ထွက်ရ၏။ အာလောကာကလည်း တီဗွီရိုက်ဖို့ သူနှင့် လိုက် ဖက်သည့် အဝတ်အစားရွေးကာ အလုပ်ရှုပ်လေသည်။ ကလေးတွေအဖို့....သူ့ဖို့။

မနက်မိုးလင်းလျှင် သူ့ကို ကူညီသူတို့ လာခေါ်သော ကားပေါ်တွင် ခေါင်းလိမ်းဆီ ကျော့နေအောင် လိမ်းထားသော သူရေရာချန်ဒရား၏ တက်ကြွဖျက်လတ်သော ကိုယ်လုံးကြီးသည် ပြုံးကာ ပျော်ကာဖြင့် ပါသွားတတ်သည်။

## (ငါး)

"ရွှေဆိုရင် မှန်ကန် အမိကထား၊ ယုံကြည်သင့်တာ... သူရေရာချန်ဒရား...လူတိုင်းအသဲထဲ......စွဲငြိစရာ လှပ လွန်းစွာ......သူရေရာချန်ဒရား......လက်ရာမှာ စိတ်ချထား အရည်အသွေးမှာ စိတ်ချထား.....သူရေရာချန်ဒရား....အား လုံးရဲ့........နှလုံးသားများ အသိပေးလို့ထား.....သူရေရာချန်





ဒရား......အို.... သူ ရေ...ရာ....ချန်....ဒ....ရား"

တီးလုံးအစုံနှင့် သွင်းပြီးသွားသော ထိုသီချင်းကို နားထောင်ရန်အတွက် သူရေရာချန်ဒရား **SONY** ကက်ဆက် တစ်လုံးကို လေးသောင်းနှင့် ဝယ်လိုက်ရ၏။ သီချင်းခွေရလာ သည့်နေ့ကတည်းက တစ်အိမ်လုံး ပွဲတော်တစ်ခုကို ကျင်းပနေ သလား ထင်ရအောင် ဆွေမျိုးများ လာရောက်နားထောင် သဖြင့် တစ်အိမ်လုံး ပြည့်ကာနေ၏။ အာလောကာ၏ မျက်နှာက နွေရာသီမှာ မှည့်သည့် သစ်သီးတစ်လုံးလိုပင်။ သူ့ကလေးတွေကလည်း အော်ဟစ်ကာ ခုန်ပေါက်နေကြ၏။ သွက်လက်မြူးကြွသော သူ့သီချင်းကို ဆွေမျိုးနှင့် အိမ်နီးချင်း တို့က သဘောကျလေသည်။ စက္ကန့်သုံးဆယ်စာ သီချင်းကို အကြိမ်ကိုးဆယ်လောက် ပြန်ရစ်ကာ နားထောင်နေကြ၏။

နောက်ကျ၍ ရောက်လာသော ဆွေမျိုးများနှင့် အိမ်နီး ချင်းတွေကို ပြန်ဖွင့်ပြရသည်ကလည်း အမော။ သူ့သမီးကြီး ဆန်ဒီးမားဆိုလျှင် ခဏ ခဏ ရစ်ရစ်ပေးရသဖြင့် ကက်ဆက်

နားက မခွာတော့။ သူ့ကလေးတွေအားလုံး သီချင်းကို အလွတ်ရကာ လိုက်ဆိုနေကြပြီ ဖြစ်သည်။

သီချင်းရပြီဖြစ်သည့်အတွက် ကြော်ငြာရိုက်ရန်သာ ရှိတော့သည်။ မင်းသမီးအတွက် ငွေပေးပြီးပြီ။ ဒါရိုက်တာနှင့် စက်အဖွဲ့အတွက်လည်း ငွေပေးပြီးပြီ။ သူရေရာချန်ဒရား ဒဂုံမြို့သစ်တွင် ဝယ်ထားခဲ့သော မြေကွက် (၂)ကွက်ကို ရောင်းလိုက်ရ၏။ မင်းသား ဈေးမတတ်နိုင်၍ မင်းသမီးတစ်ဦးထည်းနှင့် ရိုက်မည်။ သီချင်းကိုတော့ သူ သဘောကျနေသည်။ သူရေရာချန်ဒရားဟူသော သူ့အမည်နေရာတွင် အဆွဲအငင် အကောင်းဆုံးဟု ထင်သည်။ အခုမှ သူသည် ဝိန့်စိန်တို့၊ မောင်ကိန်းတို့၊ ဦးထုံတို့နှင့် တစ်တန်းတည်း ဂုဏ်ပုဒ်ရှိသော ရွှေသမားတစ်ယောက် ဖြစ်သွားပြီ မဟုတ်လား။

ဒါရိုက်တာက သူ့ဆိုင်ကို လာကြည့်ကာ နေရာမကောင်းကြောင်း၊ ရိုက်ချက် မလှနိုင်ကြောင်း၊ အလင်းအမှောင်





မကောင်းကြောင်း၊ ဆိုင်က စုတ်နေကြောင်း ပြောသဖြင့် သူ့အုန်းသီး၊ ငှက်ပျောသီးတန်းမှနေ၍ အပြင်လမ်းမတန်းသို့ ထွက်ကာ ဆိုင်ငှားရသည်။ ဆိုင်ကိုလည်း ပြင်ရသည်။ ဆေးသုတ်၊ မှန်ပုံးအသစ်ဝယ်ရသည်။ ဗီရို၊ ရှိုးကေ့စ်နှင့် ရွှေထည်များကို ရိုက်ပြသည့်အခါ ဝယ်သူတွေအားရှိစေရန် ရွှေလေးသိန်းဖိုး ဝယ်ထည့်ရပြန်၏။

ယခုသူ့မှာ ငွေပိုမရှိတော့၊ စုဆောင်းထားသမျှလည်း ကုန်ပြီ။ သို့သော် သူဂရုမစိုက်။ သူ့ဆိုင်ကြော်ငြာပြီးလျှင် လူကြိတ်ကြိတ်တိုး ဝယ်ကြလိမ့်မည်။ ကြော်ငြာအတွက် ကုန်ထားသောငွေကို ခြောက်လအတွင်း ပြန်ရှာနိုင်မည်ဟု သူတွက်ထားသည်။

"ကြော်ငြာကရိုက်ပြီးရင် တီဗွီမှာထည့်ဖို့ ပိုက်ဆံပေးရဦးမယ်ဆို၊ အလကားထည့်ပေးတာ မဟုတ်ဘူးလား"

အာလောကာမေးခွန်းကြောင့် သူစိတ်ညစ်သွားသည်။

ဒါရိုက်တာက ရှင်းပြသွားဟန် တူသည်။ ဆိုကြမယ်၊ ပျော်ကြမယ်မှာထည့်လျှင် စက္ကန့် (၃၀) စာကို လေးသောင်း၊ တရုတ်ကားတွင် ထည့်လျှင် သုံးသောင်းခွဲ၊ 'အရိပ်'တွင် ထည့်လျှင် သုံး သောင်း၊ ဆယ်ရက်ထည့်လျှင်ပင် အနည်းဆုံး ၃ သိန်း၊ တစ်လ ဆိုလျှင် ၉ သိန်း၊ သို့သော် နောက်ဆုတ်စရာ မရှိတော့။

"ဟုတ်တယ် ထိုက်သင့်သရွေ့တော့ ကုန်ရမှာပဲ၊ ဒါတွေစဉ်းစားမနေနဲ့၊ လုပ်စရာရှိတာကို ဆက်လုပ်ရမယ်။ နင်မှတ်ထားဖို့က အခုအချိန်ဟာ ဈေးကွက်စီးပွားရေးစနစ် ဒါပဲ"

ကြော်ငြာစရိုက်ပြီ။ ပန်းခြံတစ်ခုတွင် သီချင်းကို ဖွင့်ကာ ရိုက်ကြ၏။ သူ့မိသားစု၊ သူ့မိတ်ဆွေ၊ အာလောကာမိသားစုနှင့် လိုက်ချင်သည်ဟု လာရောက် စာရင်းပေးထားသူများကို အားလုံးခေါ်ခဲ့ရသဖြင့် ကား ၅ စီး ငှားရသည်။ ရိုက်သည့်နေရာကလည်း တစ်နေရာတည်း မဟုတ်သဖြင့်





ကားကို တစ်နေ့လုံး ငှားထားရသည်။

အာလောကာမှာ အဝါရောင်ကိုယ်ကျပ်အင်္ကျီ၊ အနီရောင်ပန်းပွင့်ကြီးများနှင့် ဆာရီ၊ ရွှေထည်တဝင်းဝင်းနှင့် အညိုမှ အမဲဘက်လုနေသော မျက်နှာပေါ်တွင် မိတ်ကပ်တွေဖွေးနေအောင် လိမ်းထားသေး၏။ အမျိုးတွေကလည်း အစိမ်း၊ အဝါ၊ အနီ၊ လိမ္မော် စသည့် အရောင်စူးစူး အင်္ကျီများနှင့် တပြောင်ပြောင် တလက်လက်၊ ယောကျ်ားများက နှုတ်ခမ်းမွေးများကို သေသပ်စွာ သ,ထားကာ ဆံပင်တွေကို ပြောင်လက်နေအောင် ခေါင်းလိမ်းဆီ လိမ်းထားကြသည်။

သူ့ကလေးများကလည်း ကော်ပတ်ရုပ်ကို ရွှံ့နှင့် ပတ်ထားကြသလိုနှယ်၊ နှုတ်ခမ်းနီတွေဆိုး၊ မိတ်ကပ်တွေလိမ်း၊ ပါးနီတွေခြယ်ကာ ထိန်းမရ။ ပါလာကြသည့် ဆွေမျိုးများကလည်း တစ်ယောက်နှင့် တစ်ယောက် အော်ဟစ် စကားပြောကာ ဘာမှမဟုတ်ပဲ ရယ်ရယ်နေကြသည်။

ကလေးများ ကားပေါ် နေရာလုရင်း ကုတ်ကြဖဲ့ကြသဖြင့် ဆွေမျိုးစု ဆူညံကာသွားကြ၏။ ရိုက်ကွင်းရောက်တော့ အငယ်ဆုံးသမီးက အိပ်ပျော်ကာနေပြီး အလတ်မနှင့် အကြီးမက နှုတ်ခမ်းနီနှင့် မိတ်ကပ် ရောကုန်ကြသဖြင့် သရဲကလေးတွေလို ဖြစ်ကုန်သည်။ အာလောကာကလည်း အငယ်ဆုံးကလေးကို သူပဲချီထားရသဖြင့် မကျေနပ်။ ဆွေမျိုးများကလည်း မင်းသမီးကိုသာ တိုးကြိတ်ကြည့်ဖို့ အာရုံစိုက်နေကြသည်။ အလတ်မ ဖိနပ်နှင့် သူ့ထီးကလည်း ဘယ်နေရာမှာ ချမိသည် မသိတော့၊ ပျောက်သွားပြီ။

ဆာရီရောင် တောက်တောက်နှင့် သူတို့ အမျိုးများက မင်းသမီးနှင့်တွဲကာ ဓာတ်ပုံရိုက်လိုက်ကြသည်မှာ မပြောနှင့်တော့။ ဆာရီများကို မ,ကာ၊ ပင့်ကာ မင်းသမီးနားမှာ တရုံးရုံး လုပ်နေကြသဖြင့် မင်းသမီးမျက်နှာက မဲ့မဲ့လာနေပြီ။ ရိုက်သည့်အခါ ကင်မရာနှင့် မလွတ်၍ ဟိုဘက်တိုးပါ၊ ဒီဘက်ရွှေ့ပေးပါ အော်သည့်အခါဆိုလျှင် တရုံးရုံးနှင့် သူ့အမျိုးများ





အော်ဟစ်ကာ ပြေးလွှားနေကြပုံမှာလည်း စိတ်ပျက်စရာ၊ သူလည်း အော်၍ တား၍ ထိန်း၍မရတော့။ တစ်ကိုယ်လုံး ချွေးတွေရွှဲကာ ငြီးစီစီ ဖြစ်နေပြီ၊ မှန်ထိုးသည့် ကောင်လေး နှစ်ယောက်က "ခွီးပဲ ကုလားကား ရိုက်တာ ကျနေတာပဲ" ဟု မကျေမနပ်ဆဲသံကိုလည်း ကြားလိုက်ရ၏။ ဒါရိုက်တာကလည်း မျက်စိပျက် မျက်နှာပျက်နှင့် ရောက်လာပြီး "ခင်ဗျား အမျိုးတွေကို အဲဒီလောက် သူခေါ်မလာနဲ့ဗျ အလုပ်လုပ်ရတာ မတွင်ကျယ်ဘူး" ဟု ဆို၏။

ဤသို့ အော်သံ၊ ဟစ်သံ၊ ရယ်သံ၊ စကားများသံများနှင့်ပင် အပြင်ရိုက်ကွင်းနေ့ ပြီးသွားခဲ့သည်။ PRADO ကားထဲမှာ အဝတ်သွားလဲသော မင်းသမီးကို သွားချောင်း ကြည့်ကြသဖြင့် ရှင်းလိုက်ရသည့် ပြဿနာမှလွဲ၍ အခြား ဘာပြဿနာမှတော့ ထူးထူးခြားခြား မဖြစ်လိုက်။ အိမ်အပြန်လမ်း ကားပေါ်မှာ သူ့သမီးအကြီးမက တစ်နေ့လုံး အကြိမ်ကြိမ်ဖွင့်ကာ နားငြီးခဲ့

သော ကြော်ငြာသီချင်းကိုဆိုကာ မင်းသမီး သရုပ်ဆောင်သလို လုပ်လာသည်ကို အော်ဟစ်သဘောကျကာ ဆူညံနေကြပြန်၏။

သို့နှင့် သူ့ရွှေဆိုင်ကို ရိုက်မည့်နေ့သို့ ရောက်လာခဲ့သည်။ မင်းသမီးက ကောင်တာတွင်ရပ်ကာ မှန်ဘီရိုအတွင်းမှ ရွှေထည်ပစ္စည်းများကို လျှောက်ကြည့်ကာ ဆွဲကြိုးတစ်ကုံးကို ယူကာ ဝတ်ကြည့်မည် ဖြစ်၏။

ကောင်တာနောက်တွင်ရပ်ကာ ပြုံးပြမည့်လူက လောဆယ်လောက် ဖြစ်နေသည်။ ကလေးတွေကလည်း ပါချင်သည်။ ဒေါ်ပါလူးကလည်း ပါချင်၊ ကမလာကလည်း ရပ်ချင်၊ ဒေါ်ခါတွန်ကလည်း ပြုံးပြချင်၊ အမားကလည်း မင်းသမီးနံဘေးမှာ ရပ်ချင်၊ အာလောကာကလည်း မင်းသမီး လည်တိုင်တွင် ဆွဲကြိုးကို ဝတ်ပေးချင်နှင့် ဖြစ်နေကြသည်။ လူက လျော့လို့ မရ။ ဒီကြားထဲ အငယ်ဆုံး ကလေးမလေးကို ပါမှဖြစ်မည်





ဟုဆိုကာ အာလောကာက ရွှေဆိုင်ကောင်တာပေါ်မှာ မိတ်ကပ်တွေလိမ်းပြီး မျက်လုံးမှာ ကာချယ် မည်းနေအောင်ဆိုးပြီး တင်ထားသေး၏။

နှစ်ဖက်ဆွေမျိုးများသည် ဆာလီများကို တင်းတင်းပတ်ကာ မိတ်ကပ်ဖို့ထားသော မျက်နှာပေါ်မှ နှုတ်ခမ်းနီ ဆိုးထားသော နှုတ်ခမ်းများကို တင်းတင်းစေ့လျက် မည်သူက ဖယ်ခိုင်းသည်ဖြစ်စေ၊ မဖယ်ဟူသော ဆုံးဖြတ်ချက်ဖြင့် တစ်ဖက်နှင့် တစ်ဖက် ရန်စောင်းလျက် ရှိနေကြသည်။

အာလောကာက ရန်တွေ့လည်း မရ၊ သူက တောင်းပန်၍လည်း ဂရုမစိုက်၊ ဒါရိုက်တာက ရှင်းပြ၍လည်း မဖယ်။ မင်းသမီးက မှန်ဘီရိုထဲမှ ရွှေများကို လမ်းလျှောက်ပြီး ကြည့်သည့်အခါ သူတို့မျက်နှာများပါရေး ဟူသော မဟာအခွင့်အရေးကြီးအတွက် ကုလားလုံရော၊ မြန်မာလိုပါ စကားများပွဲကြီးကို ဆင်နွှဲလျက်ရှိသည်။

ရေမွှေးနံ့ကလည်း စူးရှကာ နေကလည်း ပူလာပြီ။ မင်းသမီးက စိတ်ညစ်၊ စိတ်ဆိုးကာ ကားထဲ ပြန်ဝင်ထိုင်နေ၏။ ဒါရိုက်တာကြီးလည်း စိတ်ညစ်နေပြီ။ အမေနှင့် အဒေါ်တွေ ရန်ဖြစ်ကြသဖြင့် အငယ်မလေးက ကြောက်လန့်ကာ ငိုပြန်သည်။

သူ့ရေရာချန်ဒရားလည်း ဟိုဘက်၊ ဒီဘက် ပြေးချော့၊ ဟောက်သင့်သည့်လူကို ဟောက်၊ ကလေးကို ကောက်ချီ၊ မင်းသမီးကို တောင်းပန်၊ ဒါရိုက်တာထံမှ အကြံဉာဏ်တောင်းရနှင့် ချွေးပြန်ကာ ဆံပင်လှိုင်းတွန့်တို့ ဖရိုဖရဲဖြစ်ကာ ဘာတစ်ခုမှ မအောင်မမြင် ရှိလေသည်။

ဈေးထဲမှ လာကြည့်ကြသော ပရိသတ်များကလည်း ကြော်ငြာရိုက်သည့် မင်းသမီးကို မတွေ့ရဘဲ ရွှေတွေ တဝင်းဝင်း၊ ဆာရီတပြောင်ပြောင်နှင့် အချင်းချင်း ကုတ်ကြ၊ ဖဲ့ကြ မတတ် ရန်စောင်းလျက်ရှိသော သူ့အမျိုးများကိုသာ ကြောင်





တတ်တတ်ကြည့်ကာ ရယ်ကြကုန်၏။

နှာခေါင်းချွန်ချွန် မိတ်ကပ်များများ၊ နှုတ်ခမ်းနီ ရဲရဲ၊ မျက်ဝန်းကာချယ် နက်နက်၊ ချွေးထွက်၍ မိတ်ကပ်များ ပျက်လုလု ဖြစ်နေသော သူ့အမျိုးနှင့် အာလောကာအမျိုးများ၏ ဒေါသမျက်နှာများသည် ဘာကိုမှ ဂရုမစိုက်တော့ဟန်ဖြင့် တစ်ယောက်တစ်ခွန်း အော်ဟစ်ရန်တွေ့စ ပြုလာ၏။

နောက်ဆုံး ဒါရိုက်တာက မရိုက်တော့ဟု ဆိုကာ ပြန်မည်လုပ်သည်။ သူ့ ဟိုအမျိုးဆွဲ၊ ဒီအမျိုးဟောက်ရင်း ကလေးကို အာလောကာလက်ထဲ ထိုးထည့်ကာ တောင်းပန်ပြီး ပြန်ခေါ်လာ၏။ ကင်မရာမင်းနှင့် မှန်ထိုးသည့် ကောင်ကလေးတွေက ငုတ်တုတ်ထိုင်ပြီး ရယ်၍သာ နေကြလေသည်။

ဒါရိုက်တာ ပြန်တော့မယ်ဆိုတော့မှ လန့်ဖြန့်ကာ သူ့အမျိုး သုံးယောက်၊ အာလောကာအမျိုး နှစ်ယောက်၊ သူ၊

အာလောကာနှင့် ကလေးနှစ်ယောက်တို့ ကောင်တာနောက်တွင် တန်းစီ၍ ရပ်ကြသည်။ ကင်မရာဖြင့် မင်းသမီးမျက်နှာမှ သူတို့မျက်နှာများကို ရိုက်သည့်အခါ သူ့မိန်းမ အာလောကာမှာ ကြိုးစားပြီး ပြုံးသော်လည်း ရှက်ခြင်း၊ စိတ်လှုပ်ရှားနေခြင်း၊ ဒေါသထွက်ရခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့် ပြုံးသည်နှင့် မတူတော့ဘဲ စိတ်ပျက်စရာ မျက်နှာပေး ဖြစ်နေသဖြင့် အကြိမ်ကြိမ် ပြန်ရိုက်ကြရသည်။ မီးထိုးသဖြင့် သူလည်း မနေတတ်ဖြစ်ကာ မျက်နှာမှဲ့၍ မျက်လုံးများ ပြာ၍နေသည်။ သည်ကြားထဲ မီးထိုးသည်ကို ကြောက်လန့်ကာ အငယ်ဆုံးကလေးက အော်ငိုပြန်သည်။ ချော့၍ မရ။

ဒါရိုက်တာက မထည့်တော့ဟု တားသည်။ အာလောကာက ချော့ကာ ရအောင်ထည့်ဖို့ ကြိုးစားနေ၏။ ကလေးကလည်း အငိုမတိတ်။ ဟစ်၍သာ အော်နေသည်။ ခက်ပြီ။ ဆွေမျိုးစု တစ်ယောက်တစ်လှည့်ချော့သော်လည်း အငိုက





မတိတ်။ နောက်ဆုံး ကြံတစ်ချောင်းဝယ်ပေးလိုက်မှ တိတ်သွားသည်။

သူရေရာချန်ဒရားက ကလေးကိုချီ၊ ကမလာကဟိုဘက်က ပြုံး၊ အာလောကာက ဆွဲကြိုးထုတ်ပြ၊ ထိုအချိန်တွင် သူချီထားသော ကလေးလက်မှ ကြံက ပြုတ်ကျကာ မှန်ကောင်တာပေါ်ကျပြီး မှန်ကွဲသွားသည်။ မင်းသမီး လန့်ဖြန့်ကာ ရှောင်သော်လည်း မှန်ကွဲစက လက်ကို ခြစ်ရှမိသွားသည်။ မင်းသမီးမျက်နှာ အကြီးအကျယ် ပျက်ကာ နေပြီ။ ဒါရိုက်တာက...

"ဒီကလေးကို မထည့်လို့ မရဘူးလား၊ ကလေးက လုံးဝပြဿနာဖြစ်နေပြီ၊ မှန်လည်း ကွဲပြီ၊ ဒီနေရာ ရိုက်လို့မရတော့ဘူး။ ဒီကဒ်ကို မရိုက်နဲ့တော့ဗျာ၊ ဖြုတ်ပစ်လိုက်တော့"

ဒါရိုက်တာ၏ ဒေါသသံဆုံးတော့ အာလောကာက ဒါရိုက်တာကို ရန်တွေ့သည်။

"ဆရာနော်၊ ကျွန်မရော ကလေးပါပါမှကို ဖြစ်မယ်၊ အားလုံးကို ပါမယ်လို့ ပြောထားပြီးသား၊ ကျွန်မတို့နော် ငွေတွေ အများကြီး ကုန်ထားတယ်။ ကျွန်မလည်းပါမှ ဖြစ်မယ်၊ ကျွန်မညီမလည်း ပါမှ။ မရရင် မရိုက်ဘူး"

"အေး မရိုက်နဲ့ ကျုပ်လည်း မရိုက်တော့ဘူး၊ ဒီလောက် ဆိုးဝါးတဲ့ လူတွေနဲ့ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ မရိုက်တော့ဘူး"

"မရိုက်လို့ ရမလား၊ ပိုက်ဆံယူထားရင် ရိုက်ရမယ်"

သူရေရာချန်ဒရား စိတ်မထိန်းနိုင်တော့ပြီ။ သူ့မိန်းမအား ဒါရိုက်တာကို ပြန်အော်ရမလားဟု ဒေါသထွက်ကာ ပါးကို ရိုက်၏။ သူ့မိန်းမ ပြန်၍ကုတ်သည်။ သူ့မိန်းမ၏ မောင်က သူ့ကို ဝင်ထိုးသည်။ သူကလည်း ပြန်၍ထိုးသည်။ နဂိုကတည်းက ရန်စောင်းနေကြသော နှစ်ဖက်ဆွေမျိုးများကလည်း ထိန်းမရတော့ဘဲ အော်ဟစ်ကာ ရန်ဖြစ်ကြရင်း နပန်းလုံးသူ လုံး၊ ကုတ်ဖဲ့သူ ကုတ်ဖဲ့၊ မှန်ပုံးနှင့် ပေါက်သူပေါက်





ရှုပ်ထွေးကုန်ကြ၏။

နောက်ဆုံးတွင် သူရေရာချန်ဒရား စိတ်ကို မထိန်းနိုင်တော့ဘဲ ကြုံးအော်ဟစ်ရင်းက ဒေါသကို အစွမ်းကုန်ပေါက်ကွဲကာ ပန်းတိမ်ခုံပေါ်မှာ တွေ့ရသည့် မီးဂေါက်ဖြင့် မှန်ပုံများကို ရိုက်ခွဲပစ်လိုက်လေသည်။

"အဲဒါ... ကြော်ငြာပဲကွ... ကြော်ငြာပဲ၊ ကဲ...ကဲ... ပါချင်ကြဦး ရိုက်ချင်ကြဦး"

သူရေရာချန်ဒရား ခေါင်းမှာ သွေးတွေ ရွှဲနေလေပြီ။ မှန်ဘီရိုထဲမှ ရွှေတွေလည်း ပြန့်ကျဲကာ ကျကုန်၏။ ဒါရိုက်တာနှင့်အဖွဲ့လည်း ရှောင်တိမ်း၍မရ။ မင်းသမီးလက်မောင်းမှာလည်း အတော်နာသွားသည်။ ဖိုးဖိုက်စစ် ကင်မရာတစ်လုံး ကွဲ၏။ ကမ္ဘာပျက်သည့်အလား ဆူညံကာ ဝရုန်းသုန်းကား ဖြစ်ကုန်ကြလေသည်။

❀ ❀ ❀ ❀ ❀

## (ခြောက်)

ဖိုးဖိုကစ်စ် ကင်မရာတစ်လုံးဖိုး လျော့လိုက်ရသည်။ ရွှေဆိုင်ကိုလည်း ပိတ်လိုက်ရ၏။ ပျောက်လိုက်သည့်ရွှေတွေကလည်း မနည်း။ သူရေရာချန်ဒရားလည်း ခေါင်းကွဲသည့် ဒဏ်ရာကြောင့် ဆေးရုံတက်လိုက်ရသည်။ ခေါင်းကွဲသွားသော၊ မျက်နှာ မှန်စိုက်ကုန်ကြသော အာလောကာအမျိုးများ





က တရားစွဲထားကြသေးသည်။ သူကလည်း ပိုင်နက် ကျူးလွန်မှုဖြင့် တရားစွဲထား၏။ အာလောကာကတော့ ကလေးများကို ခေါ်ကာ အိမ်ပေါ်မှ ဆင်းသွားပြီ ဖြစ်လေသည်။

ကြော်ငြာက ဆက်မရိုက်ဖြစ်တော့။ ဒါရိုက်တာနှင့် မင်းသမီးကို ပေးပြီးသား ငွေလည်း ပြန်မရတော့၊ သူရေရာချန်ဒရား အိမ်ကိုလည်း ရောင်းလိုက်ရသည်။ လျော်စရာ အမှုအတွက် ကုန်စရာ ငွေများကြောင့် အိမ်ကိုရောင်းလိုက်ရသည်။ သူ့မိန်းမကလည်း သူ့ကို ပြန်မပေါင်းဘဲ ကလေးစရိတ်တောင်းလျက် ရှိသည်။ သူကတော့ သူငယ်ချင်းတစ်ယောက်ဆိုင်မှာ လက်ခစား ပန်းတိမ်ဆရာလုပ်ကာ မပြီးပြတ်သေးသော သူ့အမှုကို ရင်ဆိုင်လျက် ရှိသည်။

သင်္ဃန်းကျွန်းဈေးကြီးတစ်ဈေးလုံးမှာ သူရေရာချန်ဒရား၏ ရွှေဆိုင်သည် နာမည်ကြီး ဟိုးဟိုးကျော်သွား၏။ ထက်ထက်မိုးဦး၏ ရွှေလီ ရွှေဆိုင်ကြော်ငြာအသစ် လာတော့

ထက်ထက်မိုးဦးအကြောင်းပြောရင်း ဈေးထဲမှာ သူရေရာချန် ဒရား၏ရွှေဆိုင်ကြော်ငြာကို ပြောပြကြသေးသည်။ ရွှေဆိုင်နာမည်ကြီးသွားသော်လည်း ထိုရွှေဆိုင်မှာ မရှိတော့။

ညနေက မိုးရွာခဲ့သဖြင့် ဒဂုံမြို့သစ်တောင်ပိုင်းအတွင်း လမ်းများပေါ်ရှိ ရေအိုင်ငယ်ကလေးတစ်ခုစီတွင် လမင်းက ဝင်လျက်ရှိသည်။ ထိုလမင်းဝင်နေသော ရေအိုင်ကလေးများကို နင်းကာ လျှောက်လာသော အမူးသမားတစ်ယောက် ည(၁၀) နာရီလောက်တွင် ပြန်လာလေ့ရှိသည်။ ထိုအမူးသမားကို လူတိုင်းကသိသည်။ အဘယ့်ကြောင့်ဆိုသော် သူမူးတိုင်းဆိုလေ့ရှိသည့် သီချင်းကို မည်သူမှ မသိသောကြောင့်ပင် ဖြစ်လေသည်။

"ရွှေဆိုရင် မှန်ကန်အဓိကထား…သူရေရာချန်ဒရား… လူတိုင်းသည်းထဲ…စွဲငြိစရာ…လှပလွန်းစွာ…သူရေရာချန် ဒရား….လက်ရာဆို စိတ်ချထား… အရည်အသွေးမှာ





စိတ်ချထား.. သူရေရာချန်ဒရား.. အားလုံးရဲ့နှလုံးသားများ… အသိပေးလို့ထား… သူရေရာချန်ဒရား…အို…ဟို…ဟို.. သူရေ…ရာ…ချန် ဒရား"

နီကိုရဲ